www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

# တာတေ စီစဉ်သည့် ပဉ္စလက်မှော်


တာတေ

မင်းဘုန်းသိမ့်သူ

မောင်မောင်မိုးအောင်

ဘိုးသာဒင်

စိုးမိုးနိုင်



BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

တ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
အုပ်ချုပ် - ဦးမျိုးကြီး၊ မေတ္တာပန်း စာအုပ်ချုပ်လုပ်ငန်း
န်ပျူတာ - ဇာနည်မော်၊ ယမုံစိုး
အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၇ - ခုနှစ်၊ မတ်
တန်ဖိုး - ၅၀၀ - ကျပ်

န့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၁၇၁၁၃၈၃၊ ၀၉၄ ၂၀၈၆၃၈၄




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

ပဥ္စလက်မှော်
တာတေ ....................................... ၅
ညောင်ပင်ပေါ်က တစ္ဆေသုံးကောင်
မင်းဘုန်းသိခ်သူ ....................................... ၃၉
ဝိညာဥ်ချစ်သူ
မောင်မောင်မိုးအောင် ....................................... ၇၉
အောက်ဇရပ်စခန်းက တစ္ဆေကြီး
ဘိုးသာဒင် ....................................... ၁၀၉
ထူးဆန်းသော ပန်းချီကား
စိုးမိ.နိုင် ....................................... ၁၃၅

BURMESE CLASSIC .com





# ပဥ္စလက်မှော်

ဘိုးလူပေ လာခေါ်လို့ ကျုပ်လိုက်ခဲ့တာဗျ။ မြစ်ဝကျွန်း
ပေါ်က မြို့ကလေးတစ်မြို့ကို ကျုပ်တို့ ရောက်တို့ရောက်လာ
ခဲ့တယ်။ ရောဝတီသင်္ဘောကြီးစီးပြီး ရန်ကုန်ကတဆင့်

အရှေ့ဘက်ကျောင်းကင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရတာဗျ။ ဘိုးလူပေကို လာပြီးပင့်တာက အဲဒီမြို့ကလေးမှာ နေတဲ့ ဘိုးလူပေရဲ့မိတ်ဆွေ ဦးဘဝင်းတဲ့ဗျ။

ဦးဘဝင်းကလည်း ဆရာပဲဗျ။ ဘိုးလူပေကို မွေးစားတဲ့ ပထမဆရာပွားကြီး ထွက်ရပ်မကြွခင်တုန်းက ဆရာပွားကြီးဆီမှာ တပည့်ခံခဲ့တဲ့သူတဲ့ဗျ။ ဒီနယ်မှာတော့ ဆရာဦးဘဝင်းကလည်း လွှတ်ကျော်ကြားတဲ့ ဆရာပဲဗျ။ ဘိုးလူပေက ဆရာဦးဘဝင်းကို အစ်ကိုလို့ ခေါ်တာဗျ။

ဒါပေမဲ့ အခုကြုံရတဲ့ ပြဿနာကို ဆရာဦးဘဝင်း ဘယ်လိုမှ မရှင်းနိုင်ဘူးတဲ့ဗျို့။ သူ့ဆရာ ပထမ ဆရာပွားကြီးကို ပွဲပေးပြီး လျှောက်ထားတော့ အိပ်မက်ထဲမှာ ဆရာပွားကြီး ကြွလာသတဲ့ဗျ။

"မောင်ဘဝင်း၊ ဒီကိစ္စကို မင်းမနိုင်ဘူး၊ မင်းမလုပ်နဲ့၊ ငါ့သားမောင်လူပေကို တွေ့အောင်ရှာပြီး ပင့်ပေတော့"

လို့ အမိန့်ရှိတာနဲ့ ဆရာဦးဘဝင်းက ဘိုးလူပေကို လိုက်ရှာပြီး ပင့်ရတာတဲ့ဗျာ။ ဘိုးလူပေက ဆရာဦးဘဝင်းကို အကျိုးအကြောင်း မေးကြည့်ပြီး...

"ဒီကိစ္စက သိပ်ပြီးလွယ်မယ်မထင်ဘူး အစ်ကိုဘဝင်း၊ ကျုပ်တပည့် မောင်တာဘကို အကူအညီခေါ်မှ ဖြစ်မယ်ဗျ၊ အစ်ကိုဘဝင်းတို့ ကျုပ်တို့က ဆရာတွေဆိုတော့ မျက်ကွင်းဆေးကွင်းခွင့် မရှိဘူးမို့လား၊ တခြားအကူအညီလည်း လိုချင်လို့မှာဗျ"

လို့ ပြောပြီး ဘိုးလူပေ ကျုပ်ကို လာခေါ်တာတဲ့ဗျို့။ ဆရာဦးဘဝင်းက ရန်ကုန်က စောင့်တယ်။ ကျုပ်တို့ ဆင်းလာတော့မှ ရန်ကုန်မှာဆုံပြီး ဧရာဝတီသင်္ဘောနဲ့ ခေါ်လာတာဗျ။

သင်္ဘောက ချောင်းကျယ်ကြီးထဲ ရောက်သွားလိုက်၊ ချောင်းကျဉ်းထဲ ဝင်လိုက်နဲ့ တစ်ညလုံး မောင်းတာဗျို့။ သင်္ဘောပေါ်မှာလည်း လူတွေမှ ပြည့်လို့ဗျ။

နှစ်ထပ်သင်္ဘောကြီးရဲ့ အပေါ်ထပ်ရော အောက်ထပ်ရောမှာ ခရီးသည်တွေက အိပ်ရာတွေခင်းပြီး အိပ်လို့ဗျ။ ကျုပ်တို့ကတော့ ဆရာဦးဘဝင်းရဲ့ အစီအစဉ်နဲ့ အပေါ်ထပ်က အထူးခန်းမှာ နေရာရတယ်ဗျ။ ကုတင်လေးတွေနဲ့ အိပ်ရတယ်။ အထူးခန်းမှာက သီးသန့်အိမ်သာပါတယ်။

မနက်ဝေလီဝေလင်းမှာ မြို့ကလေးကို သင်္ဘောဆိုက်တယ်။ ဒီမြို့လေးမှာက ကားမရှိဘူးဗျ။ မြင်းလှည်းတွေ ဘာ-ခတွေလည်း မရှိဘူး။ ဆိုက်ကားပဲ ရှိတာ။

ဆရာဦးဘဝင်းက ဘိုးလူပေကို ဆိုက်ကားနဲ့ ပင့်တယ်။ ဆရာဦးဘဝင်းရဲ့အိမ်က နှစ်ထပ်အိမ်ဗျ။ အောက်က တိုက်ခံ၊







www.burmeseclassic.com

www.burmeseclassic.com



အပေါ်က သစ်သားပေါ့ဗျာ။ ဆရာဦးဝင်းက အသက်ခြောက်ဆယ်လောက်ရှိပြီ။ သားသမီး မထွန်းကားခဲ့တော့ သူ့ဇနီးနဲ့ သူပဲ ရှိတာဗျ။ ဆရာဦးဘဝင်းရဲ့ ဇနီးက ဒေါ်အုန်းမေတဲ့။ သူလည်း အသက်ခြောက်ဆယ်လောက်ပဲဗျ။

မြစ်ဝကျွန်းပေါ်က ငါး၊ ပုစွန် ပေါပြီး ငံပြာရည်လည်း အကောင်းစားထွက်တော့ မုန့်ဟင်းခါး လွှတ်ကောင်းတာဗျ။ မိုးလင်းတာနဲ့ ဆရာဦးဘဝင်းက ကြွေရည်သုတ်ချိုင့်တစ်လုံးဆွဲပြီး မုန့်ဟင်းခါး ထွက်ဝယ်ကျွေးတော့တာဗျို့။ မုန့်ဟင်းခါးထဲမှာ ပဲကြော်ရော၊ ငါးဖယ်ကြော်ရော၊ ငါးသလောက်ဥကြော်ပါ ထည့်ကျွေးတာဗျာ။ ကျုပ်ဆိုတာ နှစ်ပွဲကို စားပစ်လိုက်တာဗျို့။

မုန့်ဟင်းခါးနှစ်ပွဲ စားပြီးတော့ နဂါးဆေးပေါ့လိပ်ကလေး ထုတ်ပြီး မီးညှိလိုက်တယ်။

"မောင်တာတေက နဂါးဆေးပေါ့လိပ် ကြိုက်တယ်ထင်တယ်"

"ဟုတ်တယ် ဆရာ၊ ကျုပ်က နဂါးပဲ သောက်နေကျဆိုတော့ တခြားတံဆိပ် ပြောင်းသောက်လို့ မရဘူးဗျ"

ဆရာဦးဘဝင်းက ကျုပ်ကို ပြုံးပြီးမေးတာဗျ။

"ဟုတ်တယ် မောင်တာတေရဲ့၊ ဆေးလိပ်ဆိုတာက





လည်း ကိုယ်သောက်နေကျ တံဆိပ်ပဲ သောက်လို့ရတာကွဲ့၊ ဆေးစပ်ပြောင်းလိုက်ရင် ချောင်းဆိုးရောကွဲ့၊ ကျုပ်လည်း အဘဆရာ ပွားကြီးဆီမှာ ပညာယူတုန်းကဆိုရင် နဂါးပဲ သောက်ခဲ့တာ၊ ပခုက္ကူမှာက ဆေးလိပ်ကို စုံလို့၊ ဒါပေမဲ့ ကျုပ်က နဂါးပဲ သောက်ခဲ့တာ"

"အစ်ကိုဘဝင်းကို ပြောရဦးမယ်၊ ဟောဒီမောင်တာတေက ကျုပ်နဲ့ မတွေ့ခင်ကတည်းက အစ်ကိုနှံ့ဖနဲ့ တွေ့တာဗျ"

"ဟော...ဟုတ်လား မောင်တာတေ၊ အစ်ကိုနှံ့ဖဆိုတော့ ကျုပ်တို့ ဆရာတူ တပည့်တွေထဲမှာ အကြီးဆုံးပဲကွဲ့၊ ကျုပ်တို့ အားလုံးရဲ့ အစ်ကိုကြီးလို နေလာတာ မောင်တာတေရဲ့၊ နို့ မောင်တာတေ ဆရာနှံ့ဖနဲ့ ခုလိုပဲ လိုက်ဖူးတယ်ပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ကျုပ် လိုက်ဖူးပါတယ်၊ ဆရာနှံ့ဖရဲ့ ဆရာကြီး ဒေါက်တာမင်းအောင်နဲ့တောင် လိုက်ဖူးပါတယ်၊ ဆရာနှံ့ဖလည်းပါတယ် ဆရာ"

"ဟော...ဒေါက်တာမင်းအောင် ဟုတ်လား၊ ဟာ...အားကြီးပညာထက်တယ်ဆိုပဲ၊ ကျုပ်တို့ကတော့ ကြားဖူးရုံပဲ ရှိတာပါ၊ ကြည့်စမ်းကွယ်၊ မောင်တာတေက ပါရမီခံကောင်းလိုက်တာ၊ တကယ့်ဆရာကြီးတွေနဲ့ချည်း တွေ့ရတာပါလား"



www.burmeseclassic.com

Thursday, February 23, 2017 5:50:41 PM

www.burmeseclassic.com



"ဟုတ်တယ် ဆရာရဲ့၊ ကျုပ်က ဆရာအိုတို့ ဆရာညိုတို့နဲ့လည်း လိုက်ခဲ့ဖူးတယ်"

"အို…တယ်လည်း နှံ့စပ်တဲ့ သူငယ်ပေပဲကွယ်"

ဆရာဦးဘဝင်းက ကျုပ်ကို အံ့ဩချီးမွမ်းနေတာကို ဘိုးလူပေက ပြုံးပြီးနားထောင်နေတာဗျ။

"နေပါဦးဗျ၊ အစ်ကိုဘဝင်းရဲ့ ဟိုသူငယ်မကိစ္စ ပြောပါဦး"

ဘိုးလူပေက လာရင်းကိစ္စဖြစ်တဲ့ ဆေးကုပေးရမယ့်လူနာအကြောင်းကို မေးတာဗျ။

"ဒီလိုဗျ၊ ကိုလူပေရဲ့၊ ကလေးမလေးက ဒီရဲ့အနောက်ထဲမှာ နေတာ၊ အေးရိပ်သာရပ်ကွက်လို့ ခေါ်တယ်၊ သစ်ကြီးဝါးကြီးတွေ အများကြီးရှိလို့ မှိုင်းညို့နေတဲ့ အရပ်ဗျ။ ဝိုင်းတွေကလည်း အကျယ်သားဗျ။ အဲဒီအေးရိပ်သာရပ်ကွက်ရဲ့ ဟိုဘက်အစွန်ဆုံးမှာ တိုက်အိမ်ဟောင်းကြီးတစ်လုံး ရှိတယ်၊ ထီးထီးကြီးဗျာ။ ဒီဘက်က အေးရိပ်သာရပ်ကွက်နဲ့ဆိုရင် တော်တော်လေး လှမ်းသေးတယ်၊ ကြားထဲမှာ လူနေအိမ် မရှိဘူး၊ ချုံတွေ၊ တောတွေပဲရှိတယ်၊ ဝါးတောတွေ ရှိတယ်၊ အဲဒီတိုက်ဟောင်းကြီးက ခြံဝင်းအကျယ်ကြီးထဲမှာ ရှိတာဗျ။ ခြံဝင်းထဲမှာတော့ သီးပင်၊ ပန်းပင်





တွေမှ စုံလို့ပါဗျာ၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ သရဖီ၊ သရက်၊ မာလကာ၊ မရမ်း၊ ပိန္နဲ၊ ကြက်မောက်ပင်တွေ စုံလို့ဗျ"

"နို့…အဲဒီမှာနေတဲ့ မိသားစုက ဘယ်သူတွေတုံးဗျ"

"ဟာ…လူမနေဘူး ကိုလူပေရဲ့၊ တိုက်ကြီးက ဟောင်းနွမ်းပြီး မဲမဲကြုတ်ကြုတ်ကြီး ဖြစ်နေတာ"

"အို ဒါဆိုရင် သစ်သီးဝလံတွေကို ခူးချင်တဲ့လူက ဝင်ခူးရောပေါ့ အစ်ကိုဘဝင်းရဲ့"

"ဘယ်သူမှ မခူးဝံ့ပါဘူးဗျာ၊ ခူးဖို့နေနေသာသာ ခြံဝင်းကြီးထဲကို ဝင်ရဲတဲ့လူတောင် ဟောဒီမြို့မှာ တစ်ယောက်မှ မရှိဘူးဗျ"

"ဟင်…ဘယ်လိုကြောင့်တုံး၊ အစ်ကိုဘဝင်းရဲ့"

"တစ်မြို့လုံးကလူတွေ ပြောတာကတော့ အဲဒီတိုက်ကြီးနဲ့ ခြံဝင်းကြီးထဲမှာ သရဲ ရှိသလိုလို၊ ဥစ္စာစောင့် ရှိသလိုလိုပေါ့ဗျာ၊ မယုံလို့ ခြံထဲဖွတ်ဝင်ပြီး ခူးတဲ့ဆွတ်တဲ့သူတွေဆိုရင် နေ့ခင်းကြောင်တောင်မှာတောင် 'ဖုန်း၊ ဒိုင်း' နဲ့ အရိုက်ခံရလို့ အမောဆို့မတတ် ပြေးကြရတာဗျ။ နောက်တော့လည်း ဘယ်သူမှ ချုံထဲမဝင်ရဲတော့ပါဘူးဗျာ။ ခုတော့ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ တော်ရုံလူအနားတော့ မကပ်ရဲတော့ပါဘူးဗျာ။ ခက်တာက အဲဒီတိုက်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကြီးရဲ့ ဟိုဘက်မှာက တောကြီးဗျ။ ဒီမြို့ကလူတွေ ထင်းခွေ ဝါးခုတ် လျှော်ဆုတ်လုပ်ကြတဲ့ တောပေါ့ဗျာ။ အဲဒီတောကြီးထဲ ဝင်ပြီး ထင်းခုတ်ကြ၊ မြို့ထဲမှာ လိုက်ရောင်းကြပေါ့ဗျာ။ မိုးဦး ကျချိန်ဆိုရင်တော့ မှိုနှုတ်၊ မျှစ်ချိုး လုပ်ကြတယ်ဗျ။ သားကောင် ကြီးကြီးတော့ မရှိပါဘူးဗျာ။ ယုန်တော့ ရှိတယ်။ တောကြောင် ရှိတယ်။ တစ်ခါတလေ တောဝက်ကလေးဘာလေး ရတတ်တယ်။ မြို့ထဲက အမဲပစ်ဝါသနာပါတဲ့သူတွေကလည်း အဲဒီတောထဲဝင်ပြီး ယုန်လေးဘာလေး ပစ်ကြတာပေါ့ဗျာ။

"နေပါဦး အစ်ကိုဘဝင်းရဲ့၊ စောစောကပြောတဲ့ တိုက် ကြီးမှာ လူမနေတာ ကြာပြီလားဗျ"

"ခုနစ်နှစ်၊ ရှစ်နှစ်လောက် ရှိပြီဗျ၊ အဲဒီမတိုင်ခင်ကတော့ ရှမ်းလိုလို လူတစ်ယောက် နေတယ်၊ ဘယ်ကရောက်လာတဲ့လူလဲ မသိဘူးဗျ၊ အဲဒီအိမ်ကြီးမှာ တက်နေတာပဲ၊ သူရှိတုန်းကတော့ ခြံဝင်းကို အမြဲရှင်းလင်းထားတာ။ မြို့ထဲကလူတွေက အဲဒီ ကတည်းက ဒီခြံကြီးထဲကို မဝင်ရဲကြတာဗျ"

"ဟင်…ဘာဖြစ်လို့တုံး အစ်ကိုဘဝင်းရဲ့"

"အဲဒီရှမ်းလိုလိုလူကလည်း တစ်မြို့လုံးက လူတွေနဲ့ အသိအကျွမ်း မလုပ်ဘူး၊ ခြံတံခါးပိတ်ပြီး အိမ်ကြီးထဲမှာပဲ နေတာ





များတယ်၊ ပြီးတော့ ထူးဆန်းတာက ခြံထဲက အပင်တိုင်းမှာ မြွေကြီးတွေ ရစ်ပတ်နေတာတဲ့ဗျို့။ မြွေတွေမှ အများကြီးဆိုပဲ။ ဒီတော့ ခြံထဲဝင်ဖို့ နေနေသာသာ ခြံဝမှာတောင် ကြာကြာမရပ်ရဲ ဘူးဗျ။ အဲဒီလူပျောက်သွားတာ ခုဆိုရင် ခုနစ်နှစ်၊ ရှစ်နှစ် ရှိပြီဗျ။ ဒီလူပျောက်သွားတာနဲ့ ခြံထဲက မြွေတွေလည်း ပျောက်သွားရောဗျ၊ ဒါပေမဲ့ အခုဟာက မြွေထက်ဆိုးတဲ့ သရဲလား၊ ဥစ္စာစောင့်လား မသိတဲ့ဟာက ခြံထဲဝင်ရင် ရိုက်ချည့်လွှတ်တာဗျ"

"နို့ နေပါဦး အစ်ကိုဘဝင်းရဲ့၊ ကျုပ် ဆေးကုပေးရမယ့် သူငယ်မနဲ့ ဒီတိုက်ကြီးနဲ့က ဘယ်လိုပတ်သက်လို့တုံး"

"ဒီလိုဗျ ကိုလူပေရဲ့၊ ကလေးမလေးရဲ့ နာမည်က မစံပယ် လို့ ခေါ်တယ်ဗျ၊ အသက်က အစိတ်လောက်ပဲ ရှိသေးတယ်။ ကလေးမလေးရဲ့ မိဘများက ဝါးထရံတွေ၊ တောင်းတွေ၊ ခြင်းတွေ ယက်တဲ့အလုပ် လုပ်ကြတယ်။ ကလေးမလေးကတော့ အိမ်မှာပဲ အမေနဲ့ ကူညီညာ ချက်ပြုတ်ပေးပေါ့ဗျာ၊ အားတဲ့အချိန်မှာ အဖေ၊ အမေတွေနဲ့ ထရံတွေယက်၊ တောင်းတွေယက်ပေါ့ဗျာ။ တစ်ခါ တလေလည်း အမေနဲ့ ဟင်းရွက်ခူးတာတို့ဘာတို့ လိုက်တတ် တယ်တဲ့ဗျ။ အခု ဖြစ်နေတာက ဒီကလေးမလေးက တစ်ခါ တစ်ခါ အိမ်ကနေ ပျောက်ပျောက်သွားတယ်တဲ့ဗျ၊ ပြန်လာရင်



www.burmeseclassic.com

www.burmeseclassic.com



သရဖီပန်းတွေ ဝေနေအောင် ပန်လာတယ် ဆိုပဲဗျ"

"ဟင် သရဖီပန်း ပန်တာပဲ ဆန်းလို့လား အစ်ကိုဘဝင်းရဲ့"

"ဟာ ဆန်းတယ် ကိုလူပေရဲ့၊ ဒီတစ်မြို့လုံးမှာ သရဖီပန်းပင်ရှိကာ၊ စောစောကပြောတဲ့ တိုက်အိုကြီးရှိတဲ့ ခြံဝင်းထဲမှာပဲ ရှိတာဗျ"

"နို့…ဒီသူငယ်မကို မေးမကြည့်ကြဘူးလား"

"မေးတာပေါ့ ကိုလူပေရဲ့၊ အဲဒီလိုမေးရင် ကလေးမလေးက မဖြေဘူးတဲ့ဗျ။ ဝေ့လည်ကြောင်ပတ်တွေ ပြောတာတဲ့ဗျို့။ ဟိုလူပေးသလိုလို၊ ဒီလူပေးသလိုလိုပေါ့ဗျာ။ ဟိုခြံကြီးထဲက သရဖီပင်မှာလည်း ပွင့်နေလိုက်တာမှ ဖွေးဖွေးကို လှုပ်နေတာတဲ့ဗျို့။ ဒီတော့ လူတွေက မစံပယ်ဆိုတဲ့ ကလေးမဟာ ခြံကြီးထဲကို ဝင်သလား၊ ဒါမှမဟုတ် ခြံကြီးထဲက ဥစ္စာစောင့်တွေနဲ့ ပတ်သက်နေသလားပေါ့ဗျာ။ ဒီလိုတွေးနေ ပြောနေတုန်းမှာပဲ ဒီကလေးမက ပုံစံပြောင်းလာရောဗျ"

"ဟင်…ဘယ်လိုပြောင်းတာတုံးဗျ"

"ညရောက်ရင် မအိပ်တော့ဘူးတဲ့ဗျ၊ သူ့အိပ်ခန်းထဲမှာ တိုးတိုး တိုးတိုးနဲ့ စကားတွေ ပြောနေသတဲ့၊ တစ်ခါ ဘစ်ခါလည်း





တစ်ယောက်တည်း ခိုးခိုးခစ်ခစ် ရယ်လို့တဲ့ဗျာ၊ ဒီတော့ ဒီကလေးမကို တိုက်အိုကြီးထဲက ဥစ္စာစောင့်နဲ့ ကြိုက်နေတယ်လို့ ထင်ကုန်ကြတာပေါ့ဗျာ"

"ဒီလိုဖြစ်တာ ကြာပြီလားဗျ အစ်ကိုဘဝင်းရဲ့"

"သိပ်မကြာသေးဘူးဗျ၊ သုံးလလောက်ပဲ ရှိဦးမယ်"

"အင်း…နောက်ကော ထူးခြားတာတွေ ရှိသေးလား၊ အစ်ကိုဘဝင်းရဲ့"

"ထူးတယ်ဗျ ကိုလူပေရဲ့၊ မစံပယ်ဆိုတဲ့ ကလေးမလေးက ရုပ်ရည်ရူပကာ တော်တော်ကို ချောတာဗျ။ သူလူလာဖြစ်တဲ့ မိဘရဲ့ အခြေအနေနဲ့တော့ တော်တော်ကို ကွာခြားနေတာဗျ။ သူ့ရုပ်ရည်နဲ့ အလုံးအထည်က တကယ့်ကို မင်းကြိုက် စိုးကြိုက် ပုံစံဗျ"

"ဒီကလေးမလေးမှာ ရည်းစားတွေဘာတွေရော ရှိလား အစ်ကိုဘဝင်းရဲ့"

"ရည်းစားရယ်လို့တော့ မရှိဘူးတဲ့ ကိုလူပေရဲ့၊ သူ့ကို ကြိုက်တဲ့ သူငယ်တွေတော့ ရှိတာပေါ့ဗျာ၊ ဒီလောက်လှတဲ့ ကလေးမလေးပဲ ကိုလူပေရယ်၊ ဒါပေမဲ့ ကလေးမလေးကတော့ ဘယ်သူ့ကိုမှ ပြန်မကြိုက်ဘူးတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို လာပြုလည်တဲ့ပတ်တဲ့ သူငယ်ကလေးတွေရော ရှိသတဲ့လားဗျ"

"ဟာ…ရှိတာပေါ့ ကိုလူပေရာ၊ ရှိလို့ပဲ ဒီပြဿနာ ပေါ်တာပေါ့ဗျာ"

"ဟင်…ဘယ်ပြဿနာတုံး အစ်ကိုဘဝင်းရဲ့"

"ကလေးမလေးဆီကိုလာတဲ့ သူငယ်လေးတွေကို ရိုက်ပုတ်လွှတ်လို့လေဗျာ"

"ဟာ…ဟုတ်လား၊ ဘယ်သူက ရိုက်လွှတ်တာတုံးဗျ"

"ဘယ်သူဘယ်ဝါလို့ကို မြင်ရတာ မဟုတ်ဘူးဗျ၊ ဖုန်းကနဲ၊ ဒိုင်းကနဲနေအောင် ရိုက်လွှတ်တာတဲ့ဗျ၊ တချို့သူငယ်လေးတွေကတော့ တစ်ချိုးတည်းပြေးရောတဲ့ဗျို့၊ တချို့ကျတော့လည်း မင်းက ဘာကောင်လဲ၊ ငါက ဘာကောင်လဲတွေ ထလုပ်တော့တာပေါ့ဗျာ၊ အဲဒါဆိုရင် ဝိုင်းထဲကနေ အပြင်ရောက်အောင် ဆွဲထုတ်တာဆိုပဲဗျ"

"အို…တော်တော်ကို ဆိုးနေတာပဲ"

"ဟုတ်တယ်၊ အဲဒါကြောင့် ကျုပ်လည်း ကိုလူပေကို တွေ့အောင်လိုက်ရှာပြီး ပင့်ရတာဗျ"

ဘိုးလူပေက ငြိမ်ပြီး စဉ်းစားနေတယ်ဗျို့။ တော်တော်





ကြာတယ်ဗျ။ ပြီးတော့မှ မေးတယ်။

"ကျုပ် ကုသပေးတာကို ကလေးမရဲ့ မိဘတွေက လက်ခံပါ့မလား"

"ဟာ…လက်ခံပါတယ် ကိုလူပေ၊ သူတို့ ကျုပ်ကို လာအပ်တာပါ၊ သူတို့သမီးလေး ရူးနေပြီ ထင်ကြတာဗျ။ ကျုပ်က ဒီကိစ္စကို ကျုပ် မကုနိုင်ဘူး၊ ကျုပ်ထက်တော်တဲ့ ဆရာကို ပင့်ပေးမယ်ဆိုတော့ ပင့်ပေးပါ ဆရာရယ်၊ လမ်းစရိတ်၊ စားစရိတ်၊ ကုန်ကျစရိတ်အားလုံး ပေးပါ့မယ်ဆိုပြီး ကျုပ်ကို ငွေတွေ ပေးလိုက်တာဗျ။ အခု ကိုလူပေ ပါလာပြီဆိုတာကို ရောက်ရောက်ချင်းပဲ ကျုပ်အကြောင်းကြားလိုက်ပါပြီ။ ခဏနေရင် ကျုပ်တို့ သွားရုံပါပဲဗျာ၊ မိဘများက ကိုလူပေကို စောင့်နေကြပါပြီ"

အေးရိပ်သာက မစံပယ်တို့အိမ်ကို ကျုပ်တို့ ရောက်ခဲ့ကြတယ်။ ခြံဝင်းက ကျယ်သားဗျ။ ခြံဝင်းထဲမှာ ဝါးခွဲတဲ့သူကခွဲ၊ ထရံယက်တဲ့သူကယက်၊ တောင်းတွေ၊ ခြင်းတွေ၊ ဆန်ကော၊ ဆန်ကာတွေ ယက်တဲ့သူကယက်၊ ရောင်းတဲ့သူကရောင်းနဲ့ စီးပွားရေး အတော်လေး အဆင်ပြေပုံပဲဗျ။

အိမ်ကတော့ တစ်ထပ်အိမ်ပါ။ တော်တော်လေး ကျယ်ကျယ်ဝန်းဝန်း ရှိတယ်ဗျ။ မစံပယ်ဆိုတဲ့ အမျိုးသမီးကို ဘုရားစင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ခေါ်ပြီး ဘိုးလူပေက စမ်းသပ်တယ်။ ပြီးတော့ မစံပယ်ရဲ့ အဖေနဲ့ အမေကို စမ်းသပ်တယ်။ ဘိုးလူပေက ဘာမှမပြောဘူးဗျ။

မစံပယ်ကိုတော့ လုပ်စရာရှိတာ သွားလုပ်တော့ဆိုပြီး လွှတ်လိုက်တယ်။ မစံပယ် မရှိတော့မှ သူ့မိဘတွေကို ဘိုးလူပေက ပြောတယ်ဗျ။

“ကလေးမှာ ဘာပယောဂမှ မရှိဘူးဗျ၊ ဒါပေမဲ့ အကြောင်းတစ်ခုခု ရှိနေတာတော့ သေချာတယ်၊ အဲဒါ ဘာတုံးဆိုတာကိုတော့ ကျုပ်တို့ သေသေချာချာ လေ့လာမှဖြစ်မယ်၊ ရမ်းပြောလို့တော့ မဖြစ်ဘူး၊ ဒါထက် ဒီကလေးမလေးက ညဘက် ဘယ်အချိန်လောက်မှာ စကားတွေ ပြောတတ်တုံးဗျ”

“ညသန်းခေါင်ကျော်တာနဲ့ ပြောတာပဲ ဆရာကြီးရဲ့၊ ကျွန်မလည်း ချောင်းကြည့်ပေမယ့် ဘာမှမတွေ့ရဘူး၊ သူ တစ်ယောက်တည်းပဲ တွေ့ရတယ်၊ မနက်ရောက်လို့ သူ့ကိုမေးရင်လည်း အိပ်ပျော်ရင် ယောင်ပြီးဖြစ်မှာပေါ့လို့ပဲ ပြောတာရှင့်”

“အစ်ကိုဘဝင်းက ညဆယ့်တစ်နာရီလောက် မောင်တာတေကို ဒီအိမ် လိုက်ပို့ပေးဗျာ၊ မောင်တာတေက ဟောဒီက ဘယ်သူ”

“အဲ ကျွန်မနာမည်ပေါ့၊ မအုန်းကျင်ပါ၊ ကျွန်မယောကျ်ားက ကိုဘစိန်ပါရှင်”

“ဟုတ်ပြီ၊ မအုန်းကျင် ချောင်းကြည့်တဲ့နေရာကနေ မောင်တာတေကို ချောင်းကြည့်ခိုင်းလိုက်ပါ၊ သူမြင်ပါလိမ့်မယ်”

ကျုပ်တို့လည်း အကျိုးအကြောင်းပြောပြီး ပြန်ခဲ့ကြတယ်။ ဆရာဦးဘဝင်းတို့ လမ်းထိပ်ရောက်တော့ လမ်းထဲကနေ အညိုရောင် ဝီလီဂျစ်တစ်စီး မောင်းထွက်လာတယ်ဗျ။ လမ်းကကျဉ်းတော့ ကျုပ်တို့က လမ်းဘေးနားမှာ ရပ်ပေးလိုက်တယ်။ ဂျစ်ကားမောင်းလာတဲ့လူက ရုပ်ရည်သန့်သန့်၊ အသားဖြူဖြူ၊ အသက်လေးဆယ်လောက် ရှိမယ်။ ကားမောင်းရင်း အဲဒီလူက ဘိုးလူပေကို သေသေချာချာ စိုက်ကြည့်သွားတယ်ဗျ။

“ဆရာဦးဘဝင်း ပြောတော့ ဒီမြို့မှာ ကားမရှိဘူးဆို”

“တစ်မြို့လုံးမှာ ဒီတစ်စီးပဲရှိတာ မောင်တာတေရဲ့၊ အခုန ကားမောင်းသွားတာ ရွှေဇမ္ဗူ ဆန်စက်သူဌေးလေး ကိုမိုးဆွေလေ၊ လူပျိုကြီးကွဲ့။ ခုထိ အိမ်ထောင်ရက်သား မပြုဘူး၊ သဘောအားကြီးကောင်းတဲ့လူ။ သူ့ဆန်စက်က မြို့တောင်ဘက်က ချောင်းကမ်းပါးမှာလေ၊ နေ့ရောညရော မနားတမ်းကို ကြိတ်ရတဲ့ စက်ပါဗျာ၊ သူဌေးကိုမိုးဆွေက တော်တော်ချမ်းသာတာဗျ။ ဒါပေမဲ့ ခမျာ မာနမရှိရှာပါဘူးကွယ်”







www.burmeseclassic.com

www.burmeseclassic.com



"ဒီလူ စောစောက ဘိုးလူပေကို ကြည့်သွားပုံက တစ်မျိုးပဲဗျ၊ ဆရာ ဦးဘဝင်းရဲ့"

ကျုပ်က ကျုပ်မြင်တဲ့အတိုင်း ပြောလိုက်တယ်။

"ဟာ…မဟုတ်ပါဘူးကွယ်၊ မြို့လေးကသေးတော့ တခြားက လူစိမ်းရောက်ရင် ထူးခြားနေလို့ ကြည့်တာနေမှာပါ"

ညဆယ့်တစ်နာရီထိုးတော့ ကျုပ်ကို ဆရာဦးဘဝင်းက ခေါ်လာပြီး ဦးဘစိန်တို့၊ ဒေါ်အုန်းကျင်တို့အိမ်ကို ပို့တယ်၊ ဘိုးလူပေကတော့ အိမ်မှာနေခဲ့ပြီး ပုတီးစိပ်နေတယ်ဗျ။

ကျုပ်တို့ကို ဦးဘစိန်နဲ့ ဒေါ်အုန်းကျင်က မှောင်ရိပ်ထဲကနေ စောင့်နေကြတယ်။ ပြီးတော့ ဒေါ်အုန်းကျင်က ကျုပ်ကို အိမ်ပေါ် ခေါ်လာပြီး မစံပယ်အိပ်တဲ့အခန်းနဲ့ ကပ်လျက်အခန်းထဲကို ပို့ပေးတယ်။ အခန်းက ဝါးထရံကာထားတာဆိုတော့ တစ်ဖက်ခန်းက မှန်အိမ်ထွန်းထားတဲ့ အလင်းရောင်လေးကို ထရံပေါက်ကလေးတွေကနေ မြင်နေရတယ်။ ဒေါ်အုန်းကျင်က ကျုပ်ကို ထားခဲ့ပြီး ပြန်ထွက်သွားတယ်ဗျ။

ကျုပ်က မျက်ကွင်းဆေး ကွင်းလာခဲ့တာလေဗျာ။ ရပ်ကွက်ကင်းတဲက ညဆယ့်နှစ်နာရီ သံချောင်းခေါက်သံ ကြားလိုက်ရတယ်။





"ခစ်၊ ခစ်၊ ခစ်၊ ခစ်၊ ခစ်"

တစ်ဖက်ခန်းက ရယ်သံတိုးတိုးလေး ကြားလိုက်ရတယ်ဗျ။ အသံခပ်အုပ်အုပ်နဲ့ စကားပြောသံတစ်ခုလည်း ကြားလိုက်ရတယ်။ ကျုပ်ကွင်းတဲ့ မျက်ကွင်းဆေးက တစ်ခါတလေကျရင် အသံပါ ကြားရတတ်တယ်။ မျက်ကွင်းဆေးဆိုပေမယ့် ပါရမီအခံရှိတဲ့ ကျုပ်လိုလူအတွက် ဒိဗ္ဗသောတလို့ခေါ်တဲ့ အကြားကိုလည်း ပေးတယ်ဗျ။ မျက်စိကွင်းပြီးရင် ဆေးကျန်လေးကို နှားနှစ်ဖက်ကိုပါ ပွတ်ရတာပေါ့ဗျာ။

မစံပယ် ပြန်ပြောတဲ့အသံလည်း ကြားရတယ်။ ဘာတွေပြောနေမှန်းတော့ မသဲကွဲဘူးဗျ။ ဒါပေမဲ့ မစံပယ် ယောကျ်ားတစ်ယောက်နဲ့ စကားပြောနေတာတော့ သေချာတယ်။

အသံခပ်အုပ်အုပ်နဲ့ ရယ်လိုက်၊ စကားပြောလိုက်နဲ့ဗျ။ ကျုပ်လည်း ထရံပေါက်ကလေးတစ်ပေါက်ကနေ ချောင်းကြည့်လိုက်တယ်။

"ဟာ"

ကျုပ်ပါးစပ်က အသံထွက်သွားတော့မလို့ဗျာ။ လက်နဲ့ အုပ်လိုက်မိပေလို့သာပေါ့။ ကျုပ်မြင်နေရတယ်ဗျ။ မစံပယ် ယောကျ်ားတစ်ယောက်နဲ့ ပွေ့ဖက်ပြီး စကားပြောနေတာဗျ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လူက ဘယ်သူလို့ထင်တုံး။ ကျုပ်တို့ ညနေက ဝီလီဂျစ်ပေါ်မှာ တွေ့လိုက်တဲ့ ဆန်စက်သူဌေး ကိုမိုးဆွေ ဆိုတဲ့လူဗျ။ ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ။

ကျုပ်မျက်လုံးကို ကျုပ်မယုံလို့ သေသေချာချာ ထပ်ကြည့်တယ်။ ဟုတ်ပ့ါဗျာ၊ ကိုမိုးဆွေမှ ကိုမိုးဆွေအစစ်ဗျ။ မှန်အိမ်မီးရောင်အောက်မှာ ဒီလူမျက်နှာကို ကျုပ် သေသေချာချာ တွေ့နေရတာဗျ။

ဒါပေမဲ့ နေ့လယ်က ကားပေါ်မှာ တွေ့လိုက်တဲ့ပုံနဲ့ အခုပုံက နည်းနည်းပိုပြီး ပိန်နေသလိုပဲဗျ။ ဒါကတော့ မှန်အိမ်မီးရောင်နဲ့ မို့လို့ ဖြစ်မယ်လို့ ကျုပ်တွေးလိုက်မိတယ်။

ကျုပ်ထရံပေါက်ကနေ ချောင်းကြည့်နေရာက ထရပ်လိုက်တယ်။ ပြီးတော့ ကိုယ်ကိုဖော့ပြီး ခြေသံကို ဖွနင်းရင်း အိမ်ရှေ့ကို ထွက်ခဲ့တယ်။

"ဘာများ ထူးထူးခြားခြား မြင်ခဲ့တုံး မောင်တာတေ"

လို့ မစံပယ်ရဲ့အမေ ဒေါ်အုန်းကျင်က ကျုပ်ကို လေသံတိုးတိုးလေးနဲ့ မေးတယ်။ ကျုပ်မြင်တာကို ပြောလို့ ဘယ်ဖြစ်မှာ တုံးဗျာ။

"အရီး စိတ်မပူပါနဲ့၊ လိုအပ်တာကို ဆရာကြီး လုပ်ကိုင်





ပေးပါလိမ့်မယ်၊ ကျုပ်က ဆရာကြီး ဘိုးလူပေကိုပဲ ပြောရမှာမို့၊ အရီးကို ပြောမပြတာကို စိတ်မရှိပါနဲ့ဗျာ"

လို့ တောင်းပန်ပြီး ဆရာဦးဘဝင်းနဲ့ ကျုပ်နဲ့ အိမ်ပြန်ခဲ့ကြတယ်။ အိမ်ရောက်တော့ အကြမ်းသောက်ရင်း ကျုပ်တို့ကို စောင့်နေတဲ့ ဘိုးလူပေက မေးရောဗျ။

"ထူးတယ် မဟုတ်လားဟေ့၊ မောင်တာတေ"

"ထူးတယ် ဆရာကြီး၊ ထူးတယ်"

"ကလေးမလေး ဘယ်သူနဲ့ စကားပြောနေတာတုံးကွဲ့ မောင်တာတေရဲ့"

"နေ့လယ်က ဆရာကြီးတို့ရော ကျုပ်ရော မြင်လိုက်တဲ့ ဝီလီဂျစ်မောင်းသွားတဲ့ ဆန်စက်သူဌေး ကိုမိုးဆွေပါ ဆရာကြီး၊ နှစ်ယောက်သား ပွေ့ဖက်ပြီး နေကြတာဗျ"

ဘိုးလူပေက ခေါင်းလေးညိတ်ပြီး နားထောင်နေတယ်၊ ဘာမှတော့ မပြောဘူးဗျ။

"မောင်တာတေ မြင်တာ သေချာရဲ့လားကွယ်"

ဆရာဦးဘဝင်းက မေးတာဗျ။ သူ့ကို ကြည့်ရတာ ဘာကိုမှ နားမလည်တော့တဲ့ ပုံမျိုးဗျို့။ ဆရာဦးဘဝင်းလိုပဲ ကျုပ်လည်း ဘာကိုမှ နားမလည်တော့ပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဂျစ်ကားပေါ်ကလူက ကျုပ်ကို သေသေချာချာ ကြည့်သွားတာကိုး၊ မောင်တာတေ ပြောတုန်းက ကျုပ်ဘာကိုမှ မကွေးမိဘူးကွဲ့"

"ဘယ်လိုဖြစ်လို့တုံး ကိုလူပေရဲ့"

ဆရာဦးဘဝင်းက မေးတာဗျ။ ကျုပ်လည်း မေးချင်တာ၊ ဆရာကြီးတွေရဲ့ အရာမို့လို့ မမေးရဲလို့သာဗျ။

"နောက်တော့ သိမှာပေါ့ အစ်ကိုဘဝင်းရာ၊ ကဲ အိပ်ကြတော့၊ မနက်ဖြန်ညရောက်မှပဲ အလုပ်လုပ်ကြရမှာ"

နောက်တစ်နေ့ရောက်တော့ ဆရာဦးဘဝင်းကို ဘိုးလူပေက ပြောစရာရှိတာတွေ တိုးတိုး တိုးတိုးနဲ့ပြောပြီး ဦးဘစိန်တို့ ဒေါ်အုန်းကျင်တို့အိမ်ကို လွှတ်လိုက်တယ်။ ကျုပ်ကိုတော့ ဘိုးလူပေက ပြောတယ်ဗျ။

"မောင်တာတေရေ၊ ညရောက်ရင်တော့ အထူးအဆန်းတွေ တွေ့ရတော့မှာပေါ့ကွယ်၊ မောင်တာတေ နည်းနည်းတော့ စွန့်စားရလိမ့်မယ်၊ ဘယ့်နှယ်တုံး ဖြစ်ပါ့မလား"

"ဟာ…ဆရာကြီးရယ်၊ ဘာတေဆိုတဲ့ကောင်က ထူးဆန်းလေ ကြိုက်လေပါဗျာ၊ စွန့်စားရမယ်ဆိုရင်လည်း ဘယ်လောက် စွန့်စားရ စွန့်စားရပါ"





နေ့လယ်ရောက်တော့ ဆရာဦးဘဝင်း ပြန်ရောက်လာတယ်။

"ဘယ့်နှယ်တုံး အစ်ကိုဘဝင်း၊ နေရာကျခဲ့ရဲ့လား"

"ကျတယ် ကိုလူပေရေ၊ ကျုပ်စီစဉ်တဲ့အတိုင်း ကလေးမလေးကို သူ့အမေက ဥပါယ်တံမျဉ်နဲ့ ဈေးခေါ်သွားတယ်။ ကျုပ်လည်း သူ့အဖေ ကိုဘစိန်ကိုခေါ်၊ ကလေးမလေးအခန်းထဲဝင်ပြီး ထောင့်လေးထောင့်မှာ ကိုလူပေ ပေးလိုက်တဲ့ အင်းလေးချပ်ကို ရိုက်လာခဲ့တယ်။ ပြီးတော့ ညရောက်ရင် ကလေးမလေး တံခါးဂျက်ထိုးလို့မရအောင် ကိုဘစိန်ကိုယ်တိုင် လုပ်ပေးထားတယ်ဗျ"

"ဟာ ဒါဆိုရင် ဟန်ကျပြီပေါ့ အစ်ကိုဘဝင်းရာ၊ ညရောက်ရင် ကျုပ်တို့သွားပြီး ဆန်စက်သူဌေးကို ဖမ်းရုံပဲ ကျန်တော့တာပေါ့ဗျာ"

"ဟုတ်တော့ ဟုတ်ပါတယ် ကိုလူပေရယ်၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ မရှင်းတာက သူဌေးကိုမိုးဆွေဆိုတာ ဒီတစ်မြို့လုံး ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါဗျာ၊ သူလို့လူနဲ့ကြိုက်တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်မိဘကမှ သဘောမတူဘဲ မနေပါဘူးဗျာ၊ ခုဟာက အတတ်ပညာတစ်မျိုးကိုသုံးပြီး အိမ်ထဲကို ခိုးဝင်၊ ကလေးမလေးကို တိတ်တိတ်ပုန်း ပေါင်းသင်းတယ် ဆိုတာကတော့ ကျုပ် နားကိုမလည်ပါဘူး ကိုလူပေရာ၊ ကိုမိုးဆွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူ မဟုတ်ဘူးဗျ"

"အင်း…ညရောက်တော့ အဖြေပေါ်လိမ့်မပေါ့ အစ်ကို ဘဝင်းရာ"

ဘိုးလူပေက ကျုပ်ကို အိပ်ရေးဝအောင် အိပ်ခိုင်းလို့ နေ့ခင်းဘက်မှာ ကျုပ် အိပ်နေရသေးတယ်ဗျ။

ညဆယ့်တစ်နာရီကျော်ကျော်မှာ ဘိုးလူပေရယ်၊ ဆရာဦးဘဝင်းရယ်၊ ကျုပ်ရယ် အိမ်က ထွက်ခဲ့ကြတယ်။ ဦးဘစိန်တို့ အိမ်ကိုရောက်တော့ ဆယ့်နှစ်နာရီထိုးကာနီးပေါ့ဗျာ။

"မောင်တာတေ မျက်ကွင်းဆေး ကွင်းခဲ့လား"

"ဟုတ်ကဲ့၊ ကွင်းခဲ့ပါတယ် ဆရာကြီး"

"ရော့…ဟောဒီခြေမန်းကွင်းကို ယူထား၊ မနေ့ကညက မောင်တာတေ တွေ့တယ်ဆိုတဲ့ ဆန်စက်သူဌေးဆိုတာကို ဒီခြေမန်းကွင်းရအောင် စွပ်ရမယ် သိလား၊ မင်းကိုတွေ့ရင် သူထွက်ပြေးလိမ့်မယ်ကွဲ့၊ ဒါပေမဲ့ အခန်းထောင့်တွေမှာ အစ်ကိုဘဝင်းက အင်းတွေ ရိုက်ထားတာဆိုတော့ ဒီအခန်းထဲကို သူအဝင်ပဲ ရှိတယ်၊ အထွက် မရှိတော့ဘူး၊ အခန်းထဲက ထွက်လို့မရရင် မောင်တာတေကို သူ ရန်မူမှာပဲ။ သူ့ရဲ့ အင်အားဟာ သာမန်အင်အားမျိုး မဟုတ်ဘူးကွဲ့၊ လူတစ်ယောက်ကို ပေနှစ်ဆယ်လောက် လွှင့်သွား





အောင် တွန်းနိုင်တယ်၊ ကန်နိုင်ကျောက်နိုင်တယ်။ ဟောဒီမှာ ရော့ ဒီထုံးမန်းလုံးလေးကို မျိုချလိုက်။ ဒါ တစ်ပွဲတိုး ထုံးမန်းခေါ်တယ်။ ကိုယ်ရင်ဆိုင်ရမယ့် ရန်သူရဲ့ အင်အား သုံးဆလောက် မင်းရလာလိမ့်မယ်၊ မောင်တာတေရဲ့"

ကျုပ်က ဘိုးလူပေပေးတဲ့ ထုံးမန်းကို မျိုချလိုက်တယ်။ ဒီအတိုင်း မျိုရတာဗျ။ ရေနဲ့မသောက်ရဘူးတဲ့။ ထုံးမန်းလုံးလေးက လည်ချောင်းမှာ တစ်နေသလိုပဲဗျ။

ကျုပ် အိမ်ထဲကို ဝင်ခဲ့ပြီ။ ဒီညတော့ ကျုပ်နဲ့လိုက်လာတာ မစံပယ်ရဲ့အမေ ဒေါ်အုန်းကျင် မဟုတ်ဘူးဗျ။ မစံပယ်ရဲ့ အဖေ ဦးဘစိန်ကိုယ်တိုင်ပဲ လိုက်ခဲ့တာ။ မနေ့က ညကလိုပဲ တစ်ဖက်ခန်းကနေ ကျုပ် ချောင်းကြည့်တယ်။ ဘိုးလူပေ ပေးလိုက်တဲ့ ချည်မန်းကွင်းကို ကျုပ်လည်ပင်းမှာ စွပ်ထားတယ်။

ဟော…ရယ်သံကြားပြီဗျို့။ တစ်ဖက်ခန်းက တခစ်ခစ်နဲ့ ရယ်တဲ့အသံ ကြားလိုက်ရတယ်။ ပြီးတော့ ခပ်အုပ်အုပ်အသံနဲ့ စကားပြောတဲ့အသံ နှစ်သံကို ကြားရတယ်။ ဟိုလူ ရောက်ပြီ။ ကျုပ် ထရံပေါက်က ချောင်းကြည့်လိုက်တယ်။

ဟုတ်ပါ့ဗျာ။ နှစ်ယောက်သား ပွေ့လို့ဖက်လို့ပါဗျာ။ ကျုပ် ခဏစောင့်နေလိုက်တယ်။ ဒီလူ စိတ်ချလက်ချ ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



အောင်ပေါ့ဗျာ။ ခဏနေတော့မှ ကျုပ်က မစံပယ်ရဲ့အဖေ ဦးဘစိန်ကို လက်ကုတ်လိုက်တယ်။

ဦးဘစိန်ကလည်း ချက်ချင်းထပြီး အခန်းအပြင်ကို ခြေဖော့ပြီး ထွက်တယ်။ ပြီးတော့ တစ်ဖက်ခန်းကို သွားတယ်။ မစံပယ်ရဲ့ အိပ်ခန်းတံခါးကို အသံမကြားအောင် ဖွင့်ပေးလိုက်တယ်။ ဦးဘစိန်က နေ့ခင်းကတည်းက ကြိုပြီးစီစဉ်ထားတာဆိုတော့ တံခါးက အသံမမြည်ဘဲ ပွင့်သွားတယ်။ ကျုပ်က ဦးဘစိန်ကို လက်ကုတ်လိုက်တော့ အိမ်ရှေ့ကို ထွက်သွားတယ်။ ကျုပ်အခန်းထဲ ဝင်သွားပြီဆိုတာကိုပြောပြီး ဘိုးလူပေနဲ့ ဆရာဦးဘဝင်းကို ခေါ်လာဖို့ပေါ့ဗျာ။

ကျုပ် မစံပယ်ရဲ့ အခန်းထဲကို ခြေဖော့ပြီး ဝင်လိုက်တယ်။ ဒါပေမဲ့ မရဘူးဗျ။ ဟိုလူ ကျုပ်ကို မြင်သွားပြီ။

ဟာ…ထပြေးပြီဗျို့။ ကျုပ်ကို တစ်ချက်ဆောင့်တွန်းပြီး အခန်းတံခါးပေါက်ကို ပြေးထွက်တယ်။

"ဝုန်း"

သူ့ကို တစ်ယောက်ယောက်က ဆောင့်တွန်းလိုက်သလိုကို ကြမ်းပြင်ပေါ် ပြုတ်ကျတာဗျ။ ဟော ဒီလူ ချက်ချင်းထပြီး နံရံကို ဖောက်ထွက်ဖို့ လုပ်ကြည့်တယ်။





"ဝုန်း"

ဟော…ကြမ်းပြင်ပေါ်ကို နောက်တစ်ကြိမ် ကျပြန်ပြီဗျို့။ ဒီလူ ကျုပ်ကို တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ ကြမ်းပြင်ပေါ်ကနေ လှစ်ကနဲထပြီး ကျုပ်ကို ပြေးထိုးတယ်။ ကျုပ်ကလည်း သတိထားနေတာဆိုတော့ သူ့လက်သီးကို ကပ်ရှောင်လိုက်ပြီး ဒီလူအရှိုက်ကို ထောက်လက်သီးတစ်လုံး ထိုးသွင်းလိုက်တယ်။

"ဘုန်း"

ဒီလူ ဒူးညွတ်ကျသွားတယ်။ ဘိုးလူပေ ပြောတဲ့အတိုင်းပဲဗျ။ ကျုပ်ရဲ့ အင်အားတွေက တော်တော်ကို ကြီးနေတာကို ကျုပ်ကိုယ်တိုင် သတိထားလိုက်မိတယ်။ ရတဲ့အခွင့်အရေးကို တာဘေဆိုတဲ့ ကျုပ်က ဘယ်လက်လွှတ်ပါ့မတုံးဗျာ။

"ခွပ်" "ခွပ်" "ဘုန်း" "အင့်"

ဒီလူ့မေးရိုးကို နှစ်ချက်ဆင့်ထိုးပြီး အရှိုက်ကို တစ်ချက်ထပ်ထိုးလိုက်တယ်။ 'အင့်'ကနဲ မြည်ပြီး ကြမ်းပြင်ပေါ်ကို ဒူးထောက်ကျသွားရောဗျို့။ ကျုပ်လည်း ဘိုးလူပေ စွပ်ခိုင်းတဲ့ ချည်မန်းကွင်းကို ချက်ချင်းစွပ်ချလိုက်တယ်။ ဟာ ဒီလူ့ရုပ်ကြီး ပေါ်လာပြီဗျို့။

"ဟင်…အစ်ကို၊ အစ်ကို၊ အစ်ကို့ကို မလုပ်ကြပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက လူတောင်းပါရှင်''

မစံပယ်က စက်သူဌေး ကိုမိုးဆွေကို ပြေးပြီး ပွေ့တယ်။ အခန်းဝမှာ ဆေးလွယ်အိတ်ကြီး လွယ်ပြီး ရပ်နေတဲ့ ဘိုးလူပေက အခန်းထဲကို တစ်လှမ်းချင်း ဝင်လာပြီး ကိုမိုးဆွေ ဆိုတဲ့လူကို သေသေချာချာ ကြည့်နေတယ်။

''မောင်ရင် ဘယ်သူတုံး''

လို့ ဘိုးလူပေက မေးလိုက်တယ်။

''ကျွန်တော် စက်သူဌေး မိုးဆွေပါဗျာ''

''ဖြစ်မှ ဖြစ်ရလေ မောင်မိုးဆွေရယ်၊ မင်းက တကယ့် လူနဲ့မှ သွားတွေ့တာကိုးကွဲ့''

ဘိုးလူပေက ကိုမိုးဆွေကို သေသေချာချာ ကြည့်ပြီး ကရုဏာသံအပြည့်နဲ့ ပြောတာဗျ။

''ကိုမိုးဆွေ၊ ဒါ ဆရာကြီး ဘိုးလူပေဗျ''

ကျုပ်ပြောလိုက်တော့မှ ကိုမိုးဆွေက ပျာပျာသလဲနဲ့ ဆရာကြီးကို ကန်တော့တယ်။ မစံပယ်ကလည်း ရောရောင်ပြီး ကိုမိုးဆွေနဲ့အတူတူ ဆရာကြီးကို ကန်တော့လိုက်ပေါ့ဗျာ။

ဦးဘစိန်နဲ့ ဒေါ်အုန်းကျင်ကလည်း သူတို့သားမက်ဟာ ဆန်စက်သူဌေး ကိုမိုးဆွေ ဖြစ်နေတော့ အံ့သြကြတာပေါ့ဗျာ။





ကိုမိုးဆွေကို အရင်က မမြင်ဖူးတဲ့ မစံပယ်ကတော့ သူ့ရဲ့ချစ်သူဟာ စက်သူဌေ[illegible]ကို သိလိုက်တော့ အံ့သြပြီး ကြည့်နေရှာတာဗျ။

''ကျွန်တော့်ကို ကယ်ပါ ဆရာကြီးရယ်''

ကိုမိုးဆွေက မျက်ရည်တွေကျရင်း ပြောတာဗျ။

''ကယ်ရမှာပေါ့ မောင်မိုးဆွေ၊ ဘာမှမစိုးရိမ်ပါနဲ့တော့၊ အခုနေတော့ ဟောဒီချည်မန်းကွင်း ချွတ်လိုက်ရင် မောင်မိုးဆွေ ပြန့်ပြီးပျောက်သွားဦးမှာကွဲ့၊ ဒီချည်မန်းကွင်းကို ကြာကြာစွပ်ထားလို့ မရဘူးကွဲ့၊ ပြီးရင် ချွတ်ပစ်ရမှာပဲ၊ ကဲ ချည်မန်းကွင်း မချွတ်ခင် ပြောစမ်းပါဦးကွယ်၊ မောင်မိုးဆွေ ဘာတွေဖြစ်ခဲ့တယ် ဆိုတာကို''

ဘိုးလူပေ မေးလိုက်တော့ ကိုမိုးဆွေက ပြောတယ်ဗျ။

''လွန်ခဲ့တဲ့ ခုနစ်နှစ်ကျော်က ဟောဒီအနောက်ဘက်တောထဲမှာ ကျွန်တော်ရယ်၊ ကျွန်တော့်တပည့် ကျော်မင်းရယ် ယုန်ပစ်ထွက်ခဲ့ကြတယ် ဆရာကြီးရဲ့၊ ကျွန်တော် ပစ်လိုက်တဲ့ ယုန်ဖြူကြီးဟာ တောထဲကို ထွက်ပြေးတာနဲ့ သေနတ်လွယ်ပြီး လိုက်ခဲ့တာ။ နောက်ဆုံးတော့ ယုန်က ဟောဒီအေးရိပ်သာအစွန်က ခြံဝင်းကြီးထဲကို ဝင်ပြေးတာနဲ့ ကျွန်တော်လည်း ခြံကြီးထဲဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့တယ်ဗျာ။ ဒီမှာတင် ဒေါသတအားထွက်နေတဲ့ ရှမ်းလိုလို လူတစ်ယောက် အိမ်ထဲကထွက်လာတာ တွေ့လိုက်ရတယ်။ ဒီလူက ကျွန်တော် ပစ်လိုက်တဲ့ ယုန်ဖြူကြီးကို ပွေ့ထားပြီး မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကိုကြည့်ပြီး ပြောတယ်ဗျ။

"ဟေ့ကောင် မင်း ဘာလုပ်လိုက်တာတုံး"

လို့ ကျုပ်ကို အသံအကျယ်ကြီးနဲ့အော်ပြီး မေးတယ် ဆရာကြီးရဲ့။ ကျွန်တော်ကလည်း...

"ယုန်ပစ်တာလေဗျာ၊ တောထဲမှာ ယုန်ပစ်တာလေ၊ ဘာဖြစ်လို့တုံး၊ ဒီယုန်က ခင်ဗျားမွေးထားတဲ့ ယုန်လို့ ပြောချင်လို့လား"

လို့ ကျွန်တော်က ဒီလူကို မေးလိုက်တော့...

"တောက်...တော်တော်လူပါးဝတဲ့ကောင်ပဲ၊ ဒါ ယုန်မဟုတ်ဘူးကွ၊ ဒါ လူ၊ လူ၊ ငါ့နှမနန်းအုံကွ၊ ငါ့ထက်စွမ်းတဲ့ မှော်ဆရာ တစ်ယောက်နဲ့ ပညာပြိုင်တဲ့ပွဲမှာ ငါ ရှုံးနေလို့ ငါ့နှမက ဝင်ပြီး ကူတာကို မှော်ဆရာက စိတ်ဆိုးပြီး ငါ့နှမကို ယုန်ဖြစ်အောင်လုပ်ပစ်ခဲ့တာကွ၊ ဒီကောင့်ကို ငါသတ်နိုင်မှ ငါ့နှမ လူပြန်ဖြစ်မှာမို့လို့ ငါ့ပညာကို မြင့်သထက်မြင့်အောင် လုပ်နေတာကွ၊ အခုတော့ သွားပြီ၊ မင်းက ငါ့နှမကို သတ်လိုက်ပြီ၊ မင်းတော့ကွာ၊





ကဲကွာ၊ ကဲကွာ"

လို့ ဒေါသတကြီးနဲ့အော်ရင် သူ့လက်က ထွက်လာတဲ့ အရောင်လင်းလင်းလက်လက်တွေနဲ့ ကျွန်တော့်ကို ပစ်လိုက်တာ ကျွန်တော့်ရုပ်ကြီး ပျောက်သွားပြီး ကျွန်တော်ကိုယ်တိုင် လူလား၊ သရဲလား မသိတဲ့ဘဝကို ရောက်ရတော့တာပါပဲဗျာ။ အခုဆိုရင် ကျွန်တော် ဒီဘဝကို ရောက်နေခဲ့တာ ခုနစ်နှစ် ရှိသွားပါပြီဗျာ။ ဒီလူခိုင်းတဲ့အတိုင်း ဒီခြံနဲ့ အိမ်ကြီးကို စောင့်နေရတာပါ။ ခြံထဲဝင်တဲ့ လူမှန်သမျှကို ရိုက်ထုတ်ပစ်ရတယ်။ တစ်နေ့တော့ ခြံထဲကို သရဖီပန်းတွေ ဝင်ခူးတဲ့ စံပယ်က ထူးထူးခြားခြား ကျွန်တော့်ကို မြင်ရတော့ ကျွန်တော့်မှာ ဝမ်းသာလိုက်ရတာ မပြောပါနဲ့တော့ဗျာ။ စံပယ်ကတော့ ကျွန်တော့်ကို ဘယ်သူမှန်းလဲ မသိဘူး၊ အဲဒီအိမ်ကြီးမှာနေတဲ့လူလို့ပဲထင်ပြီး တဖြည်းဖြည်းနဲ့ ချစ်သူတွေဘဝကို ရောက်ခဲ့ကြတာပါဗျာ။

"နို့ နေပါဦး မောင်မိုးဆွေရဲ့၊ မင်းကို ရုပ်ပျောက်အောင် လုပ်ခဲ့တဲ့ လူကရော ဘယ်ရောက်သွားတုံးကွဲ့"

"အဲဒီလူက သူ့ကိုယ်သူ ကျွန်တော့်ပုံစံနဲ့ ချွတ်စွတ်တူအောင် ချက်ချင်းပြောင်းလိုက်ပြီး ကျွန်တော် ယုန်ပစ်တဲ့သေနတ်ကို ထမ်းပြီးတော့ ခြံထဲကနေ ထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးဆွေရဲ့ရုပ် ပျောက်သွားတယ်ဆိုတာကို မောင်မိုးဆွေက ဘယ်လိုများ သိတာတုံးကွဲ့"

ဘိုးလူပေက ကိုမိုးဆွေကို ထပ်မေးပြန်တယ်။

"ကျွန်တော် အိမ်ကြီးထဲဝင်ပြီး ကိုယ်လုံးပေါ်မှန်မှာကြည့်လိုက်တော့ ကျွန်တော့်ပုံသဏ္ဍာန်ဟာ မှန်မှာ လုံးဝမပေါ်တော့ဘူး ဆရာကြီးရဲ့"

"အင်း…မင်းရဲ့ရုပ်က ပျက်သွားတာ မဟုတ်ပါဘူးကွယ်၊ မှော်ပညာအစွမ်းနဲ့ လူတွေ မမြင်နိုင်အောင် ဖျောက်ထားတာပါ၊ မင်းရဲ့ရုပ်က ဒီအတိုင်းပဲ ရှိနေပါတယ်။ ဘာမှမစိုးရိမ်ပါနဲ့။ မင်းကို လုပ်သွားတဲ့ မှော်ဆရာရဲ့ ပညာတွေ ပျယ်သွားရင် နဂိုအတိုင်း ပြန်ဖြစ်မှာပါ။ အဲဒါ ပဥ္စလက်မှော်ပညာလို့ ခေါ်တယ်ကွဲ့၊ ဒီမောင်နှမကို ကျုပ်လိုက်ရှာနေတာကြာပြီ။ အခုမှပဲ တွေ့တော့ဟာပေါ့ကွယ်၊ ဒီကောင်က ပဥ္စလက်ဘသိန်းဆိုတဲ့ အကောင်ပဲကွ။ ကဲ…ဒါဆိုရင် အချိန်မရှိဘူး၊ ဘသိန်းဆီ သွားကြမှပဲ။ မောင်တာတေ မောင်မိုးဆွေကို ဖွ… ားတဲ့ ချည်မန်းကွင်း ပြန်ချွတ်လိုက်။ ခဏတော့ ပြန်ပျောက်… …ဦးမယ်. မောင်မိုးဆွေ မင်း ဘယ်မှ မသွားနဲ့တော့၊ မစံပယ်ဆီမှာပဲ နေခဲ့ပေတော့"

သူဌေးကိုမိုးဆွေပိုင်တဲ့ ရွှေဇမ္ဗူဆန်စက်ဝင်းကြီးထဲကို





ဘိုးလူပေရယ် ဆရာဦးဘဝင်းရယ် ကျုပ်ရယ် ဝင်လိုက်တာနဲ့ ပဥ္စလက်ဘသိန်းဆိုတဲ့ မှော်ဆရာကြီးက ဆီးကြိုတိုက်တော့တာပဲ ဗျို့။

"မင်း ငါ့ဆီကို လိုက်လာမယ်ဆိုတာ သိလို့ အဆင်သင့်စောင့်နေတာပေါ့၊ ငလူပေရဲ့"

ဟော ပစ်ပြီဗျို့။ ပစ်ပြီ။ ဘိုးလူပေကို သူကစပြီး ပစ်တာဗျာ။ ဘာတွေနဲ့ ပစ်တယ်လို့ထင်တုံး၊ မြွေတွေနဲ့ ပစ်တာဗျ။ ပဥ္စလက်ဘသိန်းရဲ့ တစ်ကိုယ်လုံးမှာ မြွေတွေပတ်ထားတာအပြည့်ပဲဗျ။ ဘိုးလူပေက သူ့တစ်ကိုယ်လုံးကနေ စက်ရောင်တွေ ချက်ချင်းဖြာထုတ်လိုက်ပြီဗျို့။

ဟာ ပဥ္စလက်ဘသိန်း ပစ်သမျှ မြွေတွေဟာ ဘိုးလူပေရဲ့ စက်ရောင်ထဲကို ဖြတ်ပြီးမဝင်နိုင်ဘူးဗျ။ အားလုံး ကြမ်းပြင်ပေါ်ကိုကျပြီး တွန့်လိမ် တွန့်လိမ်နဲ့ ငြိမ်သွားကျရောဗျို့။ မြွေတွေ သေကုန်တာဗျ။

ရှိသမျှ မြွေတွေနဲ့ အကုန်ပစ်ပြီးတာနဲ့ ပဥ္စလက်ဘသိန်းရဲ့ ရုပ်ဟာ ကိုမိုးဆွေနဲ့ ချွတ်စွတ်တူတဲ့ ပုံစံကနေ ချက်ချင်းပြောင်းပြီး ရှမ်းလိုလိုပုံစံ ဖြစ်သွားရောဗျ။ ဟာ ဘသိန်းကြီး နောက်ဂွမ်းပစ်လိုက်ပြီဗျို့။ ဟာ ကျားကြီးဖြစ်သွားပြီဗျာ။ ခါးကြီးနွဲ့နွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒွဲ့ဒွဲ့နဲ့ ကိုးတောင်ကျားကြီးက ဘိုးလူပေကို ခုန်အုပ်ဖို့ မာန်ဖီပြီး ချောင်းနေရောဗျို့။

"ဝေါင်း"

ဟာ ကျားက ပါးစပ်ကြီးဟပြီး ဟိန်းလိုက်ပြီဗျို့။ ဒီအကွက်ကို စောင့်နေတဲ့ ဘိုးလူပေရဲ့ လက်ထဲက အနီရောင် အလင်းစက်ကလေး တစ်စက်က ဖျတ်ကနဲ ထွက်လာပြီး ကျားရဲ့ ဟနေတဲ့ ပါးစပ်ထဲကို ဝင်သွားရောဗျို့။

"ဘုန်း"

ဟော လဲသွားပြီဗျို့။ ကျားကြီး ဘုန်းကနဲ လဲသွားပြီ။ ဟော ဟော၊ မြေကြီးပေါ်မှာ လူးလိမ့်ပြီး မာန်ဖီနေရောဗျို့။ ဝေဒနာတစ်ခုကို မချိမဆံ့ ခံစားနေရတဲ့ပုံဗျ။ ဟော ငြိမ်သွားပြီ။ ငြိမ်သွားပြီ။ ကျားကြီး အသက်ရှိပုံ မပေါ်တော့ဘူးဗျ။ ဟော ဆန်စက်ထဲက လူတွေ ထွက်လာပြီဗျို့။ အပြင်မှာ ဘာဖြစ်သွားတယ်ဆိုတာကို ဒီလူတွေ နည်းနည်းမှ သိပုံမပေါ်ဘူးဗျ။ ဆန်စက်ကြီးကလည်း တဝုန်းဝုန်းနဲ့ လည်တာဆိုတော့ အပြင်က အသံတွေကိုလည်း သူတို့ ဘယ်ကြားနိုင်မှာတုံးဗျာ။

"ဟာ၊ ကျားသေကြီးပါလား၊ ကျားက ဘယ်ကနေ ရောက်လာတာတုံး၊ ဒါထက် သူဌေးရော သူဌေး၊ ကျုပ်တို့သူဌေး





ရော။ စောစောက ဒီအပြင်ကို ထွက်သွားတာဗျ"

အော်ကျယ် အော်ကျယ် ပြောနေတဲ့ အလုပ်သမားကို ဆရာဦးဘဝင်းက သေသေချာချာ ကြည့်လိုက်ပြီး…

"ဟေ့ကောင် မောင်စိန်၊ စက်ထဲကို မြန်မြန်ဝင်ပြီး ဓာတ်ဆီယူခဲ့၊ ဒီကျားကို ဓာတ်ဆီဖျန်းပြီး မီးမြန်မြန်ရှို့လိုက်စမ်း"

"ဟာ…ဆရာဦးဘဝင်းပါလား၊ ကျွန်တော်က ဆရာ ပါလာမှန်း မသိလို့ပါ ဆရာ၊ အခုပဲ မီးရှို့လိုက်ပါ့မယ်"

ခဏအတွင်းမှာပဲ ကျားသေကြီး ပြာဖြစ်သွားတော့တာ ပေါ့ဗျာ။

"ကဲ မောင်စိန်၊ ငါတို့ သွားပြီ၊ ခဏနေရင် မင်းတို့ သူဌေး ကိုမိုးဆွေ လာလိမ့်မယ်၊ မင်းတို့ ဆရာကတော်လေးပါ ပါရင်ပါလာမှာကွ မောင်စိန်ရ"

"ဟာ…ဟုတ်လား ဆရာဦးဘဝင်း၊ ဝမ်းသာလိုက်တာ ဗျာ၊ သူဌေး အိမ်ထောင်ပြုတော့မှာလား ဆရာ"

"အေး…ဟုတ်တယ်ကွ မောင်စိန်ရ"

ကျုပ်တို့သုံးယောက် ရွှေဇမ္ဗူဆန်စက်ဝင်းကြီးထဲက အထွက်မှာ ဝင်းထဲကို ဝင်လာတဲ့ စက်သူဌေး ကိုမိုးဆွေရယ်၊ မစံပယ်ရယ်၊ မစံပယ်ရဲ့အဖေ ဦးဘစိန်ရယ်၊ မစံပယ်ရဲ့အမေ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အုန်းကျင်ရယ်ကို တွေ့လိုက်ရတယ်ဗျ။

"ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"


လို့ ဘိုးလူပေ မေတ္တာပို့လိုက်တဲ့ အသံကို ကျုပ် ကြား လိုက်တယ်။

တာတေ

□□□







# ညောင်ပင်ပေါ်က တစ္ဆေသုံးကောင်

စောစောပိုင်းကပင် တိမ်နီ တိမ်ဝါ တိမ်ပြာတွေနှင့် အလှဆင်ကာ တောက်ပနေသော ညနေခင်း နွားရိုင်းသွင်းချိန် ပတ်ဝန်းကျင်အလှအပသည် လျှင်မြန်စွာ ချုပ်ငြိမ်းကွယ်ပျောက်စပြုလာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့မြောက်ထောင့်ယွန်းယွန်းဆီမှ မျိုးတူရာ မျိုးတူရာ အုပ်စုဖွဲ့ ပျံသန်းလာကြသော ငှက်အုပ်များသည် အနောက်တောင်ထောင့် တောအုပ်ညိုဆီသို့ တဖွဲဖွဲ အိပ်တန်းဝင်နေကြပေပြီ။ ပေတောကုန်းနှင့် ချပ်သင်းမြောင် ရွာနှစ်ရွာကြားတွင် အရက်ပုန်းဆိုင်နှင့် ထန်းရည်ဆိုင်များ ရှိစေရာ ယခုအချိန်တွင် ရီဝေဝေ မျက်ထောင့်နီ မျက်လုံးများ၊ မှုန်တေတေ မျက်နှာထားများ၊ လေချဉ်တအေ့အေ့ အသံများသည် သံပြိုင်ညီညာ ထွက်ပေါ်လာပြီကော။ အချို့က ပေတောကုန်းရွာဘက်ဆီသို့ ဒယီးဒယိုင် ခြေလှမ်းများဖြင့်။ တချို့ကတော့ ချပ်သင်းမြောင်ရွာဘက်ဆီသို့ ပြန်ကြလေပြီ။ အများစုကတော့ ချပ်သင်းမြောင်ဆီသို့ ပြန်ကြသည်က များသည်။ ပေတောကုန်းရွာကတော့ နည်းနည်းလှမ်းသည်။ ပေတောကုန်းရွာသားတွေက သည်အရက်ပုန်းဆိုင်၊ ထန်းရည်ဆိုင်သို့ လာရောက်သည်က နည်းသည်။ လမ်းကြုံရှိမှသာ ဝင်ရောက်သောက်ကြသည်က များပေသည်။

အံမှောင်သည် တဖြည်းဖြည်း ကြီးစိုးဝင်ရောက်လာပေပြီ။

မြင်းလှည်းဆရာ ကိုတာတီးသည် ရွာအဝင် ကားဂိတ်ခေါက်ဆွဲကြော်ဆိုင်မှ ဝယ်လာသော ခေါက်ဆွဲထုပ်ကို ကိုင်ရင်း





တစ်လမ်းလုံး ခြေကားရား လက်ကားရားဖြင့် လျှောက်လာသည်။

"ခလောက်ကလေးရယ်တဲ့၊ ဒိုးဒိုးဒေါင်"

ဖိုတို့မောင် ယာမလုပ်တဲ့၊ မြင်းလှည်းမောင်းတဲ့မောင်"

"ဟား...ဟား...ဟား"

သူသည် တောင်စဉ်ရေမရ အခြောက်တိုက် ရယ်မောရင်း သိုင်းကွက်နင်းကာ လျှောက်လာခြင်း ဖြစ်ပေသည်။ ရီဝေဝေ မျက်လုံးများဖြင့် ရွာဘက်ဆီ လှမ်းကြည့်လိုက်တော့ မှောင်ရီပျိုးစ ညနေခင်းအောက်ဆီတွင် ရွာအိမ်တဲတန်းကလေးတွေကို မှုန်ကုပ်ကုပ် လှမ်းမြင်နေရပြီဖြစ်သည်။

ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်မိသည်။ အရက်က ထွေနေတော့ သိပ်အဆင်မပြေ။ တစ်လုံးတစ်ပိုင်း တစ်ဝကြီး သောက်မိထားပေရာ ရေချိန်ကိုက်နေခြင်း ဖြစ်သည်။ မနက်ကပင် ဇနီးဖြစ်သူကို မြင်းလှည်းသိမ်းလျှင် ဝက်သားနှင့် ခေါက်ဆွဲကြော် ဝယ်လာမည်ဟု ပြောထားရာ ဇနီးသည်က စောင့်မျှော်နေပေရော့မည်။

ခြေလှမ်းကို ခပ်သွက်သွက် လှမ်းကာမှ လှည်းလမ်းကြောင်းပက်ကြားထဲ ခြေထောက်ဝင်သွား၍ လဲမတတ် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်...ဒီပက်ကြားအက်နှယ်"

ယိုင်တိယိုင်ထိုး လျှောက်လာရာ ရွာထိပ်ညောင်ပင်ကြီး အောက်သို့ ရောက်လာသည်။ သည်တော့မှ ပြန့်ကြဲနေသော သူ့စိတ်နှင့် ခန္ဓာကိုယ်ကို တဒင်္ဂပူးကပ်ပေးလိုက်မိသည်။ သည်ဇရာမ ယောကျ်ားကြီး သုံးဖက်စာခန့်ရှိသော ညောင်ပင်အိုကြီးသည် သူ မမွေးခင်ကပင် ရှိနေသည့် ညောင်ပင်အိုကြီးပင် ဖြစ်သည်။ ဆရာကြီး မင်းသုဝဏ်၏ ပျဉ်းမငုတ်တို ကဗျာထဲကလို 'စစ်ကိုလည်းကြုံ၊ ချအုံလည်းဖြမ်၊ ဓားထစ်လည်းခံ' ရသည့် ခေတ်စနစ်နှစ်ပေါင်းများစွာကို ဖြတ်သန်းလာခဲ့သည့် ညောင်ပင်ကြီးပင် ဖြစ်ပေသည်တကား။

ပဒေသရာဇ် ပါတော်မူခေတ်၊ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ယခု လွတ်လပ်ရေးကာလ ရောင်စုံသူပုန်ခေတ် စသည့် ခေတ်စနစ်တွေ ဖြတ်သန်းလာသည်ကို ကြုံရ ဆုံရသည့် ညောင်ပင်ကြီး ဖြစ်ပေသည်တကား။

သီပေါမင်းလက်ထက်က သည်နယ်တွင် ဓားပြကြီး ဗိုလ်မိုးလုံး ကြီးစိုးခဲ့ဖူးရာ စစ်သည်ရဲမက်တို့က ဖမ်းဆီးမိသွားပြီး ညောင်ပင်တွင် ကြိုးတုပ်ကာ မီးရှို့သတ်ခံရသည်ဟု အဘိုး၊ အဘွားတွေ ပြောဖူးသည်။ ဗိုလ်မိုးလုံး၏ အရိုးများကို ညောင်ပင်





ခြေရင်းတွင်ပင် မြှုပ်နှံထားသည်ဟု ဆိုကြသည်။

အင်္ဂလိပ်ခေတ် ရောက်ပြန်တော့ ပေတော့ကုန်း သူကြီးကို အင်္ဂလိပ်အလိုတော်ရိ တစ်ပါးကျွန်ဟု စွဲချက်တင်ကာ မြန်မာ့မျိုးချစ်သူရဲကောင်းများသည် ဤညောင်ပင်ခြေရင်းမှာ နဖူးကို သေနတ်နှင့်ပစ်ကာ အဆုံးစီရင်သွားဖူးသည်။

လွန်ခဲ့သည့် တစ်လခန့်'ပူပူနွေးနွေး ကျောင်းသားဖိုးငွေ တစ်ယောက် ဆွဲကြိုးချ သေဆုံးသွားခဲ့ဖူးသည်။ ဖိုးငွေသည် ရိုးသားသော သူရင်းငှား လူငယ်ကလေးတစ်ယောက် ဖြစ်သည်။ သူ့ရည်းစားကို ကောင်မလေးဘက်မှ မနှစ်မြို့ သဘောမတူနိုင်ဘဲ မြို့ပေါ်မှ ချမ်းသာသော လူတစ်ယောက်နှင့် အတင်းအကျပ် ပေးစားလိုက်ရာ ဖိုးငွေ စိတ်ညစ်ပြီး နဖားကြိုးဖြင့် ညောင်ကိုင်းကို ချည်နှောင်ကာ အချစ်အတွက် သက်သေပြသွားခြင်း ဖြစ်ပေသည်။

ကိုတာတီးသည် ညောင်ပင်ကြီး၏ စိမ်းစိုအုပ်ဆိုင်းလှသော အရွက်ဖားဖားကြီးများအောက်သို့ ဝင်ရောက်လိုက်သည်နှင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထကာ ကျောပြင်တစ်လျှောက် ဓားထက်ထက်နှင့် ပေါ့ဖွဖွ ဆွဲချသလို ခံစားလိုက်ရသည်။

"အား...ကျောထဲကို စိမ့်သွားတာပဲ"

သူ့အတွေး ဆုံးသွားသည်နှင့် နောက်ကျောဘက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက် တိုးကပ်လာသလို ခံစားလိုက်ရပြန်သည်။ သူ လှည့်ကြည့်လိုက်တော့ မည်သူမျှ မရှိ။

"ဘယ်လိုလဲ"

ရုတ်တရက် လူတွေ သူ့အနား ဝိုင်းလာသလို ခံစားလိုက်ရပြန်သည်။ ကြက်သီးတွေ တဖြန်းဖြန်းထကာ ထွက်ပြေးရမလို၊ ထိုင်ချရမလို ဇဝေဇဝါ ဖြစ်လာသည်။ ညောင်ပင်ကြီးပေါ် မော့ကြည့်လိုက်တော့ လေတိုက်သဖြင့် သစ်ရွက်တွေ လှုပ်နေသည်။ သစ်ရွက်လှုပ်သဖြင့် အရိပ်မည်းကြီးတွေ ရွေ့လျားနေကြသည်။ အမှောင်ထုထဲမှ တစ်စုံတစ်ယောက်ပဲ ခုန်ချတော့မလို ဘွားခနဲ ပေါ်လာတော့မလို။

ကိုတာတီးသည် ရုတ်တရက် သောက်စားလာသော အမူးရသကလေး ပြေပျောက်သွားရတော့သည့် လှုပ်ရှားမှုတစ်ခုက ရုတ်တရက် ပေါ်ပေါက်လာသည်။

သူ့လက်ထဲမှ ကိုင်လာသော ခေါက်ဆွဲထုပ်ကို တစ်စုံတစ်ယောက်က နောက်မှနေ၍ ဆတ်ခနဲ ဆွဲလိုက်ခြင်းဖြစ်သည်။

"ဟိုက်...ဘယ်ကောင်လဲကွ"

နောက်သို့ လှည့်ကြည့်သည်။ မည်သူမျှ မရှိ။ ရုတ်တရက် ချွေးစေးတွေ ပြန်လာသည်။ ကြက်သီးဖြန်းခနဲ ထသွားသည်။





ခေါက်ဆွဲထုပ်က လက်ထဲမှာပင် ရှိသေးသည်။ ဆောင့်ဆွဲလိုက်ရာသို့ ပါမသွား။ ကိုတာတီးသည် မူးပင်မူးငြားသော်လည်း လက်ထဲက ခေါက်ဆွဲထုပ်တော့ အဆုံးရှုံးခံ၍ မဖြစ်။ အိမ်ရောက်၍ ခေါက်ဆွဲထုပ် ပါမသွားလျှင် မိန်းမနှင့် ပြဿနာ ဖြစ်ရတော့မည်။ ဒါပေမဲ့ သူနှင့် အရက်သောက်တုန်းက ချပ်သင်းမြောင်က သံလုံးနှင့် အတူတူ အရက်သောက်ခြင်း ဖြစ်သည်။ သံလုံးများက နောက်က လိုက်လာပြီး တစ္ဆေခြောက်တာလား။ ဒီကောင်က နောက်တီးနောက်တဲ့ကောင်။ ဒါပေမဲ့ ဒီလောက် မှောင်ရီပျိုးစ တစ်မျှော်တစ်ခေါ် ဝေးသည့်နေရာထိ လိုက်လံ၍ နောက်ပြောင်ကျီစယ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒါဆို ဘယ်သူလဲ၊ အမယ်လေး..ဘုရား..ဘုရား..ဒီနားမှာ လောလောဆယ် ငါတစ်ယောက်တည်းပါလား။ ဖြတ်သွားဖြတ်လာ တစ်ယောက်မှ မရှိ။ ဒါဆို သရဲသုံးကောင်ထဲက တစ်ကောင် ဖြစ်နိုင်သည်။

ကိုတာတီးသည် ညောင်ပင်အောက်မှ အမြန်ဆုံး ထွက်ခွာရန် ခြေလှမ်းကို ပြင်သည်။ စောစောက မူးယစ်ဝေသော ဝေဒနာလေးလည်း အငွေ့ပျံ ခမ်းခြောက်သွားပေပြီ။

ရုတ်တရက် ခေါက်ဆွဲထုပ်ကို နောက်မှ ဒုတိယအကြိမ် ဆောင့်ဆွဲခြင်းကို ခံလိုက်ရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟ…ဘယ် သူတောင်းစားလဲဟေ့၊ ငါ့မိန်းမအတွက် ဝယ်လာတဲ့ဟာကို ဟာကို၊ ဟာပဲ ဟာပဲ"

သူသည် အမှောင်ထဲမှာပင် ယောင်ယမ်း၍ ကလော်တုတ်သည်။ ဆဲရေးတိုင်းထွာသည်။ သည်ကြားထဲ ခေါက်ဆွဲထုပ်က အနောက်သို့ ပါပါသွားသည်။ အကောင်အထည် မမြင်ရ။

"ခွေးမသား တချွေ"

ထိုစဉ် ခေါက်ဆွဲထုပ်ကို ဆုပ်ကိုင်ထားရာမှ အမှောင်ထဲတွင် မြှောက်ကြည့်လိုက်မိရာ ခေါက်ဆွဲကြော်ထုပ်ကို တစ်စုံတစ်ယောက်က ကြေးစည်ထုသလို လှည့်နေသည်ကို တွေ့လိုက်ရလေသည်တကား။

"ဘုရား…ဘုရေး…ငါ့ကို ခြောက်ပြီ၊ သရဲ"

"ဟီ…ဟီ…ဟီ"

ရုတ်တရက် ရယ်သံကြီးတစ်သံ ညောင်ပင်ပေါ်မှ ထွက်လာသည်။ ထိတ်ထိတ်ပျာပျာဖြင့် မော့ကြည့်လိုက်ရာ ဧရာမ သစ်ကိုင်းခြောက်ကြီးတစ်ခု သူ့ရှိရာသို့ ဆန့်ထွက်လာသည်။ သစ်ကိုင်းခြောက်ကြီးအပေါ်တွင်…

ဟင်းချိုသောက်ပန်းကန်လုံး ပမာဏရှိ နီကြောင်ကြောင် မျက်လုံးကြီးနှစ်လုံး။ မျက်လုံးကြီးနှစ်လုံးသည် တာတီးကို





ပေကလပ် ပေကလပ်ဖြင့် စိုက်ကြည့်နေခြင်းပေတည်း။ ကိုတာတီးသည် နှလုံးသွေးရပ်သလို လေဖြတ်သလို ခပ်တောင့်တောင့်ဖြစ်သွားကာ…

"အောင်မယ်လေးဗျ"

ငယ်သံပါအောင် အော်ကာ တစ်ချိုးတည်း ပြေးလေတော့သည်။ လမ်းတစ်လျှောက် ကျင်းချိုင့်တွေကို မမြင်။ ဟပ်ထိုးဟပ်ထိုးလဲကျသည်ကို သတိမပြုမိ။ ချော်လဲသည်ကို နာကျင်ရမှန်းမသိ။ အိမ်သို့ မည်သို့မည်ပုံ ရောက်သွားသည်ကို စဉ်းစားမရတော့။

အိမ်ရောက်တော့ ပတ်ဝန်းကျင်က တတ်သမျှ မှတ်သမျှ ရေမန်းတိုက်၊ ဘုရားစာတွေ ရွတ်တော့မှ ကြက်သေသေရသွားကာ အကျိုးအကြောင်း ရှင်းပြနိုင်သည်။ ခေါက်ဆွဲထုပ်ကို ဖြေကြည့်လိုက်တော့ အထဲမှာ ဘာမှမရှိတော့ဘဲ ညောင်ရွက်အစိမ်းတွေသာ ချွေထည့်ထားသည်ကို တွေ့လိုက်ရပေသည်။ လတ်လတ်ဆတ်ဆတ် ညောင်ရွက်တွေဖြစ်သည်။

"တော်ရေ…ရှင်တော့ မသေကောင်း မပျောက်ကောင်းတော်၊ ဟောက်ချင်ဦး အရက်"

သည်လိုနှင့် တာတီး သရဲခြောက်ခံရခြင်းမှာ အရက်၏



www.burmeseclassic.com

www.burmeseclassic.com



ပယောဂမကင်းဟု ဆိုကြသည်။

"ခွေးမသား…ဆွဲကြိုးချသေတဲ့ ဖိုးငွေပဲနေမှာ"

❑

နံနက်စောစော ကြီးမနိုးမီအချိန် ရွာဦးကျောင်းဆီမှ ကုလားတက်ခေါက်ပြီးစအချိန်…

မဆယ်သည် နံနက်စောစောကပင် ကောက်ညှင်းပေါင်းကာ ငါးနာရီခန့်ဆိုလျှင် ရောင်းချရန် ပြင်ဆင်ပြီး ဖြစ်သည်။ တစ်မိုင်သာသာဝေးသော ရွာထိပ် မြင်းလှည်းဂိတ်တွင် ဆိုင်ခုံကလေး၊ မြေစိုက်တဲကလေး ဆောက်ထားကာ ရောင်းချသည်။ ကားဂိတ်မြင်းလှည်းဂိတ်ဆုံရာ ဖြစ်သဖြင့် အရောင်းအဝယ်ကောင်းလှသည်ဟု ဆိုရပေမည်။

မိဘအိုကြီးနှစ်ပါးကို မညည်းမညူ ဈေးရောင်းရှာဖွေလုပ်ကိုင် ကျွေးမွေးနေသော မဆယ်သည် အပျိုကြီးတစ်ယောက်သာ ဖြစ်သည်။ အသက် ၃၅ နှစ်ခန့် ရှိပြီ။ ရုပ်ရည်ရူပကာ သင့်တင့်သော်လည်း စိတ်ကြိုက်မတွေ့သေး၍လော။ ဖူးစာရှင် မပေါ်ပေါက်သေး၍လော မသိ။ အပျိုကြီးဘဝက မလွတ်ကျွတ်နိုင်သေးပေ။





ခြံဝင်းကျယ်ကျယ် သီးပင်စားပင် ဝေဝေဆာဆာနှင့် ဝမ်းစာအတွက် လယ်ကလေး နှစ်ကွက် သုံးကွက် ရှိပြီး မပူမပင် မတောင့်မတ နေရသော်လည်း ဈေးရောင်းဈေးဝယ် ဝါသနာထုံလှသော မဆယ်သည် ဝီရိယကြီးစွာဖြင့် ချမ်းချမ်းစီးစီးကာလကြီးတွင်ပင် ချွေးစို့ကာ ကောက်ညှင်းပေါင်းတောင်းရွက်ရင်း မြင်းလှည်းဂိတ်သို့ ထွက်လာသည်။

ဆောင်းကာလသည် ညတာရှည်သည့်အလျောက် နံနက်ငါးနာရီခန့်အချိန်ကာလသည် မှောင်မိုက်တုန်း၊ အလင်းပျောက်နေတုန်းပင်။

ရွာပြင်လမ်းမသည် တိတ်ဆိတ်လျက်ရှိသည်။ ဖြတ်သွားဖြတ်လာ တစ်ဦးစ နှစ်ဦးစကိုပင် မမြင်ရသေးပေ။ တစီစီမြည်နေသော ပိုးပုရစ်ကောင်များ၏ အသံ။ အစာရှာ ညယံငှက်များ၏ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်၍ ပျံသန်းသွားသော မြင်ကွင်း။ လေငြိမ်သဖြင့် မလှုပ်မယှက် ငြိမ်သက်ငိုက်မြည်းနေကြသော သစ်ပင်ကြီးများသည်သာ မလှုပ်မယှက် အကဲခတ်စိုက်ကြည့်နေကြသယောင်ရှိသည်။

ခါတိုင်း နိစ္စဓူဝ နံနက်စောစော ဈေးထွက်မြဲဖြစ်သည်။ မဆယ်သည် သည်နေ့တော့ ရင်ထဲမှ လေးလံနေသယောင်ယောင်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သွေးခဲမတတ် ဆောင်းလေကြမ်းတစ်ချက်က ခပ်ပြင်းပြင်းကလေးဆောင့်၍ တိုက်လိုက်လေသည်။

"အမယ်လေး…အေးလိုက်တာ"

အမှောင်ထုအောက်ဆီမှ သစ်ရွက်သစ်ခက်များ တရှဲရှဲမြည်ကာ လှုပ်ခါယမ်းသွားလေသည်။ သူသည် နောက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ရွာသည် ဟိုးခပ်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီ။ ရွာထဲရှိ တဲအချို့၏ မီးရောင်လက်လက်ကိုသာ မြင်နေရသေးသည်။

သူ့ရှေ့တူရူမှာတော့ အထင်ကရ ညောင်ပင်ကြီး ရှိသည်။ ညောင်ပင်ကို ကျော်လိုက်မည်ဆိုလျှင်တော့ လှည်းဂိတ်သည် မဝေးတော့။ မြင်းလှည်းဂိတ်တွင်တော့ လူနှစ်ဦးစ သုံးဦးစ အမြဲရှိသည်။ ကြောက်စရာမလို။

သူမ၏ ခြေလှမ်းများသည် ညောင်ပင်ကြီးကို မြင်ကာမှ ပို၍ ပို၍ ခပ်သွက်သွက် ဖြစ်လာသည်။ လျင်မြန်သော ခြေလှမ်းများကြောင့် ညောင်ပင်ကြီးနှင့် နီးလေ သူမစိတ်တွေ ပို၍ ထွေပြားလာလေဖြစ်သည်။

ညောင်ပင်ကြီးမှ တစ္ဆေရှိသတဲ့၊ တစ္ဆေခြောက်သတဲ့။

မဆယ်သည် ဈေးတောင်းကို လက်ဖြင့် ထိန်းမတ်ရင်း





ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည်။ ဆောင်းလေက တဟူးဟူး တိုက်လာသည်။ သစ်ရွက်တွေ ဖျောခနဲမြည်ကာ ငြိမ်သက်သွားသည်။

"အေးလိုက်တာနော်၊ စိမ့်သွားတာပဲ၊ မြန်မြန်လျှောက်မှ"

ညောင်ပင်ကြီး၏ မည်းမှောင်သော အရိပ်သည် နေရာအနှံ့ယူထားသည်။ လေမတိုက်သဖြင့် သစ်ရွက်တွေ ငြိမ်သက်သော်လည်း တရွေ့ရွေ့တော့ လှုပ်နေသေးသည်။

မဆယ်သည် အရိပ်ကောင်းလှသည့် ညောင်ပင်ကြီးကို တစ်ချက်တော့ မဝံ့မရဲ ကြည့်မိလိုက်သေးသည်။ ကျောထဲမှ ဖြန်းခနဲ စိမ့်အေးသွားသည်။

သည်ညောင်ပင်ကြီးမှာ တစ္ဆေခြောက်သတဲ့။

တစ္ဆေတွေမှာ တစ်ကောင်တည်း မဟုတ်။ နှစ်ကောင်၊ သုံးကောင်တောင်မှဆိုပဲ။ အမယ်လေး…လွန်ခဲ့တဲ့ သုံးရက်ကပင် ရွာထဲက အရက်သမား ကိုတာတီးကို ခြောက်လွှတ်လိုက်သည်ဆိုပဲ။ တော်တော်ဆိုးတဲ့ သရဲပါလား။ ခေါက်ဆွဲကြော်ထုပ်ကို လုစားသတဲ့။ ပြီးတော့ ခေါက်ဆွဲထုပ်ထဲကို ညောင်ရွက်တွေ ထည့်လွှတ်သတဲ့။ တော်တော်အကျင့်တန်တဲ့ သရဲပါကလား။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ညောင်ပင်က လွတ်အောင် မြန်မြန်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မှပဲ။

သူမ ခပ်သွက်သွက် လျှောက်လိုက်သည်။

ညောင်ပင်ကို ကျော်သွားသည်။

ဘုရား..ဘုရား..တော်ပါသေးရဲ့။ ညောင်ပင်အောက်က လွတ်သွားပြီ။ ဟိုးဝေးဝေးမှာ မြင်းလှည်းဂိတ်ကိုပင် လှမ်းမြင်နေရပြီ။ ထိုစဉ် ရှေ့တူရူမှ မီးအုပ်(ဖားမီးအုပ်)ကလေးကိုင်ကာ လူတစ်ယောက် မျက်နှာချင်းဆိုင်မှာ လျှောက်လာသည်။ မြင်းလှည်းဂိတ်ဆီမှ ထွက်လာတာဖြစ်မည်။ ရွာထဲကလား၊ ခရီးသည်လားမသိ။ ဘာပဲဖြစ်ဖြစ်၊ သည်လို လင်းအားကြီးအချိန်မှာ လူတစ်ယောက်ကို တွေ့လိုက်ရတာ အားရှိစရာ၊ အဖော်ပဲ မဟုတ်လား။

မျက်နှာချင်းဆိုင်မှလူနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ခေါင်းပေါင်း ပေါင်းထားသော လူတစ်ယောက် ဖားမီးအုပ်၏ အလင်းရောင်ဖြင့် လှမ်းကြည့်လိုက်တော့ လူစိမ်းတစ်ယောက်ပဲဖြစ်သည်။ ရွာထဲကတော့ မဟုတ်ပေ။ ဘာပဲဖြစ်ဖြစ် အဖော်ရသည်။

သူမနှင့် လက်တစ်ကမ်းအကွာတွင် လူစိမ်းက အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်သည်။

“တောင်းထဲက ဘာတွေတုံး”





လူစိမ်းဆီမှ ထွက်ပေါ်လာသော အသံ။ အသံက သြရှရှ။

“ကောက်ညှင်းပေါင်းပါရှင့်”

လူစိမ်းသည် တစ်ချက် ရယ်လိုက်သည်။

“စားစားစီးစီး အတော်ပဲ၊ အစာထွက်ရှာတာ ဘာမှ မရလိုက်ဘူး”

သူမသည် တစ်ချက်တော့ တွေသွားသည်။ တစ်ခုခုပြန်ပြောရန် ပြင်ဆင်လိုက်ချိန်မှာပင် လူစိမ်းက အသံသြကြီးနှင့်ပင်..

“နည်းနည်းရောင်းစမ်းကွယ်”

အင်...ဘာပဲဖြစ်ဖြစ် ဝယ်သူရှိတော့ ဈေးဦးပေါက်ရောင်းရတာပေါ့၊ ငြင်းလိုက်၍ မဖြစ်။ ဈေးဦး ကန်းသွားလျှင် နိမိတ်မရှိ။

သူမသည် ဖားမီးအုပ်အရောင်ဖြင့် ဈေးတောင်းကို ချလိုက်သည်။

မဆယ်၏ ကောက်ညှင်းပေါင်းတောင်းသည် အဖုံးဖွင့်လိုက်သည်နှင့် မွှေးပျံ့သော ကောက်ညှင်းပေါင်းရနံ့က လှိုက်ကာ ထွက်လာလေသည်။

“အား...တယ်မွှေးတာပဲကိုး”

မဆယ်သည် မီးအုပ်ဆောင်းနှင့် လူကို ဆတ်ခနဲ မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ အသက်လေးဆယ်ကျော်ခန့် ရှိလိမ့်မည်။ အသားမည်းလွန်းသည်။ မီးရောင်ကြောင့် အဆီပြောင်ပြောင် မျက်နှာကြီးသည် ပို၍ပြောင်တင်းလာသည် ထင်သည်။ အသံကြီးက ပို၍အစ်တစ်တစ် ဖြစ်လာသည် အောက်မေ့သည်။

"ဘယ်…ဘယ်လောက်ဖိုး ထည့်ပေးရမှာလဲရှင့်"

"ဒီလောက်ဖိုးပေါ့"

ထိုလူသည် အိတ်ထဲမှ ကျပ်ဝိုင်းတစ်ပြားကို ထုတ်ပေးသည်။ မဆယ် လှမ်းယူပြီး မီးရောင်တွင် ငုံ့ကြည့်လိုက်မိသည်။

ရွှေရောင်ဝင်းလက်နေသော ရှေးခေတ်သုံး ရွှေဒင်္ဂါးပြားတစ်ပြားသာ။ မဆယ်သည် အနည်းငယ် တွေဝေသွားသည်။ အဖိုးထိုက်တန်သော ရှေးခေတ်သုံး ရွှေဒင်္ဂါးပြားနှင့် ကောက်ညှင်းပေါင်း ဝယ်သူသည် မည်သို့သော ပုဂ္ဂိုလ်ထူးပေနည်း။ သည်လူကြီးကို သည်အရပ်မှာ မတွေ့ဖူးပေ။ အချိန်မတော် မည်သည့်အရပ်က ရောက်လာသနည်း။

"ဦး…ဦးလေးကို တစ်ခါမှ မတွေ့ဖူးဘူး၊ ဘယ်မှာနေတာလဲဟင်"

ထိုလူသည် မဆယ်ကို တစ်ချက်စိုက်ကြည့်ကာ ရွာဘက်သို့ မေးဆတ်ပြသည်။





"ရွာထဲမှာ ဦးလေးကို မတွေ့ဖူးပါဘူးရှင်"

မဆယ်၏ ရင်ထဲတွင် သံသယစိတ်တစ်ခုသည် ကြီးထွားလာသည်။ ဖားမီးအုပ် အလင်းစက်ဝန်းထဲမှ မြင်နေရသည့် မည်းပုပ်ပုပ် မျက်နှာပြဲအဆီပြောင်ကြီးကို ရုတ်ချည်းကြောက်ရွံ့စိတ်ဝင်လာသည်။ ဘုရား…ဘုရား…လူမှ ဟုတ်ရဲ့လား မသိ၊ လူ…လူ။

ထိုလူသည် ဖားမီးအုပ်ကို ဘေးသို့ ချလိုက်ပြီး ရွာဘက်ကို လက်ညှိုးထိုးပြပြန်သည်။ ရုတ်တရက် ပါးစပ်ဟလိုက်ရာ ကွမ်းချေးစွဲနေသော ရောမ သွားနီနီကြီးတွေကို တွေ့လိုက်ရပေရာ ပို၍သံသယကြီးထွားလာသည်။

လက်ညှိုးထိုးရာကို လှည့်ကြည့်လိုက်တော့ မဆယ် ကျော်ဖြတ်လာသော ညောင်ပင်ကြီးပဲ ဖြစ်သည်။ ဘာမှမရှိ။

မဆယ်သည် ဖျန်းခနဲ သွေးကြောတွေ ပေါက်ကွဲလွင့်စဉ်မတတ် ကြောက်ရွံ့သွားလေသည်။ ထိုလူသည် အစာနင်နေသော ကြက်ဖအိုကြီးတစ်ကောင်၏ လည်ပင်းအစ်သံကြီးဖြင့်…

"အဲဒီမှာနေတာ၊ ညောင်…ညောင်ပင်"

"အမယ်လေး…ဘုရား…ဘုရား"

မဆယ်သည် ရုတ်တရက် လေငန်းမိသလို ကြက်သေ



www.burmeseclassic.com

www.burmeseclassic.com



သေကာ မလှုပ်မရှားနိုင်တော့။

"ဟီး…ဟီး…ဟီး"

ကြောက်မက်ရွံ့ရှာဖွယ် ရယ်သံကြီး တစ်သံ။

ထိုလူသည် ခေါင်းမှာ ပေါင်းထားသော ခေါင်းပေါင်း မျက်နှာသုတ်ပဝါကို ရုတ်တရက် ဖြေချလိုက်သည်။ မဆလ်သည် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အသက်ရှူရပ်ကာ…

"အ…အ…အ…သရဲ…သ…သ…ရဲ"

သတိလစ်လျက် ကောက်ညှင်းပေါင်းတောင်းပေါ်သို့ လဲကျသွားသည်။

ခေါင်းပေါင်းကို ဖြေချလိုက်သည့်လူ၏ မျက်နှာပြင်ရှိ နဖူးပြင်တွင် ကျပ်စေ့ဝိုင်းခန့် တိုးလျှိုပေါက် အပေါက်ကြီးတစ်ခုကို မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်တကား။

❑

မနက်စောစော တောတက်မည့် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်ခေတ်ကျန် မီးကျိုးမောင်းပျက် သေနတ်ကို ပြင်ဆင်မွမ်းမံကာ ကျည်ဆန် လုံလုံလောက်လောက်ဖြင့် နေအိမ်မှ ထွက်လာ





သော ဖိုးပေသည် တောလမ်းအတိုင်း လျှောက်လာသည်။ သူ ထွက်လာသောအချိန်သည် အင်္ဂလိပ်နာရီ သုံးနာရီကျော်ကျော်သာ ရှိသေးသည်။ မိုးမလင်းသေး။ ညဥ့်ငှက်တွေ အစာရှာ၍ ကောင်းသည့်အချိန်။

သူထွက်ခဲ့ရာ ချပ်သင်းမြောင်ရွာကို လှည့်ကြည့်လိုက်တော့ ရွာကလေးသည် ပြင်းထန်ဆိုးဝါးလှသော ဆောင်းရာသီ၏ နှင်းထုလွှာအောက်တွင် မလှုပ်မယှက် ငြေးငြိမ်အိပ်ပျော်နေဆဲ။ အေးချမ်းစွာ အနားယူနေဆဲ။ သူလို တောတက်မုဆိုးကျော် တစ်ယောက်သာ မအိပ်နိုင်ဘဲ တောလမ်းခရီးပေါ် တစ်ယောက်တည်း လမ်းလျှောက်နေဆဲ။ သူသည် ဇရာမ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ပါးစောင်တွင်ခဲကာ သေနတ်၊ တောတက်လွယ်အိတ်ကို လွယ်ကာ ငိုက်စိုက် ငိုက်စိုက်ဖြင့် လှမ်းလာခြင်း ဖြစ်သည်။

သူသည် တောတက်ရာတွင် တစ်ယောက်တည်း ထွက်ခဲ့သည်။ ကြောက်မက်ဖွယ် တောရိုင်းတိရစ္ဆာန်များနှင့် ရင်ဆိုင်တွေ့ရာတွင် တစ်ယောက်တည်းသမားအဖို့ လွန်မင်းစွာ အသက်အန္တရာယ်များလှသည်။ သည်တော့ သူ့လို လုပ်ငန်းတူ ဝါသနာတူတစ်ယောက်ကို တွဲဖက်ညီစွာ လက်တွဲဖော်ပြုထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



စောကြက်ရိုးသည် ပေတောကုန်း ရွာသားဖြစ်ကာ သူလို မုဆိုးတစ်ယောက် ဖြစ်သည်သာမက တောတက်အတွေ့အကြုံလည်း များသူဖြစ်သည်။ သူတို့နှစ်ယောက်သည် ပူးတွဲကာ တောလိုက်ကြသဖြင့် သားကောင် မရမရှိဘဲ ရွာကို ပြန်လာရိုးထုံးစံ မရှိပေ။ အနည်းဆုံး သင်းခွေချပ်၊ ဖွတ်တော့ တစ်ကောင်စီ ရစမြဲပင်။ စောကြက်ရိုးက ဒူးလေးပစ် ကျွမ်းကျင်သလောက် သူကတော့ သေနတ်ပစ် ကျွမ်းကျင်သည်။ သေနတ်ကို အမျိုးမျိုး ပြုပြင်ကာ သုံးတတ်သည်။ သူ၏ အရည်အချင်းတစ်ရပ်ဟု သီးခြားဂုဏ်ယူရမည့် အချက်တစ်ချက် ဖြစ်၏။ လုပ်သေနတ်၊ လုပ်ကျည်ဆန် ကျွမ်းကျင်စွာ လုပ်တတ်သည်။ လှံ၊ ဓားတက်၊ ပွတ်ဆူး၊ တံစဉ်း စသည့် ပစ္စည်းကိရိယာများလည်း စုံလင်စွာ စုဆောင်းထားသည်။ ယခုတောတက် တောလိုက်ထွက်လာတော့ လက်လုပ်ကျည်ဆန် အတောင့်သုံးဆယ်ခန့် ပါလာသည်။ အမဲကြီးများမှလွဲ၍ တော်ရုံတောဝက်၊ ချေလောက်တော့ တစ်ချက်ကောင်း ပစ်နိုင်သည်။

လွန်ခဲ့သည့် နှစ်ရက်ကပင် သူသည် စောကြက်ရိုးနှင့် တောလိုက်ရန် ချိန်းဆိုထားရာ ပေတောကုန်းသို့ ထွက်လာခြင်း ဖြစ်သည်။ ချမ်းအေးလှသော ဆောင်းရာသီဖြစ်ရကား အနွေးထည်





လုံလုံလောက်လောက် ရိက္ခာအပြည့်အစုံ ထည့်ထားသော လွယ်အိတ်ကြီးကို လွယ်ကာ ငိုက်စိုက် ငိုက်စိုက်ဖြင့် ထွက်လာခြင်း ဖြစ်ပေသည်။

ရွာနှစ်ရွာကြားတွင် အရိပ်ကောင်းလှသည့် ညောင်ပင်ကြီး တစ်ပင်ရှိသည်။ သူတို့နှစ်ယောက်သည် ညောင်ပင်ကို ဗဟိုပြုကာ ချိန်းဆိုစမြဲ။ ညောင်ပင်အောက်မှာပင် စုရပ်ပြုကာ လမ်းခွဲကြစမြဲ။

ဖိုးပေသည် အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်တော့ ညောင်ပင်ကို စတင်မြင်နေရပေပြီ။ ညောင်ပင်အောက်ရောက်မှ ခေတ္တနားရမည်။ ဆေးလိပ်ကို အားပါးတရ သောက်ရမည်ဟု အားခဲကာ ဆေးပေါ့လိပ်ကြီးကို ကိုင်လျက် တံတွေးကို မျိုချရလေသည်။

"ဂလု"

တိတ်ဆိတ်လှသော ညယံတွင် သူ၏တံတွေးကို မျိုချသံက ကြောက်မက်ဖွယ် ကျယ်လောင်သွားခဲ့သည်။ လေသည် တဝေါဝေါမြည်ကာ တိုက်ခတ်လျက်ရှိသည်။ ဆောင်းလေ၏ စူးရှထက်မြက်လှသော အအေးစက် အအေးမှုန်များသည် အင်္ကျီလွတ်ရာ အသားများကို ဝင်ရောက်တိုးကပ်ကာ ကိုက်ဖဲ့လျက် ရှိပေရာ အရိုးကွဲ အသားပွဲထွက်မတတ် နာကျင်အေးခဲလှပေသည်။ မွေး



www.burmeseclassic.com

www.burmeseclassic.com



ညင်းပေါက်များကို အပ်ဖျားနှင့် ဆွဘိသကဲ့သို့ ရိုးတွင်းချဉ်ဆီထိ စိမ့်ဝင်လာသော အအေးဓာတ်ကို မည်သည့်နည်းနှင့် ကာကွယ်ရမည်ကို မတွေးတောတတ်အောင် ရှိပေသည်။

သူသည် ဆေးပေါ့လိပ်ကြီးကို တစ်ဖွာ နှစ်ဖွာ ရှိုက်လိုက်ကာ ညောင်ပင်အောက်သို့ တစ်လှမ်းချင်း ဝင်လိုက်သည်။ အပင်အောက်သို့ ဝင်လိုက်ကာမှ ပို၍ပင် တစ်ကိုယ်လုံး အေးစိမ့်သွားသလို ခံစားလိုက်ရကာ ကောက်ရိုးပုံကောင်းကောင်းထဲဝင်၍ ခွေအိပ်ချင်စိတ်ပေါက်သွားပေသည်။

"အားရီး…တယ်ဆော်တဲ့ ဆောင်းပါလားကရို့"

ညမိုက်ည ဖြစ်သဖြင့် အလင်းမှုန် အလင်းစက် တစ်ရွေးသားပင် ရှာ၍မတွေ့နိုင်သေးပေ။ သူသည် မှုန်ရီဝိုးတဝါးထဲမှာပင် ညောင်မြစ်ဆုံကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာ စောကြက်ရိုး မလာမချင်း စောင့်ရပေတော့မည်။ ပြီးတော့ ရိုးမတောင်ခြေသို့ တစ်နာရီခွဲခန့် ခြေကုန်သုတ်ရပေမည်။

ဆောင်းလေသည် တသုန်သုန် တိုက်ခတ်လျက် ရှိသည်။ လေတိုက်လိုက်တိုင်း ညောင်ရွက်များသည် တဖျောဖျောမြည်ကာ အအေးဓာတ်နှင့်အတူ သူ၏ အတွေးများသည် အဝေးသို့ လွင့်စဉ်သွားတတ်သည်။





"ခွေးမသား…စောကြက်ရိုး၊ နင်ကတော့ ငါ ဒီညောင်ပင်ကြီးအောက်မှာ တစ်ယောက်တည်း လာစောင့်နေတာတောင် သိမှ သိရဲ့လား၊ နင်ကတော့ အိပ်ရာထဲမှာ နင့်မယားနဲ့ ဇိမ်ပဲ၊ ဟေး…ဟေး…ဟေး…ဟူး…ဟူး"

ဖိုးပေသည် ချမ်းရာလွန်းသဖြင့် အအေးဓာတ် သက်သာလို သက်သာငြား နှုတ်မှ အသံထွက်ကာ တဟေးဟေး အော်မိလေသည်။ လက်ဝါးချင်း ပွတ်သည်။ ထို့နောက် ဒူးဒူးချင်း၊ ခြေဖဝါး ခြေဖဝါးချင်း တစ်လှည့်စီ မီးပွင့်မတတ် ပွတ်လေသည်။ အချမ်းဓာတ် အနည်းငယ် သက်သာသယောင်သာရှိသည်။ အလုံးအရင်းနှင့် ဝင်ရောက်တိုးဝင်လာသည့် ဆောင်းဒဏ်ကို လုံးဝမကာကွယ်နိုင်ရှာ။

ရုတ်တရက် အကြံတစ်ခု ပေါ်လာသည်။

"မီးလှုံရင်းနဲ့ စောကြက်ရိုးကို စောင့်ရင်း ပိုအဆင်ပြေလိမ့်မယ် ဟုတ်ပြီ"

ဖိုးပေသည် သေနတ်၊ ဝန်စည်စလယ်အချို့ကို ညောင်မြစ်ဆုံကြားတွင် ချကာ မတ်တတ်ရပ်ရင်း ပတ်ဝန်းကျင်တွင် ထင်းပေါက်ထင်းခြောက် ရလိုရငြား ရှာဖွေကြည့်သည်။ ညောင်ပင်ခြေရင်းပတ်လည်တွင် သစ်ကိုင်းခြောက်များ အခြားနေရာမှ လွင့်



www.burmeseclassic.com

www.burmeseclassic.com



စဉ်လာသော သစ်ကိုင်းတို့ သစ်ကိုင်းစများကို လိုက်လံစုဆောင်း ကောက်ယူလေသည်။

“အတော်ပဲ၊ မီးလှုံရင်း ဒီကောင်ကို စောင့်ရမှာ၊ ငါ ဘာဖြစ်လို့ အစကတည်းက ဒီအကြံကို မရပါလိမ့်”

သူသည် သစ်ကိုင်းခြောက်များကို စုကာ ချက်ချင်းမီးဖို လေသည်။ မီးညွန့်သည် ချက်ချင်းတက်လာသည်။ သည်တော့မှ အနွေးဓာတ်သည် ခန္ဓာကိုယ်တွင်းသို့ ပူးကပ်ဝင်ရောက်လာကာ နွေးထွေးသော မီးဖိုဓာတ်ဖြင့် နေသာထိုင်သာ ရှိသွားပေသည်။ မီးရောင်ကြောင့် ညောင်ပင်ပတ်လည် လင်းလင်းထင်းထင်း ရှိ သွားသည်။ မီးပုံအထက်တွင် မီးခိုးအရှိန်ကြောင့် ညောင်ရွက်တွေ လှုပ်လှုပ်ခါခါ ဖြစ်နေသည်။

ဖိုးပေသည် မီးဖိုမီး အဆက်မပြတ်စိမ့်သော ထင်းခြောက် များကို တစ်ခုချင်း ထိုးထည့်နေပေသည်။ တိတ်ဆိတ်သော ပတ်ဝန်းကျင်နှင့် အမှောင်ထုတောလမ်းတစ်နေရာ လူသွားလူလာ ပြတ်သည့် အခြေအနေ။

မြောက်ပြန်လေသည် တဝေါဝေါမြည်ကာ အရှိန်ပြင်းထန် စွာ တိုက်ခတ်လျက်ရှိသည်။ ထင်းခြောက်မီးဖိုထဲမှ မီးတောက် မီးလျှံ အဝါနှင့် အစိမ်း အပြာရောင်များသည် တောကြက်ဖများ





ကနေသကဲ့သို့ ထင်မှတ်ရသည်။ စိုတစ်ဝက် ခြောက်တစ်ဝက် သစ်ကိုင်းတစ်ခု ပါသွားရာ မီးတောက်မီးလျှံထဲမှ တဖျစ်ဖျစ် မြည်နေသော အသံသည် ဥစ္စာစောင့်မတစ်ယောက်၏ မပီမသ ဆွဲဆွဲငင်ငင် သီဆိုနေသော သိုက်နန်းရှင်၏ အလွမ်းတစ်ပုဒ်နှင့်တူ သည်။ ဖျစ်ဖျစ်မြည်နေသော အသံသည် ဆောင်းဘွဲ့တေးကို စည်းဝါးကိုက်နေသကဲ့သို့ ရှိပေသည်။

ဆောင်းသည် မှုန်ရီအေးစက်နေဆဲပင် ရှိသည်။ လေ သည် တဝေါဝေါမြည်ကြွေးကာ မွှေနှောက်တိုက်ခတ်လျက်နေ သည်။

“ဒီကောင် တော်တော်ကြာဦးမယ်ထင်တယ်၊ ငါ့ကိုယ်၌ က စောပြီးထွက်ခဲ့တာလေ၊ ဒီလိုမှ မထွက်ရင် တောင်ခြေကို ခပ်စောစော ဘယ်လိုရောက်မှာလဲ၊ အင်း..ဒီကောင် စောကြက်ရိုး လာတော့မှာပါ၊ ဪ...သတိရပြီ၊ ငါ့မှာ တောထဲမှာ အဆာပြေ စားဖို့ ထမင်းခြောက်နဲ့ အမဲခြောက်တွေ လုံလုံလောက်လောက် ပါခဲ့တာပဲ။ ဟီး...ဟီး၊ အတော်ပဲ၊ ဒီလို ဆောင်းချမ်းချမ်းမှာ အမဲခြောက်ဖုတ်ကလေး ဖုတ်စားလိုက်ရရင် တော်တော်အရသာ ရှိမှာပဲ။ ဟုတ်ပြီ၊ စောကြက်ရိုးကို စောင့်ရင်း အမဲခြောက်ဖုတ် လေမှပဲ၊ မီးကလည်း ကောင်းလိုက်တာ၊ ကဲ ကြာပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပေသည် ညောင်ပင်မြစ်ဆုံကြားမှ တောလိုက်လွယ်အိတ်ကိုယူကာ လွယ်အိတ်ထဲတွင် ထည့်ထုပ်လာသော အမဲခြောက်နှစ်မြှောင်းကို ထုတ်လိုက်လေသည်။

"မီးကင်စားမယ်၊ တော်တော်အရသာရှိမှာပဲ"

သူသည် လက်တစ်ဝါးသာသာ အမဲခြောက်နှစ်မြှောင်းကို စတင်၍ မီးကင်လေသည်။ ခဏအကြာတွင် မွှေးပျံ့သော အမဲခြောက်ဖုတ်ရနံ့သည် လှိုက်၍တက်လာလေသည်။

"အားပါး…တယ်မွှေးပါလား"

အမဲခြောက်ဖုတ်ရနံ့သည် ညောင်ပင်ပတ်လည်တွင် ဝေ့ဝဲပျံ့နှံ့လာလေသည်။ ဖိုးပေသည် အကျက်ညီစေရန် လှည့်၍ပေးနေမိသည်။ ထိုစဉ် ဟိုးခပ်ဝေးဝေး တောစပ်ဆီမှ ကြက်ဖတစ်ကောင်၏ တွန်သံကို စတင်ကြားလာရသည်။ ထို့နောက် တောချွေးအုသံ ညောင်ပင်ကြီးထက်မှ ငှက်များ၏ တလှုပ်လှုပ် တရွရွ နိုးထလာသံ။

ဖိုးပေသည် အသံတွေ လာရာသို့ ဂရုစိုက်၍ကြည့်သည်။ ညောင်ပင်ထက်မှ အိပ်တန်းတက်ငှက်များ၏ လှုပ်လှုပ်ရှားရှား အသံများနှင့်အတူ တောင်ပံခတ်သံ တဂီးဂီးအော်မြည်သံတွေပါ ဆက်တိုက်ထွက်ပေါ်လာသည်။





"ဘာဖြစ်နေကြတာလဲ၊ အပေါ်က အကောင်တွေ တလှုပ်လှုပ် ဖြစ်နေကြပါကလား"

ဖိုးပေသည် အပင်ပေါ်ကို မော့ကြည့်ကာ ပြောလည်းပြော အမဲခြောက်ဖုတ်ကို လှည့်၍ပေးလည်းပေးကာ မီးပုံကို ထင်းခြောက်တွေ ထပ်၍ထည့်နေမိသည်။

ထိုစဉ် ညောင်ပင်ပေါ်မှ ငှက်တစ်ကောင်၏ ငယ်သံပါအောင် စူးစူးဝါးဝါး အော်ဟစ်သံနှင့်အတူ အောက်သို့ ငှက်တစ်ကောင်၏ ခေါင်းပြတ်ခန္ဓာကိုယ်တစ်ခု မီးပုံရှေ့သို့ ဘုတ်ခနဲ ပြုတ်ကျလာသည်။

"ဟ…ဘာလဲဟ"

ဖိုးပေသည် ပြုတ်ကျလာသော ခေါင်းပြတ်ငှက်သေကို သေသေချာချာ စိုက်ကြည့်လိုက်သည်။ ဖိုးပေသည် ကြောက်တတ်သူ မဟုတ်ပေ။ သတ်ဖြတ်ရဲသော တောလိုက်မုဆိုးတစ်ယောက်ပဲ မဟုတ်လား။ တောတွင်း အတွေ့အကြုံတွေ အသက်နှင့်မက ကြုံရ ဆုံရဖူးပြီ။

"အရှင်လတ်လတ် သွေးစိမ်းရှင်ရှင်နဲ့ ဆက်ရက်သေတစ်ကောင်ပဲ"

ခေါင်းပြတ်နေသော ဆက်ရက်သေသည် လော...



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ် အသတ်ခံရ၍ အပင်အောက်သို့ ပစ်ချခံလိုက်ရသော သတ္တဝါဖြစ်သည်။ သွေးတွေစီးကျကာ ထွက်နေဆဲဖြစ်သည်။ ဘယ်လိုတိရစ္ဆာန်က အပင်ပေါ်တက်၍ သတ်ပြတ်ကိုက်သတ်ကာ စားသောက်ပြီး တောင်ပံနှင့် အရိုးများကို ပစ်ချလိုက်လေသည်။ ကြောင်လား၊ တောကြောင်လား၊ အိမ်ကြောင်လား၊ တခြား ဘာ အကောင်ပါလိမ့်။

ထိုစဉ် ငှက်တွေ အလန့်လန့် အဖျပ်ဖျပ်ဖြစ်ကာ တဂစ်ဂစ် [illegible] တောင်ပံတွေ ရိုက်ကာ အပြင်သို့ ပျံထွက်သည့် အကောင်က ပျံထွက်၊ တစ်ကိုင်းနှင့် တစ်ကိုင်း ခုန်တူးသည့်ကောင်က ခုန်ကူးနှင့် ဆူဆူညံညံ ဖြစ်ကုန်သည်။

"အပင်ပေါ်က ကောင်တွေ ဘာတွေဖြစ်နေကြတာလဲ ဟေ့၊ သေနတ်စာ မိချင်လို့လား"

သူသည် တစ်စုံတစ်ရာ တုန့်ပြန်ရန် မတ်တတ်ရပ်လိုက်စဉ်မှာပင် သူ မမြင်ရသော ညောင်ပင်၏ အခြားဘက် အမှောင်ထုဆီမှ သစ်ရွက်တွေ တဖျောဖျော မြည်သံနှင့်အတူ ဖုတ်ခနဲ ခုန်ချလိုက်သံ တစ်သံ ထွက်ပေါ်လာလေသည်။

ဖိုးပေသည် သတိဝီရိယရှိသူတစ်ယောက် ဖြစ်ပေရာ ဖုတ်ခနဲ မြေပေါ်သို့ ခြေချသံ ကြားလိုက်ရသည်နှင့် သူ့လက်က





နှလုံးပြူးသေနတ်ဆီသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ သူသည် သေနတ်ကို ဖြောင်းခနဲမြည်အောင် မောင်းတင်လိုက်သည်။

ခြေသံတစ်သံ…

ညောင်ပင်၏ နောက်ကျောဘက်ဆီမှ မီးပုံရှိရာသို့ တိုးကပ်လာသော ခြေသံတစ်စုံကို စတင်ကြားလိုက်ရသည်။ ဖိုးပေသည် အသံကြားရာသို့ သေနတ်ကို ထိုးချိန်ထားလိုက်သည်။

လေးကန်သော ခြေသံနှင့်အတူ ညောင်ပင်၏ ပင်စည်နောက်မှ လူတစ်ယောက် ထွက်လာသည်။ ညအမှောင်အောက်မှာ လူစိမ်းတစ်ယောက်ကို မြင်လိုက်ရတော့ ကြောင်အသွားသည်။ သူသည် သေနတ်ပြောင်းကို အောက်သို့ အနည်းငယ်စိုက်လိုက်သည်။ ဖိုးပေ၏ မျက်ဝန်းအကြည့်စူးစူးများသည် မီးပုံသို့ တရွေ့ရွေ့ ချဉ်းကပ်လာသော လူဆီသို့ စူးစူးစိုက်စိုက် ကျရောက်သွားသည်။

ညိုမှောင်နက်ပြောင်သော အသားအရောင်၊ အပေါ်ပိုင်း အင်္ကျီဗလာ၊ လုံချည်ကို ခါးတောင်းကျိုက်ထားပေရာ ပေါင်တွင် ထိုးကွင်းမင်ကြောင်ကို မီးရောင်အောက်တွင် အထင်အရှား မြင်နေရပေသည်။ ထိုလူသည် မီးရောင်အောက်ဆီသို့ တဖြည်းဖြည်း တိုးကပ်လာပြီး အနားရောက်ကာမှ ထွားကျိုင်းတုတ်ခိုင်သော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဖြစ်မှန်း တွေ့လိုက်ရသည်။ ထူးခြားသည်မှာ ရှည်လျားနက်မှောင်သော ဆံပင်များကို သျှောင်တစောင်းထုံးထားခြင်း ဖြစ်ပေတည်း။ ခြုံ၍ကြည့်လိုက်လျှင် အဆိုပါပုဂ္ဂိုလ်သည် ရှေးခေတ်မြန်မာအမျိုးသားကြီးတစ်ဦးနှင့် တူသည်အောက်မေ့သည်။

ဖိုးပေသည် သည်အရပ်တွင် မွေးဖွားကြီးပြင်းလာသူဖြစ်သည့်အလျောက် အထက်ပါ သျှောင်တစောင်းနှင့် ပုဂ္ဂိုလ်ကို မသိချေ။ မြင်လည်း မြင်ဖူးခြင်း မရှိ။ ထိုပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ်ပေနည်း။ မည်သည့်နေရာက ရောက်လာသနည်း။ မိုးပေါ်က ကျလာသည့် ပုဂ္ဂိုလ်လော။ ထူးဆန်းပေစွတကား။

ထိုပုဂ္ဂိုလ်သည် ခါးတောင်းကို မြှောင်နေအောင်ကျိုက်ကာ မီးပုံရှေ့သို့ တိုးကပ်လာပြီး ဖိုးပေကို တစ်ချက်မော့ကြည့်ကာ ထိုင်ချလိုက်လေသည်။ ထို့နောက် မီးပုံကို လက်ညှိုးထိုးပြသည်။

ဖိုးပေသည် လူစိမ်းကို တစ်ချက် အကဲခတ်ကြည့်ရင်း...

"မီးလှုံချင်လို့လား"

လူစိမ်းက ခေါင်းတစ်ချက် ညိတ်သည်။ နှုတ်ကတော့ မပြော။

"လှုံချင် လှုံပေါ့ဗျာ၊ သိပ်ချမ်းတာဗျ"

သူတို့နှစ်ယောက်သည် မီးပုံကို အလယ်တွင်ထားကာ





မျက်နှာချင်းဆိုင် ထိုင်နေကြခြင်း ဖြစ်သော်လည်း ဖိုးပေက အလွတ်မပေး။ ဖိုးပေသည် မီးညွန့်မီးခွယ်တွေကြားမှ လူစိမ်းကို ဖျတ်ခနဲ အကဲခတ်ကြည့်နေမိသည်။ လူစိမ်းရောက်လာပုံမှာ ထူးဆန်းလှသည်ထင်သည်။ သူသည် ထူးဆန်းသော အိပ်မက်ထဲမှ မတွေ့မမြင်ဖူးသည့် လူစိမ်းတစ်ယောက်ပမာ အကဲခတ်နေခြင်း ဖြစ်သည်သာမက သေနတ်ကို လက်မှ မချတော့။ သတိနှင့်တော့ စောင့်ကြည့်နေခြင်းဖြစ်သည်။

ဖိုးပေသည် လူစိမ်းကို စောင့်ကြည့်နေရာမှ စောစောက မီးကင်၍ ကျက်နေပြီဖြစ်သော အမဲခြောက်မြှောင်းအနက်မှ တစ်မြှောင်းကို ကောက်၍ ဝါးနေမိသည်။ ထိုစဉ် လူစိမ်းနှင့် မီးညွန့်တွေကြားမှနေ၍ ရုတ်တရက် မျက်လုံးချင်းဆုံသွားမိသည်။

လူစိမ်းသည် ပြူးကျယ်၍ အရောင်တောက်နေသော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်ဟု ခံစားမိသည်။ လူစိမ်း၏ မျက်နှာကြီးသည် တဖြည်းဖြည်း ကြီးထွားဖောယောင်လာကာ ဝက်သိုးမျက်နှာကြီးကို မီးကင်၍ အဆီပြောင်လာသကဲ့သို့ ထင်မိသည်။ ဖိုးပေသည် လူစိမ်း၏ နောက်ကျောဘက်သို့ အကဲခတ်ကြည့်သည်။ မီးပုံမှ အလင်းပြန်သည့် လူစိမ်း၏နောက်၌ မရှိ။ အရိပ်မထွက်။ အရိပ်မရှိသော လူယူးလူဆန်းတစ်ယောက်ပေ



www.burmeseclassic.com

www.burmeseclassic.com



တကား။

လူစိမ်း၏ မျက်နှာကြီးသည် မီးအလင်းရောင်အောက်တွင် ကြောက်မက်ဖွယ် ပြောင်လက်လာသည်သာမက သူ့ကို မီးလျှံကြားမှ စိုက်ကြည့်နေသော မျက်လုံးများသည် အနီရောင်သမ်းလာကာ ပြောင်လက်လာသည် ထင်သည်။ သူ့လက်ထဲမှ အမဲခြောက်ဖုတ်ကို စိုက်ကြည့်နေခြင်း ဖြစ်ပေသည်။ အမဲခြောက်ဖုတ်ကို စားလိုသော လူစိမ်း၏ မျက်ဝန်းများသည် တဖြည်းဖြည်း ပြူးကျယ်လာကာ မျက်နှာကြီးသည် တဖြည်းဖြည်း ဖောယောင်လာသည်။

"လူမှ ဟုတ်ရဲ့လား၊ စကားလည်း မပြောဘူး၊ အရိပ်လည်း မထွက်ဘူး၊ ငါစားနေတဲ့ အမဲခြောက်ဖုတ်ကို ကြည့်နေတဲ့ သူ့မျက်နှာကြီးက ကြောက်စရာကြီး။ အချိန်မတော် ဘယ်က ရောက်လာတာလဲ၊ ဘယ်ကနေလာပြီး မီးလှူတာလဲ၊ သူ့မျက်နှာပွစိစိကြီးက မီးရောင်အောက်မှာ ပိုပြီးဖောသွပ်သွပ် ပုပ်ပွလာသလိုပဲ၊ သတိတော့ ထားနေမှ။ ငါ့ကို တစ်ခုခုလုပ်လို့ကတော့ ပစ်အထည့်ပဲ။ ကြိုးစင်ပဲ တက်ရ တက်ရ၊ တစ်ကျွန်းပဲ ပို့ပို့၊ ငါကတော့ ချမှာပဲ"

ဖိုးပေသည် မိမိကိုယ်မိမိ ရဲဆေးတင်ကာ သတိဝီရိယဖြင့်





လူစိမ်းကို စောင့်ကြည့်နေသည်။ လူစိမ်းသည် ဖိုးပေ ကိုင်ထားသော အမဲခြောက်ဖုတ်ကို ကြောက်မက်ဖွယ် အဆီပြန်သော မျက်နှာကြီးဖြင့် အာသာငမ်းငမ်း စိုက်ကြည့်နေလေသည်။

ဖိုးပေသည် မျက်နှာပြဲပြဲ အဆီပြောင်ကြီးကို စိုက်ကြည့်ရင်း ရင်ထဲမှာ ရေနစ်သူ ရေမွန်းသလို ခံစားလိုက်ရသည်။ ထင်းခြောက်မီးပုံ၏ အလင်းရောင်သည် အမှောင်ထုအောက်တွင် တဟုန်းဟုန်း တောက်ပလျက် ရှိနေပေရာ လူစိမ်း၏ ညိုပုပ်ပုပ် မျက်နှာပြဲကြီးကို အလင်းတင်ပေးနေသကဲ့သို့ ရှိသည်။ ထိုမျက်နှာပြဲကြီးတွင် လျှို့ဝှက်သိပ်သည်းမှုတစ်ခု ရှိလိမ့်မည်။ ဖိုးပေသည် မျက်နှာပြဲကြီးကို အလစ်မပေးဘဲ စိုက်ကြည့်နေရာမှ ဘယ်သို့ စိတ်ပြောင်းလဲသွားသည် မသိ။

"အမဲခြောက်ဖုတ် စားချင်လို့လား"

လူစိမ်းသည် ဖိုးပေစကားဆုံးသည်နှင့် ဘာမပြော ညာမပြောနှင့် ဖိုးပေလက်ထဲမှ အမဲခြောက်ဖုတ်ကို ဆတ်ခနဲ လုယူကာ ပါးစပ်ထဲ ကောက်ထည့်လိုက်လေသည်။

"ဟင်"

ဖိုးပေသည် ဖိုးဖိုးဇတ်ဇတ်နိုင်လှသော လက်ရဲဇက်ရဲရှိလှသော လူစိမ်းကို မကျေမနပ် လှမ်းကြည့်သည်။ ထိုစဉ် ဖိုးပေ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ လုယူလိုက်သော အမဲခြောက်အမြှောင်းကြီးသည် လူစိမ်း၏ ပါးစပ်ထဲမှပင်လျှင် လျင်မြန်စွာ ပျောက်ကွယ်သွားလေသည်။ ဖိုးပေ အံ့သြသွားသည်။ ရင်ထဲမှာလည်း ထိတ်ခနဲဖြစ်သွားသည်။

"ဟင်…မြန်လိုက်တာ၊ ဘယ်လိုမျိုး စားလိုက်ပါလိမ့်"

ဖိုးပေသည် ရင်ထဲမှာ မကျေမနပ်ဖြစ်သွားကာ နောက်ထပ် အမဲခြောက်တစ်မြှောင်းကို ဆွဲယူကာ တစ်ကိုင်တစ်ဖဲ့ စားလိုက်သည်။ ဆောင်းလေကြမ်းသည် တဝေါဝေါမြည်ကာ တိုက်ခတ်လာသည်။ မီးလျှံဝါဝါတွေ တဟုန်းဟုန်းမြည် တဖျစ်ဖျစ်အော်ကာ ပြာမှုန့်တွေ လွင့်ပျံကုန်သည်။ သူသည် နောက်တစ်ဖဲ့ကိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လက်ထဲမှ အမဲခြောက်ဖတ်ကို ခပ်ကြမ်းကြမ်း လုယူခြင်းခံလိုက်ရပြန်သည်။

"တောက်…ရိုင်းလှချည်လားကွာ"

သူ ဒေါသဖြင့် လှမ်းကြည့်လိုက်တော့ လူစိမ်းသည် ဒုတိယအမဲခြောက်ဖတ်ကို အငမ်းမရ စားသောက်နေသည်။ ပလုတ်ပလောင်း စားနေခြင်းဖြစ်သည်။

ဖိုးပေသည် မကျေမနပ်ဖြင့် စိုက်ကြည့်နေသည်။ သူ့လို အမဲလိုက်သမားတစ်ယောက်သည် သည်နယ်တစ်ခွင်မှာ မသိသူ





ရှားသည့် မိုက်ရူးရဲတစ်ယောက်ဖြစ်သည်။ စောကြက်ရိုးလည်း သူ့လိုပင် ဖြစ်သည်။ သူတို့သည် မည်သည့်အရာကိုမှ ကြောက်ရွံ့ ထိတ်လန့်တတ်သည့် လူစားမျိုးတွေ မဟုတ်။ တောထဲတွင် ကြောက်မက်ဖွယ် အမဲကြီးများဖြင့်ပင် ရင်ဆိုင်ကာ အနိုင်ယူလာသူဖြစ်သည်။

ဖိုးတေသည် မီးတောက်မီးလျှံတွေကြားမှ လူစိမ်း၏ မျက်နှာကို စိုက်ကြည့်လိုက်ပြန်သည်။ စိုက်ကြည့်နေရင်းမှပင် လူစိမ်း၏ မျက်နှာသည် အသွင်ပြောင်းသွားသည်ဟု အောက်မေ့မိပြန်သည်။ မီးလျှံကြားမှ ရုတ်တရက် မြင်လိုက်ရသော လူစိမ်း၏ မျက်နှာပြဲပြဲ ညိုမည်းမည်း ဖောသွပ်သွပ်ကြီးသည် မီးလောင်ဖုကြီးများဖြင့် အသီးသီး ဖုသီးကြီးတွေထကာ ကြောက်မက်ဖွယ် ဖောင်းကားလာသည်ကို တွေ့လိုက်ရသည်။

မီးပုံသာ ခြားနေသော ရွံရှာထိတ်လန့်ဖွယ် မျက်နှာကြီးကို မြင်လိုက်ရတော့ မည်သည့်အရာမှ မကြောက်ရွံ့ပါဟု ကြွေးကြော်ထားသော ဖိုးပေသည် သူ့တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ရုတ်တရက် ရပ်ဆိုင်းသွားသည့်ပမာ ခံစားလိုက်ရပေသည်။ သူ့ရင်သည် ဖြန်းခနဲ တုန်လှုပ်သွားကာ ပါးစပ်အဟောင်းသားနှင့် အသံပင် မထွက်တော့ပေ။ တစ်ခုခုပြောရန် စကားလုံးများသည် ရှည်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဝတွင် တစ်ဆို့နေသည်။

သူသည် ပထမဦးဆုံးအကြိမ် ဘဝတစ်ဆက်တာမှာ မတမ်းတဖူးသော ဘုရားရှင်ကို တမ်းတလိုက်မိသည်။

"ဘုရား…ဘုရား…လူလား၊ တစ္ဆေလား၊ ဒါမှမဟုတ် တစ္ဆေပူးကပ်နေတဲ့ လူတစ်ယောက်လား၊ ငါ ဘာဆက်လုပ်ရမလဲ"

ရုတ်တရက် လန့်ဖျပ်သွားသော စိတ်နှင့်အတူ ဆင်ခြင်တုံ အသိတစ်ခုက ဦးနှောက်ထဲ ဝင်လာသည်။ ငါ ဘာဆက်လုပ်ရမလဲဟူသော အသိတရားပင် ဖြစ်သည်။

ဖိုးပေသည် ကစဉ့်ကလျား ဖြစ်နေသော စိတ်ကို တည်ငြိမ်စွာ စုစည်းထိန်းချုပ်လိုက်သည်။ လူစိမ်းကို မကြည့်တော့။ သူသည် လွယ်အိတ်ထဲမှ မီးသတ်ထားသော ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ထုတ်ကာ မီးဖိုထဲမှ မီးခဲတစ်ခဲကိုယူပြီး မီးညှိလိုက်သည်။ တစ်ဖွာ၊ နှစ်ဖွာကို ခပ်ဆောင့်ဆောင့် တဖူးဖူး အသံထွက်အောင် ရှိုက်လိုက်သည်။ လောလောဆယ် ဖိုးပေ၏ ဆန္ဒသည် လူစိမ်း သည်နေရာမှ လျင်မြန်စွာ ထွက်ခွာသွားရေးပင် ဖြစ်သည်။ သူစားရန် မီးကင်ထားသော အမဲခြောက်ဖုတ်ကို လုယူစားသောက်လိုက်ကတည်းက လူစိမ်းကို လုံးဝမကျေနပ်တော့ပေ။ ကြည့်မရတော့။





ထိုစဉ် လူစိမ်းသည် ခေါင်းတညိတ်ညိတ်ဖြင့် ဖိုးပေကို စိုက်ကြည့်နေပြန်သည်။ ထို့နောက် လက်ညှိုးနှင့် လက်ခလယ်ကို ဆေးလိပ်သောက်သည့်ပုံစံ လုပ်ပြသည်။ သဘောက ဆေးလိပ်သောက်ချင်သေးသည်ဟု ၊ ယိုခြင်းဖြစ်သည်ကို ဖိုးပေ သဘောပေါက်လိုက်ပြီ။ ဖိုးပေရင်ထဲတွင်ရှိသော ဆင်ခြင်သတိတရားသည် လုံးဝပျောက်ကွယ်သွားပေပြီ။ ဒေါသစိတ်က ဝင်ရောက်လာပြီ။

"တောက်…အမဲခြောက်နှစ်မြှောင်းလည်း တစ်ယောက်တည်း စားပစ်တယ်၊ ခု မကျေနပ်သေးဘူး၊ ခု ဆေးလိပ်သောက်ချင်သေးတယ်၊ ခွေးမသား၊ နင် လူလား၊ တစ္ဆေလား"

ဖိုးပေ၏ ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားပေပြီကော။

"ဆေးလိပ်သောက်ချင်သေးတယ် ဟုတ်လား၊ မျက်နှာမှာ အဖုတွေနဲ့ ဖြုတ်ကောင်ကြီး"

လူစိမ်းသည် ဒုတိယအကြိမ် ခေါင်းညိတ်ပြန်သည်။ ထို့ကြောင့် ဖိုးပေသည် ရုတ်တရက် အကြံတစ်ခု ရလိုက်သည်။ ထို့ကြောင့် ဖိုးပေသည် ရုတ်တရက် အကြံတစ်ခု ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းသည် ပါးစပ်ကြီးကို ဟလိုက်ရာ အစွယ်နှစ်ချောင်းကို မြင်လိုက်ရ၏။ အစွယ်သည် လက်နှစ်ဆစ်ခန့် ရှည်ထွက်လာသည်။ မီးရောင်အောက်တွင် အစွယ်ဝါကျင်ကျင်နှစ်ချောင်းသည် ကြောက်မက်ဖွယ် ချွန်မြနေသည်တကား။

"ပါးစပ်ကို ကျယ်ကျယ်ဟာစမ်း၊ ကျယ် ကျယ်၊ ဟုတ်ပြီ၊ ရော့…ဆေးလိပ်၊ ခွေးမသား ဖြုတ်ကောင်"

ဖိုးပေသည် နှလုံးပြူးပြောင်းဝကို လူစိမ်း၏ ပါးစပ်ထဲသို့ တေ့၍ထိုးထည့်လိုက်ကာ…

"ရှူ…ရှိုက်…လာပြီ၊ မီးခိုးထွက်တော့မယ်၊ ကြည့်ထား ဖြုတ်ကောင်"

ဖိုးပေသည် သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

"ဒိုင်း"

နောက်တစ်ချက် လူစိမ်းသည် နောက်သို့ ခြေပစ်လက်ပစ်ဖင်ထိုင်ကျသွားသည်။ နောက်တစ်ချက်…

"ဒိုင်း"

"ဝူး…ဝါး"

သေနတ်သံနှစ်ချက် ဆက်တိုက် ပတ်ဝန်းကျင်တွင် မြည်ဟည်းထွက်ပေါ်သွားသည်။ ဝုန်းခနဲထ၍ပြေးသည်။





ကြောက်မက်ဖွယ် နာကျင်စူးရှသော အော်သံကြီးတစ်သံ အော်ဟစ်၍ ပြေးသည်။ တောရိုင်းတိရစ္ဆာန်ကြီးတစ်ကောင်၏ အော်ဟစ်သံမျိုး။ ထိုအသံကြီးသည် ညယံကို ထိုးဖောက်ကာ မြေကြီးတုန်မတတ် ထွက်ပေါ်လာခြင်းပင်တကား။

ဖိုးပေသည် နောက်ထပ် သေနတ်ကျည်ဇလုတ်တွင်းသို့ ကျည်ဆန် ထပ်ထည့်ကာ အခြေအနေကို စောင့်ကြည့်နေသည်။ မည်သည့်လှုပ်ရှားမှုမှ မတွေ့ရတော့။ ညသည် တိတ်ဆိတ်မြဲ။ ထို့နောက် သူသည် ထင်းမီးဖိုကြီးကို လောင်စာထပ်ဖြည့်ကာ တောလိုက်မုဆိုးပီပီ သတိဝီရိယဖြင့် နောက်ထပ် မည်သည့်အန္တရာယ်များ ကျရောက်လာလေမည်လဲဟု စောင့်ကြည့်နေသည်။

နောက်ထပ် နာရီဝက်ခန့်ကြာသော် စောကြက်ရိုး ရောက်လာသည်။ အကျိုးအကြောင်းကို ရှင်းပြလိုက်သည်။ ထိုအခါ စောကြက်ရိုးက…

"မြန်မာရှင်ဘုရင်လက်ထက်က ဓားပြကြီး မိုးလုံးဆိုတာ ရှိခဲ့ဖူးတယ်၊ ရဲမက်တွေက မိတော့ ဒီညောင်ပင်မှာ သတ်ပြီး မီးရှို့ထားပစ်ခဲ့တယ် ကြားတယ်ကွ၊ မင်းပြောတဲ့ ပုံစံအရဆိုရင် ဒီကောင်ကြီး ဖြစ်နိုင်တယ်၊ တစ္ဆေဖြစ်နေတာလေ၊ မင်း အဲဒီလို ပစ်ထည့်လိုက်တာ ကောင်းတယ်၊ တော်ဇော်အီသွားပြီကွ၊ နေမီး



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပေ၊ တို့ သူပြေးသွားတဲ့နေရာထိ လိုက်ကြည့်ရအောင်၊ မိုးလင်း တော့မှာပါကွ"

"မင်းကလည်း ပေါ်မလာတော့ဘူး"

"စိတ်မဆိုးပါနဲ့ကွာ"

"ကြာရင် တစ္ဆေဂ ငါ့အသားတောင် မီးဖုတ်စားမလားပဲ"

"မင်းကလည်း ဒီညောင်ပင်မှာ ဒီလောက် သရဲခြောက် တယ်၊ သရဲသုံးကောင် ရှိတယ်လို့ ဒီလောက် နာမည်ကြီးနေတာ ကွ၊ သိရဲ့သားနဲ့"

"ငါမှ မယုံဘဲကွ"

"ခု ယုံပြီမဟုတ်လား၊ မနက်ကျတော့ သူထွက်ပြေးတဲ့ နေရာ လိုက်ကြည့်မယ်"

မိုးလင်းသည်နှင့် သူတို့နှစ်ယောက်သည် လူစိမ်းကြီး ထွက်ပြေးသွားရာသို့ လိုက်လံရှာဖွေကြည့်ကြသည်။ညောင်ပင် ကြီးနှင့် ကိုက်ငါးဆယ်ခန့်အကွာတွင်ရှိသော ဝက်လာချုံကြီး တစ်ချုံထဲတွင် ဧရာမနှစ်ချို့ဖွတ်ကြီးတစ်ကောင်ကို ဦးခေါင်းကြေ မွလျက် သေနတ်ဒဏ်ရာ နှစ်ချက်ဖြင့် တွေ့ရှိ လိုက်ကြရပေသည်။

**မင်းဘုန်းသိခ်သူ**







# ဝိညာဉ်ချစ်သူ

"ဆရာကြီး၊ ဆရာကြီးမိုး"

အလုပ်ကိစ္စတစ်ခုဖြင့် ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းမပေါ် လမ်းလျှောက်သွားနေစဉ် နောက်ဘက်မှ ခေါ်သံကြားလိုက်ရသည်။ ခေါ်သံနှင့်အတူ တစ်စုံတစ်ယောက်က နောက်ဘက်မှ လက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခွဲလိုက်သည်။ ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက်သည်။ တစ်ချိန်က တပ်ထဲတွင် အတူတာဝန်ထမ်းဆောင်ခဲ့ဖူးသော တပည့်ဖြစ်သူ ဝင်းလှိုင်ကို တွေ့လိုက်ရသည်။ သူနှင့်အတူ ရှစ်နှစ်ကျော်အရွယ် မိန်းကလေးတစ်ဦးနှင့် အမျိုးသမီးကို တွေ့ရသည်။

"ခေါ်လိုက်ရတာ ဆရာကြီးမိုးရယ်၊ ဘာတွေ တွေးနေတာလဲ၊ ဝတ္ထုဇာတ်လမ်းတစ်ပုဒ် တွေးနေတာထင်တယ်၊ ဆရာကြီး စာတွေ ရေးနေတုန်းမဟုတ်လား၊ ဆရာကြီးရဲ့ ဝတ္ထုတွေ ကဗျာတွေ ဖတ်ရပါတယ်၊ အငြိမ်းစား ယူပြီးမှ ဆရာကြီးရဲ့စာတွေ ပိုဖတ်ရတယ်"

"အေး…ရေးနေတုန်းပဲ၊ မင်းပြောသလို အငြိမ်းစားယူပြီးမှ ပိုရေးနိုင်တာ မှန်တာပေါ့၊ဟိုတုန်းက တာဝန်တွေကတစ်ဖက် ရှိနေတော့ သိပ်မရေးနိုင်ခဲ့ဘူး၊ ဒါနဲ့ သူတို့က…"

"သူက ကျွန်တော့်ဇနီးပါ၊ ဒီကလေးက ကျွန်တော့်သမီးပါ"

"သြော်..မင်းက မိန်းမရနေပြီး ကလေးတောင် ဒီအရွယ်ရောက်နေမှကိုး၊ ငါက မင်းအသည်းကွဲပြီး လူပျိုကြီးလုပ်မယ် ထင်ခဲ့တာ၊ ခုတော့ ငါထင်ထားတာနဲ့ တလွဲဖြစ်နေပါလား၊





အေးလေ၊ ငါ ပရိုမိုးရှင်းရပြီး ဌာနပြောင်းသွားကတည်းက မင်းတို့နဲ့ အဆက်အသွယ်ပြတ်ခဲ့ကိုး၊ မင်းတောင် အသက်မငယ်တော့ပါလား"

တပ်ထဲတွင် တာဝန်ထမ်းဆောင်စဉ်က ဝင်းလှိုင်မှာ ကျွန်တော်နှင့် တစ်ရုံးတည်း တစ်ဌာနတည်း ကျွန်တော့်လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ရိုးသား၍ အလုပ်ကို လေးစားသူ၊ ကြိုးစားသူ ဖြစ်သည်။ အသောက်အစားမရှိဘဲ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူလည်း ဖြစ်သည်။ ထိုအကြောင်းများကြောင့် ကျွန်တော့်တပည့်များအနက် ဝင်းလှိုင်ကို ပို၍ချစ်ခင်သံယောဇဉ် ဖြစ်ခဲ့ရသည်။ ကျွန်တော် တပ်ထဲရှိစဉ် ဝင်းလှိုင်က လူပျိုလူလွတ် ဖြစ်သည်။ လူပျိုများ ရိပ်သာတွင် နေထိုင်ရသည်။ အိမ်ထောင်သည်လိုင်းမှ ကျွန်တော့်နေအိမ်သည် ဝင်းလှိုင်၏ စားအိမ်သောက်အိမ် ဖြစ်ခဲ့သည်။ ဝင်းလှိုင်က သူ့ဇနီးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

"ဒါ ကိုယ်ပြောပြောနေတဲ့ ကိုယ်တို့ရုံးအုပ်ချုပ်ဆရာကြီးပါ၊ ကိုယ် ရေတပ်ထဲရောက်လို့ အခြေခံသင်တန်း တပ်ကြပ်ကြီး၊ စာရေးသင်တန်းတွေ ပြီးတာနဲ့ ဆရာကြီးရုံးမှာ တာဝန်ကျခဲ့တာ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကတည်းက ဆရာကြီးဟာ ဝတ္ထုတွေ ကဗျာတွေ ရေးနေခဲ့တာ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုဝင်းလှိုင်က ဆရာကြီးအကြောင်း မကြာခဏ ပြောပြောနေတာ၊ လူချင်းတော့ ခုမှတွေ့ဖူးတာ"

ကျွန်တော်က ဝင်းလှိုင်မျက်နှာကိုကြည့်ပြီး ပြန်ပြောလိုက်သည်။

"ဟော့ကောင် ဝင်းလှိုင်၊ ငါ့အကြောင်းတွေတော့ ပြောတယ်၊ စွယ်ကတော့ ရှာသူအကြောင်းရော မင်းဇနီးကို ပြောပြမထားဘူးလား"

"ယုံနိုင်စရာအဖြစ်မှ မဟုတ်တာ၊ ယုံမှာမဟုတ်လို့ ကျွန်တော် မပြောခဲ့ပါဘူး"

"နှစ်တွေကြာခဲ့ပေမယ့် စွယ်ကတော့ရှာသူ မစိန်မြင့်နဲ့ မင်းရဲ့ဇာတ်လမ်းကို ငါ ဒီနေ့အထိ မမေ့သေးပါဘူး၊ ငါကိုယ်တိုင် မကြုံခဲ့ရင်လည်း ယုံမှာမဟုတ်ဘူး၊ ပြောရင်း ကြက်သီးတောင်ထလာတယ်"

"ဆရာတပည့်တွေ ဘာအကြောင်းပြောနေကြတာလဲ၊





ကြက်သီးထတာရော၊ စွယ်ကတော့ရှာသူရော စုံနေတာပဲ၊ ကျွန်မ စိတ်ဝင်စားလို့ပါ၊ ဆရာကြီးတပည့် မပြောပေမယ့် ကြုံတုန်း အဲဒီဇာတ်လမ်း ကျွန်မကို ပြောပြပါလား ဆရာကြီး"

"ဘယ်လိုလဲ ဝင်းလှိုင်၊ မင်းတို့ဇာတ်လမ်း ငါ ပြောပြလိုက်ရမလား"

"ကျွန်တော်ပြောရင် သူယုံမှာ မဟုတ်လို့ ကျွန်တော် မပြောခဲ့တာပါ၊ ဆရာကြီးကိုယ်တိုင် ကြုံခဲ့ရသူပဲ၊ ပြောပြလို့ရပါတယ်"

"အေး…ဒါဆို ပြောပြမယ်၊ လမ်းပေါ်မှာ စကားပြောလို့ မကောင်းဘူး၊ လာ လက်ဖက်ရည်ဆိုင်ထဲမှာ ပြောကြတာပေါ့"

"ကောင်းပါတယ်၊ ဆရာကြီးကို လက်ဖက်ရည် မုန့်နဲ့ ဧည့်ခံပါရစေ"

ဝင်းလှိုင်မိသားစုနှင့်အတူ နီးရာလက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြသည်။ ဝင်းလှိုင်ကပင် လက်ဖက်ရည်၊ မုန့်များ မှာလိုက်သည်။

"ကဲပါ၊ ပြောမယ်ဆိုတဲ့ စွယ်ကတော့ရှာသူဇာတ်လမ်း ပြောပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလှိုင်ဇနီးက သိချင်စောဖြင့် ကျွန်တော့်ကို ပြောလိုက်သည်။

"အေး...ပြောပါ့မယ်၊ ဟိုးလွန်ခဲ့တဲ့ ၁၉၈၀ ခုနှစ်ကျော်က အဖြစ်တွေပါ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်က ကြုံခဲ့ရတာပါ၊ အဲဒီစွယ်ကတော့ရွာသူ မစိန်မြင့်နဲ့ ဝင်းလှိုင် ပတ်သက်ဆက်နွယ်ခဲ့တဲ့ ဇာတ်လမ်းက ဒီလိုကွဲ့"

❑

BURMESE CLASSIC .com

၁၉၈၁ ခုနှစ်ကာလ ဖြစ်သည်။ ထိုစဉ်က ကျွန်တော်တို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဆိပ်ကြီး၊ သန်လျင်တွင် တာဝန်ထမ်းဆောင်နေစဉ်ကာလဖြစ်သည်။ ထိုအချိန်က ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် မြစိမ်းရောင်၊ ရွှေဝါမြေ လုပ်အားပေးပွဲများ ဆောင်ရွက်နေသောအချိန် ဖြစ်သည်။ မြစိမ်းရောင်လုပ်အားပေးကာလမှာ မိုးဦးကျ စပါးစတင်စိုက်ပျိုးသောကာလဖြစ်ပြီး ရွှေဝါမြေ လုပ်အားပေးကာလမှာ စပါးရိတ်သိမ်း ခြွေလှေ့ရသော နွေဦးကာလဖြစ်သည်။ ကျွန်တော်တို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှ





လုပ်အားပေးတပ်ခွဲ(၂)ခွဲ ရွှေဝါမြေ လုပ်အားပေးတာဝန် ထမ်းဆောင်ရန် ထွက်ခွာလာခဲ့ကြသည်။ ကျွန်တော်တို့ ယာဉ်တန်းဦးတည်ရာအရပ်မှာ ခရမ်း သုံးခွအလွန် 'ပိန်းကန်' ရွာနှင့် 'စွယ်ကတော့' ရွာများသို့ဖြစ်သည်။ ပိန်းကန်ရွာတွင် တပ်ခွဲတစ်ခွဲ၊ စွယ်ကတော့ရွာတွင် တပ်ခွဲတစ်ခွဲ တာဝန်ယူရမည်ဖြစ်သည်။ ကျွန်တော်တို့ တပ်ခွဲမှာ စွယ်ကတော့ရွာတွင် တာဝန်ကျသည်။ နံနက် ၁၀ နာရီကျော်ကျော်တွင် ကျွန်တော်တို့တပ်ခွဲ စွယ်ကတော့ရွာသို့ ရောက်ရှိခဲ့သည်။ ရွာခံလူကြီးများက တဲကြီးသုံးလုံး အဆင်သင့် ဆောက်လုပ်ထားပေးထားကြသည်။ ကျွန်တော်တို့တပ်ခွဲတွင် တပ်စု(၃)စုပါသည့် တပ်စုတစ်စုလျှင် တဲတစ်လုံးကျစီဖြစ်သည်။ ကျွန်တော်က တပ်ခွဲရုံးတာဝန်ခံဖြစ်၍ တဲသုံးလုံးအနက် အလယ်မှ တဲတွင် နေရာယူခဲ့သည်။ တဲတစ်လုံးတွင် လူသုံးဆယ်ကျော်ဆံ့သည်။ တာလပတ်များ မိုးထားပြီး ကောက်ရိုးများ ခင်းထားပေးသည်။ တဲအလယ်တွင် လူသွားလမ်း သုံးပေအကျယ်ခန့်ရှိသည်။ တစ်ဖက်စီတွင် စစ်သည် ဆယ့်ငါးဦးကို နေရာယူစေသည်။ ကျွန်တော်တို့ နေရာယူပြင်ဆင်နေစဉ်မှာပင် စွယ်ကတော့ရွာမှ လူကြီးသုံးလေးဦး လှည်းတစ်စီးဖြင့် ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တပ်ခွဲရုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

"ဒီက ရဲဘော်တွေအတွက် မုန့်ဟင်းခါး လာပို့တာပါ"

"အားနာစရာဖြစ်နေပြီ၊ ကျွန်တော်တို့မှာ ရိက္ခာတွေ ပါလာပါတယ်၊ ကျွန်တော်တို့ ရောက်လာမှာသိလို့ မုန့်ဟင်းခါး လုပ်ထားတာလား"

တပ်ခွဲမှူးက ရွာခံဦးကြီးများကို မေးလိုက်သည်။ ဦးကြီး တစ်ဦးက...

"သီးခြားလုပ်တာ မဟုတ်ပါဘူး၊ အသုဘရက်လည် အလှူအိမ်က ပို့ခိုင်းလိုက်တာပါ၊ သူတို့ဒါနအတွက် အားပေးလိုက်ကြပါဦး၊ အသုဘရက်လည်ရက်နဲ့ တိုက်ဆိုင်နေလို့ပါ"

"သြော်...ဒါဆိုလည်း ကျေးဇူးပါပဲ၊ ရဲဘော်တွေ အိုးတွေ ဝိုင်းချကြပါဦး"

နွားလှည်းပေါ်မှ မုန့်ဟင်းခါးဟင်းရည်အိုးကြီးများ၊ မုန့်ဖတ်တောင်းများကို ကျွန်တော်တို့ ဝိုင်းဝန်းကူညီ ချပေးလိုက်သည်။ တပ်စုအလိုက် ဝေငှပေးလိုက်သည်။

ကျွန်တော့်မှာ တပ်ခွဲရုံး အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေရသဖြင့် ရုံးအကူအဖြစ် တပ်သား ဝင်းလှိုင်ကို ခေါ်ယူထားလိုက်





သည်။ ထိုနေ့ညနေ ခြောက်နာရီတွင် တပ်ခွဲမှူးက တန်းစီလူစစ်ပါသည်။ ပြီးနောက် စည်းကမ်းချက်များ ရှောင်ရန်၊ ဆောင်ရန်များ ဖတ်ပြပါသည်။ အထူးသဖြင့် အရက်မသောက်ရ၊ လုပ်ငန်းခွင်ဝင်ရောက်စဉ် မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်းနေရေး၊ ရပ်ရွာအတွင်းသို့ အကြောင်းမဲ့ မသွားရောက်ရေးတို့ကို မှာကြားသည်။ ညဘက်တွင် ရွာအလိုက်၊ လယ်အလိုက် လူကြီးများ (သူတို့အခေါ် လယ်ဆည်ခေါင်းများ) ရောက်လာကြသည်။ မနက်ဖြန် လုပ်အားပေးအတွက် လိုအပ်သည့် လုပ်အားပေး အရေအတွက် လာရောက်ညှိနှိုင်းခြင်း ဖြစ်သည်။ နောက်တစ်နေ့ မနက် ငါးနာရီမှစ၍ ရဲဘော်များ တစ်သုတ်ပြီးတစ်သုတ် သတ်မှတ်နေရာများသို့ ထွက်ခွာသွားကြသည်။ ညနေ ခြောက်နာရီအရောက် တပ်ခွဲရုံးသို့ ရောက်ရှိသတင်းပို့ရမည်ဖြစ်သည်။ ကျွန်တော့်တာဝန်မှာ တပ်စိတ်အလိုက်၊ တပ်စုအလိုက်၊ တပ်ခွဲအလိုက် တစ်နေ့တာ လုပ်အားပေး ဆောင်ရွက်ချက်များကို စုပေါင်းပြီး အထက်ဌာနချုပ်သို့ တင်ပြရသည်။ ထိုတာဝန်များအပြင် ရိက္ခာထုတ်ပေးခြင်း၊ နံနက်စာ ထမင်းလက်ဖက်ရည် စီမံခန့်ခွဲခြင်းတာဝန်များပါ ဆောင်ရွက်ရသဖြင့် တပ်သားဝင်းလှိုင်ကို ကျွန်တော့်တပ်ခွဲရုံးတွင် ထားရှိခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညဘက် ခြောက်နာရီတစ်ကြိမ်နှင့် ကိုးနာရီတစ်ကြိမ် တန်းစီလူစစ်ရပါသည်။ လုပ်အားပေးကာလမှာ နှစ်ပတ်သာ ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်မတော် (ရေ)တပ်ခွဲမှ နှစ်ပတ်ပြီးသည်နှင့် (ကြည်း)နှင့်(လေ)တပ်ခွဲများ ရောက်လာကြဦးမည်ဖြစ်ကြောင်း သိရသည်။

ညနေ ခြောက်နာရီ တန်းစီလူစစ်ပြီးသည်နှင့် ဝင်းလှိုင် ပျောက်ပျောက်သွားသည်ကို ကျွန်တော် သတိထားမိလိုက်သည်။ ညကိုးနာရီ လူစစ်ချိန်အမီ ပြန်ရောက်လာမြဲဖြစ်သည်။

"ဟေ့ကောင် ဝင်းလှိုင်၊ ငါ့အလုပ်တွေ ဝိုင်းကူပေးဖို့ မင်းကို တပ်ခွဲရုံး ခေါ်ထားတာ၊ ခြောက်နာရီ တန်းစီပြီးတာနဲ့ ပျောက်သွားတော့တာပဲ၊ ဘယ်သွားနေတာလဲ"

"ကျွန်တော့်တာဝန် ကျွန်တော် သိပါတယ်၊ စုည ပြီးအောင် လုပ်ပါ့မယ်"

"ပြီးအောင် လုပ်တာက ဟုတ်ပါပြီ၊ မင်း ဘယ်သွားနေတာလဲ"

"ဘယ်ကိုမှ မဟုတ်ပါဘူး၊ ရွာထိပ်က ခရေပင်အောက် လေညင်းခံသွားတာပါ၊ ကန်ကိုဖြတ်ပြီး တိုက်လာတဲ့ လေပြည်က





အေးနေတာပဲ"

"မင်းဆင်ခြေပေးတတ်နေပြီလား၊ ဘာပြဿနာမှ မကြားချင်ဘူးနော်"

"စိတ်ချပါ ဆရာကြီး၊ ဘာပြဿနာမှ မဖြစ်စေရပါဘူး"

ညနေ ခြောက်နာရီနောက်ပိုင်း စစ်တုရင်၊ တမ်ပူလာ၊ ကျားကွက် စသည်ဖြင့် ကစားခွင့်ပြုထားပါသည်။ တမ်ပူလာ ကစားနည်းမှာ ကျွန်တော်တို့ ရေတပ်သားများ အများဆုံး ကစားကြသည့် ကစားနည်းတစ်မျိုးဖြစ်သည်။ ဤသို့ ကစားခွင့်ပြုထားရခြင်းမှာ စစ်သည်များ ရွာထဲသို့ မသွားရန် စုစည်းထားခြင်းဖြစ်သည်။ သို့သော် ဝင်းလှိုင်မှာ ခြောက်နာရီ တန်းစီပြီးသည်နှင့် ထုံးစံအတိုင်း ပျောက်သွားပါတော့သည်။ ညကိုးနာရီအမီ ပြန်လာပြီး အလုပ်များ သိမ်းကျုံးလုပ်ပါတော့သည်။ ညဆယ်နာရီ မီးပိတ်အိပ်ချိန်ဖြစ်သည်။ မီးစက်ဖြင့် မီးထွန်းထားသဖြင့် မီးစက်ပိတ်သည်နှင့် စခန်းတစ်ခုလုံး မှောင်မည်းသွားတော့သည်။ ဝင်းလှိုင်မှာ ကျွန်တော့်အနီးတွင် အိပ်သူဖြစ်သည်။ အိပ်ရာဝင်ချိန်တွင် ကျွန်တော် မေးလိုက်သည်။

"မင်း ညတိုင်း ပျောက်ပျောက်သွားတယ်၊ ကိုးနာရီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတယ်၊ ဘယ်သွားနေတာလဲ၊ ငါ့ကို မှန်မှန်ပြောစမ်း''

''ကျွန်တော် ရွာထဲမသွားပါဘူး၊ ရွာထိပ်က ခရေပင်အောက်ကို သွားတာပါ''

''ဟုတ်ပါပြီ၊ နေ့တိုင်း သွားနေတာပဲ၊ ဘာကြောင့် မသွား မနေနိုင် ဖြစ်နေရတာလဲ''

''ကျွန်တော် ပြောပါ့မယ်၊ ကျွန်တော် စွယ်ကတော့ရွာက ကောင်မလေးတစ်ယောက်နဲ့ ရင်းနှီးနေလို့ပါ''

''ဘာပြောတယ်၊ ရောက်တာမှ တစ်ပတ်လောက်ပဲ ရှိသေးတယ်၊ ဒီရွာက မိန်းကလေးနဲ့ ပတ်သက်နေပြီလား၊ မင်းတို့ ဘယ်အခြေအနေ ရောက်နေပြီလဲ''

''သမီးရည်းစား ဖြစ်နေပါပြီ ဆရာကြီး''

''ဟော၊ မြန်လှချည်လား၊ တပ်ခွဲမှူး သိရင်တော့ မလွယ်ဘူး၊ နေပါဦး၊ ဘယ်လိုတွေ့ခဲ့ကြတာလဲ''

''ကျွန်တော်ရောက်ပြီး နောက်တစ်ရက်မှာ သူနဲ့တွေ့တာ၊ ကျွန်တော် ခရေပင်အောက် ထိုင်နေတုန်း သူရောက်လာတယ်၊ စကားပြောကြရင်းနဲ့ ရင်းနှီးသွားကြတာ''

''တော်တော့ကွာ၊ မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်း





နေဖို့ မှာထားတယ် မဟုတ်လား''

''ကျွန်တော် သိပါတယ်၊ ဘာပြဿနာမှ မဖြစ်စေရပါဘူး''

''ရွာထဲက အဲဒီကောင်မလေးအိမ်ကို သွားသေးလား၊ သူက အိမ်ကို မခေါ်ဘူးလား''

''ရွာထဲ မသွားပါဘူး၊ သူလည်း မခေါ်ပါဘူး''

''ရွာထဲ မသွားနဲ့နော်၊ ပြဿနာတက်သွားမယ်''

''ရွာထဲ မသွားပါဘူး၊ အဲဒီခရေပင်အောက်မှာပဲ တွေ့ကြတာ၊ ကျွန်တော် သူ့ကို မတွေ့ရရင် မနေနိုင်တော့ဘူး ဖြစ်နေပြီ၊ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အံ့ဩမိတယ်၊ ကျွန်တော် သူ့ကို စွဲလမ်းနေမိပြီ ဆရာကြီး''

''ကောင်မလေး တော်တော်ချောလား၊ နာမည် ဘယ်လိုခေါ်လဲ''

''တော်တော်ချောတယ်၊ ညိုချောလေးပါ၊ သူ့နာမည်က မစိန်မြင့်တဲ့ ဆရာကြီး''

''မင်း တကယ်မယူနိုင်ဘဲ သွားမစမ်းလေနဲ့၊ တကယ်မယူနိုင်ရင် အဆက်ဖြတ်လိုက်တော့၊ တကယ်ယူနိုင်ရင် လက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဖွင့်ပြောလိုက်ကွာ"

"သူခွင့်ပြုရင် ကျွန်တော် သူ့ကို လက်ထပ်မှာပါ"

"ဒါဆိုလည်း လက်ထပ်ချင်ကြောင်း ဖွင့်ပြောလိုက်တော့"

"မနက်ဖြန်ည တွေ့ရင် ကျွန်တော် ဖွင့်ပြောလိုက်တော့မယ်"

နောက်တစ်နေ့ ညနေခြောက်နာရီ တန်းစီပြီးချိန်တွင် ဝင်းလှိုင် ပျောက်သွားပြန်သည်။ ခြောက်နာရီမှ ကိုးနာရီထိ အချိန်သည် လုပ်အားပေးစစ်သည်များ နှစ်သက်ရာ ကစားနည်း ကစားခွင့်ရချိန်ဖြစ်သည်။ ဝင်းလှိုင် တဲအတွင်း မရှိသည်ကို မည်သူမျှ သတိမပြုမိကြပေ။ ညကိုးနာရီမှ ဝင်းလှိုင် ပြန်ရောက်လာသည်။ ဝင်းလှိုင်မျက်နှာမှာ မှိုရသောမျက်နှာမျိုး ဖြစ်နေသည်ကို ကျွန်တော် သတိထားမိသည်။ အိပ်ရာဝင်ချိန်တွင် ကျွန်တော် မေးလိုက်သည်။

"ဟေ့ကောင် ဘယ်လိုလဲ၊ ကောင်မလေး ဘာပြန်ပြောလဲ"

"သူ့ကို လက်ထပ်ချင်ရင် သူ့မိဘတွေဆီမှာ လာပြောပါတဲ့"

"တကယ်သေချာတယ်နော်"





"တကယ်သေချာပါတယ် ဆရာကြီး"

"မနက်ဖြန်ညနေ မင်း သူ့ဆီသွားဦးမယ် မဟုတ်လား"

"ဆရာကြီး သိပါတယ်၊ ကျွန်တော် သူ့ကို မတွေ့ရရင် မနေနိုင် ဖြစ်နေတာ"

"ငါပါလိုက်ခဲ့မယ်၊ မင်းလက်ထပ်မယ့် အမျိုးသမီး ဘယ်လိုရုပ်ရည်မျိုးလဲဆိုတာ သိချင်တယ်၊ ပြီးတော့ မိဘမျိုးရိုးလည်း သိချင်တယ်၊ ဒီရွာထဲက သူ့မိဘတွေနေရာလည်း သိချင်တယ်"

"ကောင်းတယ် ဆရာကြီး၊ ဒါဆို မနက်ဖြန်ည လိုက်ခဲ့ပေါ့"

နောက်တစ်နေ့ တန်းစီလူစစ်ပြီးချိန်တွင် ဝင်းလှိုင်နှင့်အတူ ကျွန်တော် လိုက်သွားခဲ့သည်။ မိနစ်အနည်းငယ်သာ လမ်းလျှောက်ရသည်။ ရေကန်တစ်ခုအနီးဟိုင် ကြီးမားသော ခရေပင်ကြီးတစ်ပင် တွေ့ရသည်။

"ဒီနေရာပဲ ဆရာကြီး၊ အသေအချာ ချိန်းထားတာ၊ သူ မကြာခင် ရောက်လာမယ်၊ သူက ဘယ်တော့မှ ကြိုပြီးရောက် မနေဘူး၊ ကျွန်တော် ရောက်လာပြီးမှ ပေါ်လာတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ခဏလေးတွေ့ရင် ရပါပြီ၊ သူ့မိဘတွေနေရာ သိရရင်တော်ပြီ"

"သူ ကျိန်းသေလာမှာပါ"

ဝင်းလှိုင်က ကျိန်းသေလာမည်ဟု ပြောခဲ့သော်လည်း ညရှစ်နာရီကျော်သည်အထိ ထိုမိန်းကလေး ပေါ်မလာခဲ့ပါ။

"ဘယ်လိုလဲ ဝင်းလှိုင်၊ မင်းကောင်မလေး ခုထက်ထိ ပေါ်မလာပါလား၊ ဟုတ်ရဲ့လားကွာ၊ ငါပါလာလို့ ရှက်ပြီး မလာတော့တာထင်ပါယ်၊ ကိုးနာရီ လူစစ်ရဦးမယ်၊ ငါ သွားတော့မယ်"

"ဒီနေ့မှ ဘယ်လိုဖြစ်တာလဲ မသိဘူး၊ ဆရာကြီး သွားနှင့်ပါ၊ ကိုးနာရီ တန်းစီအမီ ကျွန်တော် ပြန်လာပါ့မယ်"

"အေး…ကောင်းပြီ၊ မင်းကောင်မလေးလာရင် မိဘအမည်နဲ့ လိပ်စာအတိအကျ မေးခဲ့"

"ဟုတ်ကဲ့၊ စိတ်ချပါ ဆရာကြီး"

ဝင်းလှိုင်ကို ထားရစ်ခဲ့ကာ ကျွန်တော် စခန်းသို့ ပြန်လာခဲ့သည်။ အခြားအလုပ်များ လုပ်နေခဲ့သော်လည်း စိတ်က ခရေပင်အောက် ရောက်နေသည်။ ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်နေသည်။ ကျွန်တော် နာရီကြည့်လိုက်သည်။ ကိုးနာရီပင် ထိုးတော့မည်။





တန်းစီကွင်းတွင် ရဲဘော်များ စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။ ကိုးနာရီထိုး၍ တန်းစီခရာမှုတ်သံ ကြားရသည်။ ထိုစဉ်မှာပင် ဝင်းလှိုင် အပြေးရောက်လာသည်။ ကျွန်တော့်ကို လက်မထောင်ပြလိုက်ပြီး သူ့တပ်စုထဲ ဝင်သွားပြီး တန်းစီပါသည်။ တန်းစီချိန်တွင် နောက်တစ်နေ့မနက် သွားရမည့်နေရာ၊ လုပ်ကွက်များကို အသိပေးဖတ်ပြရသည်။ အားလုံးပြီး၍ တန်းဖြုတ်ပြီးသည်နှင့် ကျွန်တော် ဝင်းလှိုင်ကို မေးလိုက်သည်။

"ဟေ့ကောင် ဘယ်လိုလဲ၊ မင်းကောင်မလေး လာရဲ့လား၊ တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့ပါတယ်၊ ဆရာကြီး ပြန်သွားပြီးတာနဲ့ သူရောက်လာတယ်"

"သူ့မိဘတွေရဲ့ နေရပ်လိပ်စာ၊ နာမည်တွေရော သိခဲ့ရဲ့လား"

"သူနေတဲ့အိမ် ကျွန်တော့်ကို ညွှန်ပြခဲ့တာပါ၊ သူ့နာမည်သာ မေးပါတဲ့၊ စွယ်ကတော့ရွာလယ်လမ်းမကြီးထိပ်မှာ နေတာတဲ့၊ လူတိုင်း ဘယ်သူ့မေးမေး သိပါတယ်တဲ့"

"အင်း…မင်းအတွက် အခုမှ စိတ်အေးရတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့ မိန်းမနဲ့တွေ့မှာစိုးလို့ပါကွာ၊ စခန်းသိမ်းဖို့ နှစ်ရက်ပဲ လိုတော့တယ်၊ ပစ္စည်းတွေသိမ်းဖို့ ငါ့ကို ကူဦး၊ သူ့ဆီက အဖြေ ရပြီးပြီပဲ၊ တို့တပ်ပြန်ရောက်ပြီးမှ ငါ အဆင်ပြေသလို စီစဉ်ပေး မယ်၊ မင်း သူ့ဆီ မသွားနဲ့တော့"

စခန်းသိမ်းမည့်ကိစ္စများဖြင့် ကျွန်တော်တို့ အလုပ်ရှုပ်နေခဲ့ သည်။ ညဘက်တွင် ခရေပင်ကြီးဆီ မသွားရ၍ ဝင်းလှိုင်မှာ ဂနာမငြိမ် ဖြစ်နေသည်။ ဖင်တကြွကြွ ဖြစ်နေသည်။ မနက်ဖြန် မနက် မိခင်တပ်သို့ ပြန်ရတော့မည်ဖြစ်သည်။ ဝင်းလှိုင်မှာ တစ်ည လုံး မအိပ်ဘဲ လူးလိမ့်နေသည်ကို သတိထားမိသည်။ ကျွန်တော် တို့ စခန်းသိမ်းမည့် နံနက်စောစောတွင် ကျေးရွာလူကြီးများ ရောက်လာသည်။ ကျွန်တော်တို့ကို လာရောက်နှုတ်ဆက်ခြင်း ဖြစ်သည်။ တပ်ရင်းမှ မော်တော်ယာဉ်များ မရောက်လာသေး၍ စောင့်ဆိုင်းနေချိန်ဖြစ်သည်။

"ဟေ့ကောင်၊ လဒမှိုင် မှိုင်မနေနဲ့၊ မင်းကို နာရီဝက် အချိန်ပေးမယ်၊ ကောင်မလေးကို သွားပြီးနှုတ်ဆက်လိုက်"

"မသွားတော့ပါဘူး ဆရာကြီး"

"ဘာဖြစ်လို့လဲကွ၊ မင်းပဲ မတွေ့ရ မနေနိုင်ဘူးဆို"





"သူ မှာထားတယ်၊ နေ့ခင်းဘက် သူ့ဆီ မလာနဲ့တဲ့၊ ညဘက်မှောင်မှ သူ့ကို တွေ့နိုင်မယ်လို့ ပြောထားလို့ပါ"

"အဆန်းပါပဲလား၊ မင်းကောင်မလေးက ရက်တတ် တယ် ထင်ပါရဲ့"

ထိုအခိုက်မှာပင် တပ်မှ ကားကြီးများ ရောက်ရှိလာ သည်။ တီအီးကားကြီးများဖြစ်သည်။ တပ်စုသုံးစုအတွက် ကား ကြီးသုံးစီး ရောက်လာသည်။ အားလုံး နေရာယူပြီးသည်နှင့် ကျွန်တော်တို့ ရွှေဝါမြေ လုပ်အားပေးအဖွဲ့ ဖွယ်ကတော့ရွာမှ နှုတ်ဆက်ထွက်ခွာလာခဲ့သည်။ ကျောက်တန်း သန်လျင်လမ်းမပေါ် အရောက်တွင် ပိန်းကန်ရွာမှ ပြန်လာသော လုပ်အားပေးအဖွဲ့ကား များကို တွေ့ရသည်။ ကျွန်တော်တို့ကို စောင့်ဆိုင်းနေပုံရသည်။ ကျွန်တော်တို့ရောက်မှ ပေါင်းစုပြီး ထွက်ခွာလာသည်။ ထိုနေ့မှာ စနေနေ့ဖြစ်သည်။ ထိုအချိန်က စနေနေ့ နေဝက်သာ ရုံးပိတ်သည့် စနစ်ကျင့်သုံးသောကာလဖြစ်သည်။ မနက်ဖြန် တနင်္ဂနွေနေ့ တစ်ရက်သာ အနားရမည်။ ပင်ပန်းခဲ့သဖြင့် ထိုညက ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့သည်။ မနက်ဖြန် ရုံးပိတ်ရက်ဖြစ်၍ စိတ်ချလက်ချ အိပ်လိုက်ခြင်းဖြစ်သည်။ နံနက်စောစော ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com


အိမ် တံခါးလာခေါက်သံ ကြားလိုက်ရသည်။ ငါးနာရီသာသာ အချိန်ပင် ရှိသေးသည်။

"ဆရာကြီး၊ ဆရာကြီး ထပါဦး၊ သတင်းပို့စရာရှိလို့ပါ"

ခေါ်သံကြောင့် ကျွန်တော် အိမ်တံခါး ဖွင့်ပေးလိုက်သည်။ လူပျိုဆောင်မှ ဝင်းလှိုင်သူငယ်ချင်းနှစ်ယောက်ကို တွေ့လိုက်ရသည်။

"စောစောစီးစီးကွာ၊ ဘာကိစ္စလဲ"

"ဆရာကြီးတပည့် ဝင်းလှိုင်၊ ဆေးခန်းတင်ထားတယ်၊ ညဥ့်နက်နေလို့ ခုမှ လာသတင်းပို့တာပါ"

"ဟေ…ဟုတ်လား၊ ဘာဒဏ်ရာရလို့ ဆေးခန်းပို့ရတာလဲ၊ ဒီကောင် အရက်လည်း သောက်တတ်တာ မဟုတ်ဘူး"

"ညဥ့်နက်သန်းခေါင်လောက်မှာ ဒီကောင် ထအော်လို့ ကျွန်တော်တို့ တစ်ဆောင်လုံး နိုးသွားကြတယ်၊ စွယ်ကတော့ရွာက သူ့ရည်းစား လိုက်လာတယ်ဆိုပြီး အဆောင်ပတ်ပတ်လည် လိုက်ရှာနေတာ၊ စိတ်ငြိမ်ဆေးနဲ့ အိပ်ဆေးတွေ တိုက်ထားတယ်လို့ သိရတယ်"

"တော်တော်အစွဲအလမ်းကြီးတဲ့ အကောင်ပဲ၊ အေးအေး





ငါ အခုပဲ ဆေးခန်းလိုက်ခဲ့မယ်၊"

ကျွန်တော် ကပျာကယာ မျက်နှာသစ်လိုက်ပြီး တပ်တွင်း ဆေးခန်းသို့ လိုက်သွားသည်။ ဝင်းလှိုင်ကို လူနာကုတင်ထက်တွင် တွေ့လိုက်ရသည်။

"စွယ်ကတော့ရွာက မင်းရည်းစား လိုက်လာတယ်ဆို၊ ဖြစ်နိုင်ပါ့မလား၊ ငါ့ကို ပြောပါဦး"

"ညက ကျွန်တော် အိပ်ပျော်နေတုန်း စွယ်ကတော့ရွာက မစိန်မြင့် ကျွန်တော့်ကို အိပ်မက်ပေးခဲ့တယ်၊ သူ ကျွန်တော့်ကို သတိရစွဲလမ်းပြီး လိုက်လာတာတဲ့၊ အဆောင်အထိ လိုက်လာတာ၊ တစ်ယောက်ယောက်က ကျွန်တော့်ကို လှုပ်နှိုးလိုက်သလိုပဲ၊ ကျွန်တော် နိုးလာတော့ ခြင်ထောင်အပြင်ဘက်မှာ လူရိပ်လိုလို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်လည်း အဆောင်မီးတွေဖွင့်ပြီး လိုက်ရှာတာ၊ ဘာမှမတွေ့တော့ဘူး၊ သူငယ်ချင်းတွေကို နှိုးပြီး အဆောင်ပတ်ပတ်လည်ကို လိုက်ရှာခဲ့ကြတယ်၊ နောက်ဆုံး သူတို့က ဒီကောင် စိတ်မမှန်တော့ဘူးဆိုပြီး ဆေးခန်းပို့ခဲ့ကြတယ်"

"ဩော်…ဝင်းလှိုင်၊ ဝင်းလှိုင်၊ စွယ်ကတော့ရွာသူနဲ့ တွေ့ပြီးမှ ဘယ်လိုဖြစ်ရတာလဲ၊ မင်း စွယ်ကတော့က ကောင်မ


www.burmeseclassic.com

www.burmeseclassic.com



လေးကို စွဲလမ်းပြီး အိပ်မက်မက်တာဖြစ်မယ်"

"သူ့ကို စွဲလမ်းသတိရနေတာ အမှန်ပဲ၊ ညနေစောင်းလာတာနဲ့ ကျွန်တော် မနေနိုင်တော့ဘူး၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"လောလောဆယ် ခဏသည်းခံလိုက်ဦး၊ နှစ်ပတ်လောက် အလုပ်တွေ ထားခဲ့ရတော့ ရုံးမှာ လုပ်စရာတွေ ရှိသေးတယ်၊ ပြီးတော့မှ မင်းနဲ့ငါ စွယ်ကတော့ရွာ သွားကြမယ်၊ သူ့မိဘနဲ့တွေ့ပြီး နားဖောက်ပေးမယ်၊ လိုအပ်တဲ့ ထောက်ခံချက်တွေ ယူထားဖို့ ပြောခဲ့မယ်၊ ပြန်လာတော့ တပ်မှူးကို တင်ပြပြီး လက်ထပ်ခွင့်တင်ပေါ့"

"ဟာ...ဝမ်းသာလိုက်တာ၊ ဆရာကြီး တကယ်ပြောတာနော်"

"အေးပါ၊ လာမယ့်အပတ် တနင်္ဂနွေနေ့ သွားကြမယ်"

တနင်္လာနေ့မှစ၍ ရုံးလုပ်ငန်းများနှင့် လုံးလည်ချာလည် လိုက်နေသဖြင့် ဝင်းလှိုင်ကိစ္စကို သတိမထား အမှတ်မရခဲ့ပါ၊ စနေနေ့ နေ့ဝက် ရုံးဆင်းချိန်တွင်...

"ဆရာကြီး မနက်ဖြန် စွယ်ကတော့ သွားကြမှာနော်၊





စောစောသွားမှ နေ့ချင်းပြန်ဖို့မီမယ်"

"အေးပါ သွားပါ့မယ်၊ မင်းက ဒီခရီးစဉ်တွေကိုတောင် သိနေပါလား"

"လိုရမည်ရ မေးမြန်းစုံစမ်းထားလို့ပါ"

တနင်္ဂနွေနေ့ ရုံးပိတ်ရက် နံနက်စောစော မိုးပင်မလင်းသေးပါ။ ဝင်းလှိုင် ကျွန်တော့်အိမ်သို့ ရောက်လာသည်။ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှ နံနက်စောစော သန်လျင်ဈေးသို့ ပို့ပေးသည့် ဈေးကားဖြင့် လိုက်လာသည်။ ကျိုက်ခေါက်ဘုရားတွင် ဆင်းပြီး ခရမ်း သုံးခွဘက်သို့ သွားသည့်ကားကို ပြောင်း၍စီးရသည်။ ကားလမ်းဆုံး၍ လှည်းကြုံဖြင့် လိုက်ခဲ့ကြသည်။ နံနက်ဆယ်နာရီကျော်မှ 'စွယ်ကတော့' ရွာသို့ ရောက်ခဲ့ကြသည်။ ရွာသို့ရောက်ပြီး ဝင်းလှိုင် ရည်းစားပြောသည့် လမ်းညွှန်အတိုင်း မေးမြန်း၍ စွယ်ကတော့ရွာလယ်လမ်းမသို့ ဝင်ခဲ့ကြသည်။ အသင့်တွေ့သော လူရွယ်တစ်ဦးကို မေးမြန်းလိုက်သည်။

"ဪ...မစိန်မြင့်ရဲ့အိမ်လား၊ ရွာလယ်လမ်းမကြီး ထိပ်ဆုံးအိမ်ပဲ၊ သိပါတယ်၊ ကျွန်တော် လိုက်ပို့ပေးမယ်၊ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



တောင် သူတို့အိမ် အလှူရှိတယ်"

ကျွန်တော်တို့ မစိန်မြင့်အိမ်ရှေ့အရောက် ခြံထဲတွင် လူများ စည်ကားနေသည်ကို တွေ့ရသည်။

"ဗျို့ ဦးစိန်မောင်၊ ဒေါ်တင်မြင့်တို့ ဒီမှာ မြို့ကဧည့်သည် တွေလာတယ်"

လိုက်ပို့ပေးသူ လူရွယ်က အော်ခေါ်လိုက်သဖြင့် အိမ်ပေါ်မှ ဦးစိန်မောင်နှင့် ဒေါ်တင်မြင့်တို့ ဆင်းလာကြသည်။

"လာပါ၊ အိမ်ပေါ်တက်ပါ၊ ဒီနေ့ အိမ်မှာ အလှူလုပ်တာနဲ့ အတော်ပဲ၊ ဘယ်ကလာကြတာလဲ၊ ဘာကိစ္စများ ရှိလို့ပါလဲ"

ဦးစိန်မောင်က ကျွန်တော်တို့ကို နေရာပေးရင်း ပြောလိုက်သည်။

"ဒီကဆရာကို မြင်ဖူးတယ်လို့ ထင်နေတာ၊ တလောက ရွှေဝါမြေလုပ်အားပေးနဲ့ ရွာကို ရောက်လာတဲ့ ရေတပ်က ဆရာမဟုတ်လား၊ ဆရာတို့ လုပ်အားပေး စရောက်တဲ့နေ့က သမီးရက်လည်အလှူနဲ့ တိုက်ဆိုင်နေလို့ မုန့်ဟင်းခါးတွေတောင် လှည်းနဲ့ သွားပို့ခဲ့သေးတယ်၊ ဒီနေ့ ဆွမ်းကျွေးအလှူရှိတာ သိလို့ လာခဲ့တာလား"





"ဆွမ်းကျွေးအလှူ လာတာမဟုတ်ပါဘူး၊ သူက ကျွန်တော့်တပည့်ပါ၊ ရွှေဝါမြေလုပ်အားပေး လာတုန်းက ပါလာတယ်၊ အဲဒီကာလမှာပဲ ဦးသမီး မစိန်မြင့်နဲ့ တွေ့ဆုံပြီး မေတ္တာမျှခဲ့ကြတယ်၊ အဲဒါ ဦးသမီး မစိန်မြင့်က လူကြီးမိဘတွေဆီ လာပြောပြီး နားဖောက်ပါဆိုလို့ လာခဲ့ကြတာ၊ ဦးတို့ သဘောတူမယ်ဆိုရင်..."

ကျွန်တော့်စကားမဆုံးမီ ဦးစိန်မောင်က စကားဖြတ်ပြောလိုက်သည်။

"ဘာ...ဘာပြောတယ်၊ ကျုပ်မှာ သမီးနှစ်ယောက်ရှိတာ၊ အကြီးမက အိမ်ထောင်ကျပြီး ကလေးတောင် ရနေပြီ၊ အငယ်မ မစိန်မြင့်က ပိုးထိလို့ ဆုံးသွားတာ၊ တစ်လရှိသွားပြီ၊ ဒီနေ့ သူဆုံးတာ တစ်လပြည့်လို့ လပတ်အလှူ လုပ်နေတာ၊ ရွှေဝါမြေလုပ်အားပေး ရဲဘော်တွေ ရွာကို ရောက်လာတဲ့နေ့က သမီး ရက်လည်တဲ့နေ့ပဲ၊ ဘယ်လိုဖြစ်တာလဲ၊ သမီး မစိန်မြင့်က မိဘတွေဆီ တောင်းရမ်းနားဖောက်ဖို့ ပြောလိုက်တယ် ဟုတ်လား၊ ဘုရား၊ ဘုရား လုပ်ကြပါဦး"

ဦးစိန်မောင်စကားကြောင့် ဆွမ်းကျွေးအလှူရောက်နေသူ



www.burmeseclassic.com

www.burmeseclassic.com



များ စားလက်စ ထမင်းဝိုင်း ထားပစ်ခဲ့ကာ ကျွန်တော်တို့အနီး ဝိုင်းအုံရောက်ရှိလာကြသည်။

"ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ရဲဘော်တို့ ရောက်တဲ့နေ့က သမီး ပိုးထိလို့ ဆုံးသွားတာ ရက်လည်တဲ့နေ့ဖြစ်နေပြီ၊ ဒီရဲဘော်လေးက သမီးနဲ့ ဘယ်မှာ တွေ့ခဲ့ကြတာလဲ"

"ကျွန်တော် ရွာထိပ်က ခရေပင်အောက်မှာ ထိုင်နေတုန်း မစိန်မြင့် ရောက်လာတာ၊ အဲဒီခရေပင်အောက်မှာ သူနဲ့ စတွေ့ခဲ့တာ"

"ရွာထိပ်က ခရေပင်ကြီး ဟုတ်လား၊ သမီး မစိန်မြင့်က ခရေပန်း သိပ်ကြိုက်တာ၊ ခရေပန်း အကောက်သွားရင်း အပင်အောက်မှာပဲ ပိုးထိခဲ့တာ၊ သမီးနဲ့ တွေ့ခဲ့တာ သေချာရဲ့လား၊ သမီးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပါလား"

"အသားညိုညို၊ အရပ်မြင့်မြင့်၊ ဆံပင်တွေက တော်တော်ရှည်တာ၊ ကျွန်တော်နဲ့တွေ့တိုင်း ဆံပင်တွေက ဖားလျားချထားတတ်တယ်၊ သူ့အသက်က ဆယ့်ရှစ်နှစ်လို့ ပြောပါတယ်၊ ဒီကဦးတို့ ဒေါ်ဒေါ်တို့ အမည်နဲ့ လိပ်စာကိုလည်း သူပဲ ပြောပြခဲ့တာ"

ဝင်းလှိုင် ပြောလိုက်သော စကားကြောင့် နံဘေးမှလူများ





အားလုံး အံ့ဩမှင်တက်မိကုန်ကြသည်။

"ဒီသူငယ်ပြောတာတွေအားလုံး အမှန်တွေပါပဲ၊ မယုံနိုင်စရာပဲ၊ သူနဲ့တွေ့တဲ့အချိန်မှာ သူဆုံးတာ တစ်ပတ်ကျော်ကျော်ရှိခဲ့ပြီ၊ ပြီးတော့ သူက ညနေစောင်း အဲဒီခရေပင်အောက် သွားနေကျပဲကွဲ့"

"ကျွန်တော် ဘယ်လိုမှ မယုံနိုင်တော့ဘူး၊ ကျွန်တော် ရူးတော့မယ် ထင်ပါရဲ့"

"ကဲ…သူငယ်ယုံအောင် သက်သေပြမယ်၊ ဦးနဲ့ လိုက်ခဲ့ပါ"

ဦးစိန်မောင် ဦးဆောင်ရာနောက်သို့ ကျွန်တော်နှင့် ဝင်းလှိုင် လိုက်သွားကြသည်။ မကြာမီ ရွာထိပ်ရေကန်ဘေးရှိ ခရေပင်ကြီးအောက်သို့ ရောက်ခဲ့ကြသည်။

"သမီး ပိုးထိတာ ဒီနေရာပဲ၊ သူငယ်နဲ့ တွေ့ကြတာ ဒီနေရာပဲလား"

"ဟုတ်ပါတယ်၊ နေ့တိုင်းလိုလို သူနဲ့တွေ့နေကျနေရာပဲ"

"ကဲပါ လိုက်ခဲ့ကြပါဦး"

ရေကန်ကို ကွေ့ပတ်ပြီး လာခဲ့ကြရာ ရေကန်အလွန်တွင်



www.burmeseclassic.com

www.burmeseclassic.com



သင်္ချိုင်းကို တွေ့ရသည်။ သင်္ချိုင်းထဲ ရောက်လာပြီး အုတ်ဂူတစ်ခု ရှေ့တွင် ဦးစိန်မောင် ရပ်တန့်လိုက်သည်။ ပြီးနောက် ဝိုင်ပါကြီး နှင့် ပြောလိုက်သည်။

"ဒါ သမီးအုတ်ဂူပဲ၊ အင်္ဂတေခြောက်ရုံ ရှိသေးတယ်၊ ငါ့တူ ယုံပြီလား၊ စိတ်လျှော့လိုက်တော့"

ကျွန်တော်တို့ အုတ်ဂူအသစ်တစ်ခုကို တွေ့ရသည်။ အုတ်ဂူထိပ်ဘက်တွင် မစိန်မြင့်၊ အသက် ၁၈ နှစ်ဟု စာတမ်း ရေးထားသည်။ ထိုအခိုက် လေပြည်အလာတွင် ခရေပန်းအနံ့ ရလိုက်သည်။ မနီးမဝေး ရေကန်ထိပ်ရှိ ခရေပင်ဆီမှ ရနံ့လား၊ အုတ်ဂူပေါ် တင်ထားသော ခရေပန်းကုံးမှ ရနံ့လား ဆိုသည်ကို မဝေခွဲတတ်တော့ပါ။

❑

စကားပြောချိန် ကြာသွား၍ ကျွန်တော့်ရှေ့ရှိ လက်ဖက် ရည်များ အေးနေပြီဖြစ်သည်။

"လက်ဖက်ရည်တွေ အေးကုန်ပြီ ထင်တယ်၊ သောက်





လိုက်ပါဦး၊ ဆရာကြီး ပြောပြမှ ကိုဝင်းလှိုင်ရဲ့ အတိတ်က ဇာတ်လမ်းကို သိရတာ၊ ဆရာကြီး ပြောခဲ့တာတွေ အမှန်ပဲလား ကိုဝင်းလှိုင်"

သဇင်က သူ့ယောက်ျားကို မေးလိုက်သည်။

"ဘယ်လိုမှ မယုံနိုင်စရာ အဖြစ်တွေမို့ သဇင့်ကို မပြော ခဲ့တာပါ၊ ဆရာကြီးပြောတာတွေအားလုံး အမှန်တွေပါပဲ"

"အဲဒီတုန်းက ဒီကောင်ဝင်းလှိုင် ရူးကြောင်ကြောင် ဖြစ်ခဲ့သေးတယ်"

"စွယ်ကတော့ရွာဘု မစိန်မြင့်ရဲ့ ဝိညာဉ်နဲ့ တွေ့ခဲ့တာ ထင်တယ်၊ သူလည်း ကိုဝင်းလှိုင်ကို ချွဲလမ်းစိတ်နဲ့ လူပျိုရိပ်သာ အထိ လိုက်လာတာ ဖြစ်မှာပေါ့"

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ တကယ့် ကို မယုံနိုင်ဖွယ်အဖြစ်တွေမို့ ထားလိုက်ပါတော့၊ ဒါနဲ့ ကြုံတုန်း ပြောပါရစေ၊ ကျွန်တော့်အပေါ် တပည့်တစ်ယောက်လိုသာမက သွေးသားရင်းချာလို သွန်သင်ဆုံးမ စောင့်ရှောက်ခဲ့တဲ့ ဆရာကြီး ကျေးဇူးတွေ မမေ့ပါဘူး၊ အေးအေးဆေးဆေး ဆရာကြီးဆီလာပြီး ကန်တော့ပါဦးမယ်၊ ဆရာကြီး လိပ်စာပေးခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



အသင့်ပါလာသော ကျွန်တော့်လိပ်စာကတ်ပြား နောက်ကျောဘက်တွင် လက်မှတ်ရေးထိုး၊ ရက်စွဲထည့်ပြီး ဝင်းလှိုင်ကို ပေးလိုက်သည်။

"လက်ဖက်ရည်တိုက်တာ ကျေးဇူးပဲ၊ အငြိမ်းစားဆိုတော့ အိမ်မှာရှိပါတယ်၊ ကြုံရင် ဝင်သာလာခဲ့ကြ၊ သွားပြီ"

တပည့်ဟောင်း ဝင်းလှိုင်ကို နှုတ်ဆက်ပြီး ထွက်လာသော ကျွန်တော့်အတွေးဝယ် စွယ်ကတော့ရွာအဖြစ်များက တရစ်ဝဲဝဲ ပြန်ပေါ်လာသည်။

မောင်မောင်မိုးအောင်

□□□







# အောက်ဇရပ်စခန်းက တစ္ဆေကြီး

တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလတွေဆိုပါက ကောက်ကြီးလယများမှာ ဖုန်တုံးလုံးနှင့် မရိတ်သိမ်းကြရသေးပေ။ အနောက်ဘက်မုရင်းတောတွေဆိုလျှင်လည်း စိုက်ပျိုးဖို့ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးလိုသေးသည်။ လက်လုပ်လက်စားများမှာ ကိုယ့်နည်း ကိုယ့်ဟန်နှင့် အလုပ်ရှာပြီး လုပ်ကိုင်စားသောက်နေကြသော်လည်း လယ်တောင်သူများကတော့ နွားကျွဲကျောင်း အလုပ်လောက်သာရှိနေကြပြီး အားနေတတ်ကြသည်။ ထို့ကြောင့် ဒီလ ဒီရာသီရောက်လျှင် တောတက်ပြီး သစ်ခုတ်ဝါးခုတ်လုပ်ကာ အပြင်ဝင်ငွေရှာတတ်ကြလေ၏။

ရွာထဲတွင် တောတက်ပြီး သစ်ခုတ်သည့် အဖွဲ့များမှာ သာဒင်ခေါင်းဆောင်သည့်အဖွဲ့၊ စံအေးခေါင်းဆောင်သည့်အဖွဲ့၊ အောင်ပုခေါင်းဆောင်သည့်အဖွဲ့ဟူ၍ သုံးဖွဲ့ရှိ၏။ ထိုသုံးဖွဲ့ထဲမှ တစ်ဖွဲ့တောတက်ပြန်လာပြီဆိုလျှင် သာဒင်တို့အိမ်ရှေ့ရှိ ကွပ်ပျစ်တွင် ညအခါဆုံလေ့ရှိကြသည်။ တောထဲတွင် စစ်ဆင်ရေး ဘယ်လိုဆင်းနေသည်၊ ဂိတ်များဘယ်လိုချထားသည်၊ ဘယ်စခန်းမှာဘာသစ်တွေက ဘယ်လိုရှိနေသည်ဆိုတာ တိုင်ပင်ကြခြင်းဖြစ်သည်။ သာဒင့်၏မိဘများမှာ ဧည့်ဝတ်ကျေကြ၏။ ရေနွေးကြမ်း၊ လက်ဖက်၊ ထန်းလျက်စသည်တို့နှင့် ဧည့်ခံတတ်လေ၏။

ဒီနေ့ညလည်း စံအေးတို့အဖွဲ့ တောကပြန်လာတာမို့ သာဒင်၏အိမ်ရှေ့ကွက်ပျစ်တွင် ရေနွေးကြမ်းနှင့်ထန်းလျက်ကို မြည်းရင်း တောတက်ခဲ့သည့်အကြောင်းကို ဆွေးနွေးနေကြလေ





သည်။ စံအေးက သူတောတက်ခဲ့ရာတွင်ကြုံခဲ့ရသည့် အတွေ့အကြုံကို ပြောပြရန်စကားစလိုက်ရင်း အောင်ပုကိုမေးလိုက်သည်။

"အောင်ပု မင်းတို့မနက်ဖြန် တောတက်မှာဆို"

"အေး…အခြေအနေ ဘယ်လိုရှိလဲ"

အောင်ပုက စံအေးကိုပြန်မေးလိုက်သည်။

"အားလုံးကတော့ အိုးပင်းပဲ၊ ဂိတ်လည်းချမထားဘူး၊ စစ်ဆင်ရေးလည်း မရှိဘူး၊ ကျောက်ကွဲချောင်ထဲမှာ အင်တွေကို စည်နေတာပဲ။ ဒါပေမဲ့ မင်းတို့အောက်ဇရပ်မှာတော့ စခန်းမချကြနဲ့နော်"

စံအေးကသတိပေးသလိုပြောလာသည်။

"ဟ…ဘာဖြစ်လို့လဲကွ"

"ဒီလိုကွ၊ တို့တွေ ညနေ(၄)နာရီလောက်မှာ ထွက်လာတော့ ည(၉)နာရီလောက်မှာ အောက်ဇရပ်ကိုရောက်တယ်။ ဒီတော့ ထုံးစံအတိုင်း စခန်းချမယ်ပေါ့။ နွားတွေကို လှည်းကဖြုတ်ရင်းနဲ့ ဇရပ်ပေါ်ကိုလှမ်းကြည့်လိုက်တယ်။ အဲဒီမှာ လူတစ်ယောက် ခေါင်းရင်းမှာ မီးခွက်လေးထွန်းပြီး အိပ်နေတယ်။ ဒါနဲ့ တို့လည်း ထမင်းစားမယ်ဆိုပြီး ဇရပ်ပေါ်တက်လိုက်တော့ လားလား အိပ်နေတာမဟုတ်ဘူးဟေ့၊ လူသေအလောင်းကြီးကွ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တို့လည်း နွားတွေကမန်းကတန်းရုန်းပြီး ထွက်ခဲ့ရတယ်။ မနက်ကျမှ စုံစမ်းကြည့်တော့ အဲဒီအနီးတစ်ဝိုက်မှာ ဘယ်တဲစု၊ ဘယ်ရွာမှ နာရေးကိစ္စမရှိဘူးတဲ့''

''ဟာ..ဟုတ်လား..၊ အေး...မင်းပြောတာစဉ်းစားစရာပဲ''

''အဲဒီတော့အောင်ပု၊ မင်းတို့သွားတဲ့အခါ စခန်းကို အောက်ဇရပ်မှာ မချတာကောင်းမယ်''

''အေးလေ...ဒါပဲရှိတော့တာပေါ့''

အောင်ပုက စံအေးအကြံပြုချက်ကိုလက်ခံလိုက်သည်။

ဆွေးနွေးပွဲလေးကို စံအေးရဲ့ ကြောက်မက်ဖွယ်ဇာတ်လမ်းဖြင့်အဆုံးသတ်ပြီး လမ်းခွဲလိုက်ကြလေသည်။

□

''လုပ်ကြဟေ့၊ သစ်တွေတင်ကြ၊ ပြီးရင်တင်စရာ၊ သိမ်းစရာ၊ ထုပ်စရာတွေထုပ်ပြီးရင် ထွက်ကြရအောင်''

အောင်ပုက သူ၏လှည်းအဖွဲ့ကို နှိုးဆော်လိုက်သည်။ အားလုံး အိုး၊ အင်၊ ဓား၊ ခွက်တွေ လှည်းပေါ်တင်ကြပြီး တုပ်





တုပ်တုပ်၊ နှောင်တန်းနှောင်နှင့် ပျာပျာသလဲလုပ်နေကြချိန်တွင် တင်မောင်တစ်ယောက်မှာ သူ့လှည်းပေါ်တင်ထားသည့် သစ်လုံးကြီးကို ကြည့်ပြီး တစ်ခုခုကို အပြေရှာနေသလိုပင်။ ဒါကို အောင်ပုကမြင်တော့...

''ဟေ့ကောင်တင်မောင် ဘာလုပ်နေတာလဲ မြန်မြန်လုပ် အောက်ဇရပ်မှာ စခန်းချလို့မဖြစ်ဘူး၊ အောက်ကျောက်ပုံထိ ဆုတ်ပြီးအိပ်မှ၊ စံအေးမှာလိုက်တာ သိတယ်မဟုတ်လား''

''အေးပါကွ၊ ငါ..ငါ့သစ်ကြီးကိုကြည့်ပြီး စိတ်ထဲက တစ်မျိုးကြီးမို့ကွ''

''ဘာမှတစ်မျိုးကြီးဖြစ်မနေနဲ့၊ ငါတာဝန်ယူတယ်''

တင်မောင် ပြောတာလည်း မှန်သည်။ သူ့သစ်ကြီးက သူတကာလို အပင်လှဲဖြတ်တာ မဟုတ်ဘဲ ဖြတ်ပြီးတောက်ပြီးသားကြီး။ ဒါပေမဲ့ ကြာလောက်ပါပြီ။ ချုံနွယ်များ အတော်အတန်ဖုံးနေပြီဖြစ်သည်။ ချုံတွေ ရှင်းလိုက်ရုံနှင့် အလွယ်တကူရလာသောသစ်ကြီးဖြစ်သည်။ ဒါမျိုးဆိုတာ လုပ်ခဲ့တဲ့လူက အစောင့်တွေဘာတွေနှင့် ထားတတ်ကြသည်။ တင်မောင့်လှည်း တုပ်နှောင်ပြီးသည်နှင့် သူတို့လှည်းအဖွဲ့ တောထဲမှစထွက်ခဲ့ကြလေသည်။

တအိအိ တကျွိကျွိ မောင်းလာကြသည့် အောင်ပုတို့



www.burmeseclassic.com

www.burmeseclassic.com



လှည်းအဖွဲ့ အောက်ကျောက်ပုံစခန်းကို ရောက်လာခဲ့ကြသည်။

"ကဲ..ကဲ လှည်းတွေချွတ်ကြဟေ့၊ ထမင်းတောင်းတွေ ယူခဲ့ကြ၊ စားသောက်ပြီး ဒီမှာပဲအိပ်ကြမယ်"

အောင်ပုက သူ့အဖွဲ့ကို အမိန့်ပေးလိုက်၏။ အားလုံး လှည်းတွေဖြုတ်ပြီးသည်နှင့် စားကြသောက်ကြလေတော့သည်။ ထို့နောက် မောမောပန်းပန်းနှင့် အိပ်လိုက်ကြသည်မှာ တစ်ချိုးတည်း အိပ်ပျော်သွားကြသည်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားကြသည်မသိ။ နိုးလာတော့အချိန်ကား (၃)နာရီကျော်လောက်ပင်ရှိလေပြီ။

"ဟေ့ကောင်တွေ ထကြ ထကြ၊ ဟိုမှာကြည့်ကြစမ်း"

တင်မောင်၏အလန့်တကြားအော်သံကြောင့် အားလုံးဂလုံစုံမွှားနှင့်ထထိုင်ကြ၏။ တင်မောင်ပြသည့် နေရာကို အားလုံးကြည့်လိုက်သည့်အခါ ရောမလူကြီးတစ်ယောက်၊ တင်းတောင်းသာသာလောက်လုံးပတ်ရှိသော၊ (၆)တောင်တိုသစ်တုံးကြီးကို ခါးစောင်းတင်ပြီးတောစပ်တွင် လျှောက်သွားနေတာတွေ့ကြရသည်။ ထိုလူကြီးမှာ အောက်ဇရပ်ဆီသို့ ဦးတည်သွားနေမှန်း အားလုံးသိလိုက်ကြရသည်။ အောက်ဇရပ်နှင့်အောင်ပုတို့အဖွဲ့စခန်းချသည့် အောက်ကျောက်ပုံကလည်း တအားကြီးတော့ မဝေး





လှပေ။ အတန်ကြာမှ ထိုရောမလူကြီးက ဝါးရုံတောထဲဝင်ပြီး ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ကြရသည်။

အားလုံးကြောက်လန့်တကြားနှင့် အံ့အားသင့်ပြီး ကြောင်နေကြသည်။ အောင်ပုတို့အဖွဲ့ သတိပြန်ဝင်လာတော့မှ တင်မောင်က

"သည်လိုကွ၊ ငါ အိပ်ပျော်သွားတော့ အိပ်မက်လိုလို တကယ်လိုလိုနဲ့ လူတစ်ယောက်က ငါ့သစ်တုံးပြန်ပေးဆိုပြီး ငါ့လှည်းပေါ်ကိုတက်လာတယ်ကွ၊ ဂျက်သတ်ထားတဲ့ကြိုးတွေကို ဖွတ်ဖြုတ်တာဟေ့၊ ပြီးတော့မှ သစ်လုံးကို ဆွဲမပြီး ခါးစောင်းတင်လိုက်တယ်။ အဲဒီကျမှ လူကြီးက အကြီးကြီးဖြစ်သွားတာ။ ငါလည်းလန့်နိုးလာပြီး မင်းတို့ကို နှိုးရတာပဲ။ ခုတော့မင်းတို့မြင်တဲ့အတိုင်းပဲ ဟိုမှာ ငါ့လှည်းပေါ်က သစ်တုံးကြီးလည်း မရှိတော့ဘူး"

ဟုတ်ပါသည်။ တင်မောင့် လှည်းပေါ်က သစ်တုံးကြီး မရှိတော့ပါ။ တင်မောင့်ကြည့်ရတာ အကြောက်ပြေပုံ မပေါ်သေး။ ကြီးတိကြက်တက် ဖြစ်နေတုန်းပင်။ ထိုစဉ်မှာပင် မနီးမဝေးရွာလေးဆီက (၄)နာရီတုံးခေါက်သံကို ကြားလိုက်ကြရသည်။ ဒီတော့မှ အောင်ပုလည်း တင်မောင့်ကို အားပေးရင်း၊

"ကဲ..ကဲ တင်မောင်ဒီလောက်လည်း ကြောက်မနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့၊ မင်းရဲ့တောတက်စရိတ်ကိုလည်း ငါတို့အဖွဲ့ကစုပေးပါ့မယ်၊ ကဲ..ကဲ၊ လှည်းတွေကကြပေတော့၊ တို့ထွက်ကြရအောင်"

အားလုံး လှည်းများကကြပြီးနောက်ခရီးဆက်ကြလေ၏။

ရွာပြန်ရောက်တော့ အဖြစ်အပျက်တွေကို အောင်ပုက စံအေးနဲ့ သာဒင်တို့ကို ပြောပြလေသည်။ ထုံးစံအတိုင်း သာဒင်တို့ အိမ်ရှေ့ကွပ်ပျစ်ကလေးတွင် ရေနွေးကြမ်းနှင့် လက်ဖက်သုပ် စားရင်း တွေ့ဆုံကြခြင်းဖြစ်သည်။

အောင်ပုပြောပြသည့် ဓရာမလူကြီးအကြောင်းကို နားထောင်ပြီး အားလုံးကြောက်လန့်နေကြချိန်တွင် သာဒင်က...

"ငါကတော့ ဒါမျိုးတွေကို တွေ့ချင်တာ၊ တို့အဖွဲ့ မနက်ကို တောတက်မှာ၊ မင်းတို့ပြောတဲ့နေရာကို ရှောင်ကွင်းမနေဘူး၊ အသွားရော အပြန်ရော အဲဒီအောက်ဇရပ်မှာကိုစခန်းချမှာပဲ"

သာဒင်က အတော်အတန် ကြောက်တတ်သူမဟုတ်သလို သူ့အဖွဲ့က ခွေးပု၊ ကြွက်သိုး၊ ဝက်ကြီးနဲ့ ဖိုးငှက်တို့ကလည်း မိုက်တိမိုက်ကန်း တခွတ်ထိုးသမားတွေ။ လက်တွေ့မှ ယုံကြည်လက်ခံသူတွေဖြစ်သည်။

❑

သာဒင်တို့အဖွဲ့ တောတက်ထွက်ခဲ့ကြသည်။ နာမည်ကြီး





နေသည့် အောက်ဇရပ်စခန်းသို့ ရောက်ခဲ့ကြလေပြီ။ အချိန်က နံနက်(၁၀)နာရီ။ သာဒင်က...

"ကဲ အောက်ဇရပ်တော့ ရောက်ပြီပေါ့၊ နွားတွေဖြုတ်၊ ရေတိုက်ကြ၊ ပြီးရင်ထမင်းစားကြမယ်"

အောက်ဇရပ်ရှိ စခန်းကလေးမှာ အတော်ကောင်းသည်။ ဇရပ်ကလေးဘေးတွင် သောက်ဖို့သုံးဖို့ ရေကန်ကလေးကအသင့်။ နွားတွေကိုရေတိုက်ပြီး ထမင်းတောင်းများသယ်ကာ ထမင်းစားရန် ဇရပ်ပေါ်တက်လိုက်ကြသည်။ စံအေးပြောသလိုလူသေအလောင်းကြီးများရှိနေမလားဟု ဟိုဟိုဒီဒီလိုက်ကြည့်ကြသော်လည်း ဇရပ်ပေါ်တွင်ဘာမှမရှိ။ ဇရပ်ပေါ်ရောက်တော့မှ ဇရပ်ဘေးနားတွင်တုံးလုံးပက်လက်ရှိနေသော သစ်တုံးကြီးကိုတွေ့လိုက်ကြရသည်။ သာဒင်က ဇရပ်ပေါ်မှခုန်ချလိုက်ပြီး သစ်တုံးပေါ် ခြေတစ်ဖက်တင်ကာ

"ဒါ..အောင်ပုတို့အဖွဲ့က တင်မောင်ရဲ့သစ်တုံးပဲဖြစ်ရမယ်၊ တို့အဖွဲ့ရဲ့ လှည်းတစ်စီးအတွက်တော့ရပြီပေါ့၊ ဒီသစ်တုံးကို အပြန် ငါတင်မယ်ဟေ့"

သာဒင်က ပြောလိုက်ပြီး ဇရပ်ပေါ်ပြန်တက်ကာ အားလုံးအတူ ထမင်းစားကြလေ၏။ ဟိုအရင်က ဤအောက်ဇရပ်စခန်း



www.burmeseclassic.com

www.burmeseclassic.com



သည် ရေကန်ကလေးနှင့် သစ်ရိပ်ဝါးရိပ်တွေနှင့် သာသာယာယာ၊ အေးအေးမြမြ၊ တောနဲ့ကလည်း မနီးမဝေးဆိုတော့ တောသွား တောပြန်တွေနားကြ၊ စခန်းချကြနှင့်စည်စည်ကားကားရှိခဲ့သည်။ အခုတော့ တောတက်သူတွေ တစ်ယောက်ပြီးတစ်ယောက် ပြန်ပြောသည့် ခြောက်ခြားဖွယ်ရာ သတင်းတွေကြောင့် ခိုနားသူမရှိ။ နေပူပြင်မှာ အထီးကျန်လျက်ရှိသည်။ သာဒင်တို့အဖွဲ့လည်း စားသောက်ပြီးသည်နှင့် တောထဲသို့ ခရီးဆက်ခဲ့ကြသည်။

နောက်(၂) ရက်အကြာ ညနေစောင်းအချိန်တွင် သာဒင်တို့အဖွဲ့ သစ်တွေတင်ပြီး အောက်ဇရပ်စခန်းသို့ ပြန်ရောက်လာကြလေသည်။ သာဒင်က သူ့အဖွဲ့ကို မေးလိုက်သည်။

"အောက်ဇရပ်ရောက်ပြီဟေ့၊ ဒီမှာ စခန်းချကြမှာလား"

သာဒင်၏အဖွဲ့သားတွေက လုပ်ငန်းပြီးချိန် အရက်လည်းသောက်ထားကြသည်မို့ ခပ်ထွေထွေနှင့်...

"ဒီမှာပဲ စခန်းချမယဟေ့၊ ဒီဇရပ်မှာ နေတယ်ဆိုတဲ့ တစ္ဆေကို ဓားနဲ့နုတ်နုတ်စင်းပြီး ချက်စားပစ်မယ်"

ဟုပြောသူကပြော။ တစ်ယောက်ကလည်း

"ကင်ပြီး အရက်နဲ့ မြည်းပစ်မယ်"

ဆိုသူကဆိုနှင့်ဆိုတော့ သာဒင်လည်း...





"အေး...ဟုတ်တယ်၊ ငါ့လှည်းကလည်း ဒီကသစ်ကို တင်ရဦးမှာ၊ ဒီညတော့ စားသောက်ပြီး နားကြတာပေါ့၊ မနက်ကျမှ စောစော ဘင်ပြီး ထွက်ရအောင်"

ဒါနဲ့ သူတို့အဖွဲ့ နွားတွေကိုဖြုတ်၊ ရေတိုက် သေချာချည်ပြီး ပါလာသည့် အရက်ပုံးနှင့် ထမင်းဟင်းတွေကို ချကာ သောက်ကြ စားကြလေတော့သည်။ အတော်ညည့်နက်လာတော့

"ကဲ အိပ်ကြမယ်ဟေ့၊ ဓားတွေကို ကိုယ့်ဘေးကိုယ်ထားပြီး သတိလေးနဲ့ အိပ်ကြဟေ့"

သာဒင်က သတိပေးလိုက်လေသည်။ သူတို့အဖွဲ့လည်း ပန်းကလည်းပန်း၊ အရက်အရှိန်ကလေးနှင့်ဆိုတော့ တစ်ချိုးတည်း အိပ်ပျော်သွားကြသည်။

ည (၂)နာရီခွဲလောက်တွင် သာဒင်က နိုးလာကာ အိပ်ရာဘေးက ဓားကိုင်လျက် ငုတ်တုတ်ထိုင်ကာ ချည်ထားသည့် နွားတွေ ဆီသို့ လှမ်းကြည့်လိုက်သည်။ ဖိုးငှက်၏ နွားတစ်ကောင်က ရေကန်နားသို့ ရောက်နေလေသည်။ ထိုအခါ သာဒင်က သူ့ဘေးတွင် အိပ်နေသည့် ဖိုးငှက်ကို လှုပ်နှိုးလိုက်ကာ...

"ဟေ့ကောင် ဖိုးငှက် ထဦး၊ မင်းနွား လွတ်နေတယ်"

ဖိုးငှက်ကလည်း သတိတော့ ကောင်းသည်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း တထိုင်ကာ ဓားကစားကို ဆွဲကိုင်လိုက်ပြီး

"ဘာလဲ ကိုသာဒင်"

"ဟိုမှာ မင်းနွား လွတ်နေတယ်"

ဖိုးငှက်က ဓားကို ကိုင်ကာ သူ့နွားရှိရာ ရေကန်လေးဆီသို့ ဆင်းသွားလေသည်။ ထိုအချိန်မှာ သာဒင်က ကျန်လူတွေကို အကုန်နှိုးလိုက်လေသည်။

"ဟောကောင်တွေ ကြွက်သိုးတို့ ဝက်ကြီးတို့ ထကြဦး"

သူ့အဖွဲ့က သတိတော့ ကောင်းကြလေသည်။ အားလုံး တစ်ခါတည်း ထထိုင်ကာ ဓားကိုယ်စီကိုင်ပြီးသား ဖြစ်နေကြသည်။

"ဘာလဲဟ သာဒင်ရ"

"ဟိုမှာ ဖိုးငှက် နွားလွှတ်သွားလို့ ဆင်းဖမ်းနေတယ်"

အားလုံးကလည်း ဖိုးငှက်ကို ကြည့်လိုက်ကြရာ လရောင်အောက်မှာ နွားက ရှေ့ကသွား၊ ဖိုးငှက်က နောက်ကစုတ်သပ်ကာ လိုက်နေသည်ကို မြင်ကြရလေသည်။ ဒီလိုနှင့် နွားက ရှေ့ကသွား၊ ဖိုးငှက်က နောက်ကလိုက်နှင့် ဝါးရုံချုံကြီးအကွယ်သို့ ရောက်သွားသော် 'အား...' ဟူသည့် ဖိုးငှက်၏ မချိမဆန့်အော်သံကြီးကို ကြားလိုက်ကြရာ သာဒင်တို့အဖွဲ့ ဓားကိုယ်စီနှင့် ဝါးရုံချုံကြီးရှိရာ





သို့ ပြေးသွားကြလေသည်။ ချည်ထားသည့် နွားတွေကလည်း နားရွက်တွေဖွင့်ပြီး နှာတွေ တရှုးရှုးမှုတ်ကာ ရုန်းကန်နေကြသည်။ သာဒင်တို့အဖွဲ့၏ 'ခုတ်ဟ၊ ထိုးဟ၊ လိုက်ဟ' ဆိုသော ညာသံတွေက တိတ်ဆိတ်နေသော အောက်စခန်းရဲ့ညကလေးကို တစ်မဟုတ်ချင်း ဆူညံသွားစေသည်။

ညာသံများနှင့်အတူသာဒင်တို့အဖွဲ့ ဝါးရုံချုံကြီးနားရောက်သွားလေသောအခါ ဖိုးငှက်ကို မတွေ့ရသဖြင့် တစ်ဖက်က ထယ်စာခဲပြင်ကြီးထဲကို ကြည့်လိုက်ကြသည်။ ခြေတွဲလောင်း လက်တွဲလောင်းနှင့် မှောက်လျက်ဖြစ်နေသည့် ဖိုးငှက်ကို ခါးစောင်းတင်ကာ ကစ်လှမ်းချင်းသွားနေသည့် လူအကြီးကြီးကို လရောင်အောက်တွင် အတိုင်းသား တွေ့လိုက်ရလေသည်။ သိပ်လည်း မဝေးလှပေ။ 'ဝိုင်းဟ၊ လိုက်ဟ၊ ဓားနဲ့လိုက်ခုတ်ဟ' ညာသံပေး အော်ဟစ်နေကြသော သာဒင်တို့အဖွဲ့လည်း ကြီးမားသော လူအကြီးကြီးကြောင့် ရှေ့သို့ တစ်ယောက်မျှ မတိုးရဲကြပေ။ သူတို့၏အသံတွေကို လူအကြီးကြီးက ဂရုမစိုက်သလို တစ်ချက် လှည့်ကြည့်လိုက်ပြီး ခါးစောင်းတင်ထားသော ဖိုးငှက်ကို လွှတ်ချလိုက်သည်။ ထို့နောက် တဖြည်းဖြည်း ပြန်လှည့်လာပြီး သာဒင်တို့အဖွဲ့ရှိရာသို့ ဦးတည်လျက်တရွေ့ရွေ့လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တဖြည်းဖြည်း နီးသထက် နီးလာရာ သာဒင်တို့အဖွဲ့လည်း လူအကြီးကြီးကို ထင်ထင်ရှားရှား မြင်လာရလေသည်။

ဟင်းအရည်သောက်ပန်းကန်လောက်ရှိသည့် နီရဲနေသော မျက်လုံးကြီးနှစ်လုံး၊ သောက်ရေအိုးခန့်ရှိသည့် နှာခေါင်းကြီး၊ ငရုတ်ကျည်ပွေ့ခန့်အစွယ်များထွက်နေပြီး သွားရည်များကျနေသည့် စကောလောက်ရှိသည့် ပါးစပ်ကြီးနှင့် အုန်းပင်လောက်မြင့်နေသော အရုပ်ကြီးတို့ကြောင့် သာဒင်တို့အဖွဲ့ သွေးပျက်သွားပြီး ပြေးမိပြေးရာ ပြေးကြရလေတော့သည်။

ပြေးမိပြေးရာ ပြေးကြသည်ဆိုသော်လည်း ကံကတော့ ကောင်းကြသည်။ လူစုကွဲမသွားဘဲ အောက်ဇရပ်စခန်းနှင့် မဝေးလှသည့် စခန်းသာဆိုသည့် ရွာကလေးကို ရောက်သွားကြသည်။

"ကယ်တော်မူကြပါဗျို့၊ ကယ်ကြပါဗျို့၊ တစ္ဆေကြီးက လိုက်သတ်နေပါတယ်ဗျို့"

စခန်းသာရွာကလေး၏ ရွာပေါက်ဝတွင် လူတစ်စုက သာဒင်တို့အဖွဲ့ အော်ပြေးလာကြသည်ကို လက်နှိပ်ဓာတ်မီးများနှင့် ထိုးကာ ကြည့်နေကြသည်။ သာဒင်တို့အဖွဲ့က လူအုပ်ကြီးနား ရောက်သည်နှင့် လူအုပ်ကြီးထဲ အတင်းဝင်တိုးလိုက်ကြသည်။

"တစ္ဆေကြီး လိုက်လာတယ် ကယ်ကြပါ၊ အကြီးကြီးဗျ။





လုပ်ကြပါဦး"

ဟု အမျိုးမျိုးအော်ကာ အကြောက်ကြီးကြောက်ပြီး သွေးပျက်နေကြလေသည်။ ထိုအခါမှ [illegible] ခေါင်းဆောင်လုပ်သူက…

"ကဲ ကဲ သည်နေရာရောက်မှတော့ [illegible] နေကြနဲ့တော့၊ ဘာမှကြောက်စရာမလိုဘူး"

ထိုသို့ အားပေးစကားပြောလိုက်သော်လည်း

"တစ္ဆေကြီး လာနေပြီ၊ ဟိုမှာ တစ္ဆေကြီး လိုက်လာနေတယ်"

ဟု ကြောက်လန့်ကာ ဆက်လက်အော်နေကြသည်။ အခြေအနေ မဟန်ကြောင်းသိသော လူကြီးတစ်ယောက်က…

"ကဲ ကဲ သည်တိုင်းတော့ မဖြစ်ဘူး၊ သူတို့ကို ရွာဦးဆရာတော်ဆီ ခေါ်သွားမှ ဖြစ်မယ်၊ ငထော် သူတို့ကို ခေါ်ခဲ့ကွာ၊ မင်းတို့အဖွဲ့ရော လိုက်ခဲ့ကြဦး"

ထိုအခါမှ ရွာလူထုက သာဒင်တို့အဖွဲ့ကို ဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားကြလေတော့သည်။

သာဒင်တို့အဖွဲ့ကတော့ စခန်းရွာရောက်လာသည်လည်း မသိ။ ဆရာတော့်ကျောင်းကို ရောက်လာသည်လည်း မသိ။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မသိကြပါ။ နံနက်လင်းမှ ဘေးနားတွင် ထိုင်နေသောလူများနှင့် ဆရာတော်ကိုမြင်မှ ဆရာတော်ကျောင်းပေါ် ရောက်နေမှန်း သိကြရလေသည်။

“ဒကာလေးတို့ သတိရပြီလား”

“တင်ပါ့၊ သတိရပါပြီဘုရား”

“သတိရရင် ဘယ်လိုဖြစ်တာလဲ ပြောပြစမ်းကွာ”

ထိုအခါမှ သာဒင်က ဖိုးငှက် နွားလွတ်၍ ထဖမ်းရာမှစ၍ အကြောင်းစုံရှင်းပြလိုက်သည်။

“အခု ဖိုးငှက်ကတော့ တစ္ဆေကြီးလက်ထဲမှာ ကျန်ခဲ့ပါတယ်ဘုရား၊ သေမှလား ရှင်မလား မသိရသေးပါ ဘုရား”

“ကဲ ကဲ ထားတော့၊ ဒကာဘမှိ မင်းက ရွာထဲက လူငယ်တွေစုပြီး အောက်ဇရပ်စခန်းကို လိုက်သွား၊ ကူညီလိုက်ပါကွယ်၊ ဒုက္ခရောက်သူကို ကူညီကောင်းပါတယ်”

ဆရာတော်က ရွာသူကြီး ဦးဘမှိကို အမိန့်ပေးလိုက်ရာ...

“တင်ပါ့၊ ကူညီလိုက်ပါ့မယ်”

ဟုဆိုကာ အသီးသီး ဆရာတော်ကို ဝပ်ချပြီး ကျောင်းပေါ်မှ ဆင်းသွားကြလေသည်။

ရွာလူငယ်များကို ရွာသူကြီးဦးဘမှိက ခေါင်းဆောင်





ပြီး သာဒင်တို့အဖွဲ့နှင့်အတူ အောက်ဇရပ်စခန်းသို့ ရောက်သွားကြလေသည်။ တော်ပါသေးသည်။ ချည်ထားသည့် နွားတွေမှာ တစ်ကောင်မှ ပျောက်မသွား၊ ချည်ထားသည့်အတိုင်း။ အောက်ဇရပ်စခန်းကလည်း ဘာမှမဖြစ်ခဲ့သလို ပကတိငြိမ်သက်လျက်။

သူကြီးဘမှိက စခန်းကို အကဲခတ်ကြည့်လိုက်ပြီး...

“မောင်ရင် မင်းတို့ ကျန်ရစ်တယ်ဆိုတဲ့သူက ဘယ်မှာလဲ”

သူကြီးဘမှိက သာဒင်ကို မေးလိုက်လေသည်။

“အဲဒီဝါးရုံချုံတွေရဲ့ ဟိုဘက် ယာခင်းထဲ ထယ်စာခင်းပြင်ကြီးထဲမှာ နောက်ဆုံး မြင်ခဲ့တာပဲ အဘ”

“ကဲ အားလုံး လာကြဟေ့၊ ထယ်စာခဲပြင်ထဲကို ကြည့်ကြစမ်း”

ထယ်စာခဲပြင်က အတော်ကြီးကျယ်ပြန့်သည်မို့ အတော်လေး မျက်စိကစားရသည်။ သူတို့အားလုံး ဝါးချုံအောက်ကနေ ထယ်စာခဲပြင်ထဲကို ဂရုတစိုက် ရှာကြည့်နေကြသည်။ ထို့နောက် ရွာသားတစ်ယောက်က အလန့်တကြားဖြင့်...

“ဟာ ဟိုမှာ သူကြီး မဲမဲကုန်းကုန်းကြီး လူနဲ့တူတယ်”

ထိုရွာသားပြသည့်နေရာကို အားလုံးကြည့်လိုက်ကြရာ



www.burmeseclassic.com

www.burmeseclassic.com



ထယ်စာခဲပြင်အလွန် တောအစပ်မကျတကျလောက်တွင် တွေ့လိုက်ကြရလေသည်။

"အေး…ဟုတ်တယ်၊ လာ သွားကြည့်ကြမယ်"

သူကြီးခေါင်းဆောင်ကာ အဖွဲ့လိုက် ထယ်စာခဲပြင်ကြီးထဲဖြတ်ပြီး သွားကြည့်ကြသည်။ အနားသို့ရောက်သော် ဟုတ်ပါသည်။ ဖိုးငှက်တစ်ယောက် မှောက်လျက်ကြီး အသက်ပျောက်နေလေသည်။

"ကဲ ကဲ လာကြဟေ့၊ သူ့ကို လှည်းတွေဆီ ရောက်အောင် သယ်ကြကွာ"

သူကြီးအမိန့်ကြောင့် ရွာသားများ အလောင်းကို အောက်ဇရပ်လှည်းစခန်းရောက်အောင် ဝိုင်းဝန်းထမ်းပိုးကာ သယ်ကြလေသည်။ လှည်းစခန်းသို့ရောက်သော် သူကြီးက အစီအစဉ် ဆွဲလေတော့သည်။

"လှည်းတွေ ဝိုင်းကကြဟေ့၊ တင်စရာရှိဘာတွေ ဝိုင်းတင်ကြကွာ၊ လူသေကို ဝန်စီစလှယ်နည်းတဲ့ လှည်းသာတင်လိုက်"

အားလုံးတင်ပြီးကြသော်…

"သာခုရယ်၊ သုခရယ်၊ ငကျွဲရယ် မင်းတို့သုံးယောက်ကငါနဲ့ သူတို့ကို ရွာအရောက် လိုက်ပို့ကြမယ်၊ ကျန်လူတွေကတော့





ရွာကို ပြန်ကြတော့"

ရွာလူထုကလည်း ပြန်သွားကြလေသည်။ သာဒင်တို့လှည်းအဖွဲ့လည်း ထွက်ကြလေတော့သည်။

တစ်နေကုန် မနေမနားနဲ့ မောင်းလာကြရာ သာဒင်တို့ကျွဲခံကုန်းရွာသို့ ညနေ(၄)နာရီတွင် ရောက်လာကြသည်။ ရွာထိပ်သို့ရောက်သော် သူကြီးဦးဘမိုက…

"လှည်းတွေ သည်နားဖြုတ်ကြဟဲ့၊ မောင်ရင်က ရွာထဲကိုသွား၊ သေသူရဲ့ မိသားစု ဆွေမျိုးအသိုင်းအဝိုင်းကို အကျိုးအကြောင်းပြောပြီး ခေါ်ခဲ့၊ ရွာသူကြီးကိုလည်း တစ်ခါတည်း ခေါ်ခဲ့ပါကွာ"

'မည်သို့ပြောရမလဲ' ဆိုသည့် အတွေးနှင့်အတူလေးလံသော ခြေလှမ်းများဖြင့် ရွာထဲသို့ ဝင်သာလာရသည်။ မည်သို့ စပြောရမည်ကို မတွေးတတ်ကြပေ။

အတန်ကြာတော့ ရွာထဲမှ သူကြီးဦးဘပု ခေါင်းဆောင်သော လူတစ်စု ထွက်လာကြသည်။ သာဒင်က သူကြီးဦးဘပုနောက်တွင် ကုတ်ကုတ်ကလေး လိုက်ပါလာသည်။ သူ့နောက်တွင် သူငယ်ချင်းများဖြစ်သည့် စံအေးနဲ့ အောင်ပုက ဆိတ်ဆိတ်ကလေး လိုက်လာကြသည်။ ငှက်ရိုး၏ဆွေမျိုးတစ်သိုက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ငိုယိုလျက်လိုက်ပါလာကြသည်။ သူတို့အဖွဲ့ လှည်းတွေဖြုတ်ထားသောနေရာသို့ရောက်သော် စခန်းသာရွာသူကြီး ဦးဘမိုက ဦးဘပုအား စတင်မိတ်ဆက်လိုက်သည်။

“ကျွန်တော်က စခန်းသာရွာက သူကြီးပါ”

ထိုအခါ ဦးဘပုကလည်း လေးစားစွာဖြင့်…

“ကျေးဇူးတင်ပါတယ်ဗျာ၊ သာဒင်ပြောပြလို့ အားလုံးသိပြီးပါပြီ၊ ဒီကောင် သာဒင် တော်တော်မိုက်တဲ့ကောင်၊ မင်းတို့က နေရာတကာ ဖိုက်တီမိုက်ကန်း တဇွတ်ထိုးလုပ်ချင်ကြတာကိုးကွ”

သာဒင်တစ်ယောက် ဘာမျှမပြောနိုင်။ ဖိုးငှက်အတွက် စိတ်မကောင်း။ စိတ်ထိခိုက်တာကတစ်မျိုး၊ သူ မစဉ်းစား မဆင်ခြင်လုပ်ခဲ့မိတာကိုလည်း နောင်တရလျက်။

သူကြီး ဦးဘပုက သာဒင်ကို ဆူ၍အားရမှ…

“ကဲ ပြီးတာတွေထားတော့၊ စံအေးနဲ့ အောင်ပု မင်းတို့ ကြွက်သိုးတို့၊ ခွေးပုတို့၊ ဝက်ကြီးတို့နဲ့ တိုင်ပင်ပြီး လုပ်သင့်တာလုပ်ရစ်ကြ၊ သာဒင် မင်း ဧည့်သည်တွေကို ငါ့အိမ်ခေါ်ပြီး လိုက်ခဲ့၊ ထမင်းလည်း ဆာရော့မယ်”

သူတို့အားလုံး သူကြီးအိမ်သို့ လှမ်းခဲ့ကြလေတော့သည်။





သူကြီးအိမ်သို့ရောက်သော် သူကြီးက…

“ရှင်မရေ မငွေမှျင်…ရေနွေးကြမ်းနဲ့ စားစရာလေးဘာလေး ယူခဲ့ပါဦးကွာ၊ ထမင်းလည်း ချက်ဦးဟေ့၊ သည်မှာဧည့်သည်တွေ ပါလာတယ်၊ ကဲ ကိုဘမို ထိုင်ဗျာ၊ မောင်ရင်တို့ထိုင်ကြ”

သူကြီး ဦးဘမိုနဲ့ သာခု၊ သုခ၊ ငကျွဲတို့က နေရာအသီးသီးသို့ ထိုင်လိုက်ကြသည်။ သူကြီး ဦးဘပုကလည်း တစ်ဖက်ခုံရှည်ပေါ်သို့ ထိုင်လိုက်သည်။ သာဒင်ကတော့ ဦးဘပု၏ ဇနီးအား ရေနွေးကြမ်းနှင့် အမြည်းများကို ဝိုင်းကူပြင်ဆင် သယ်ယူပေးပြီး သူကြီး ဦးဘပုနား ခပ်ယို့ယို့ကလေး ဝင်ထိုင်လိုက်သည်။ သူကြီး ဦးဘပုက သက်ပြင်းတစ်ချက် ချလိုက်ပြီး

“ကိုဘမို သောက်ဗျာ၊ မောင်ရင်တို့ သောက်ကြကွဲ့၊ နေပါဦး ကိုဘမိုရဲ့၊ ဒီတစ္ဆေကြီးက ဒီလောက်ကို သောင်းကျန်းသလားဗျာ”

“သောင်းကျန်းပါပြီကော သူကြီးရယ်၊ အဲဒီနားတစ်ဝိုက်ရွာတွေဆို သည်ဇရပ်ကို ဝေးဝေးက ရှောင်ကြသလို တောတက်သူအပေါင်းကလည်း ဇရပ်ကို အနားတောင် မသီကြဘူး၊ အဲဒီညကလည်း သူတို့အော်သံတွေကြားတော့ ကျုပ်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



လူစုပြီး သွားရရင် ကောင်းမလားဆိုပြီး ရွာပေါက်က စောင့်ကြည့်နေတာ''

''ဟုတ်ပါပြီ၊ အဲဒီအကြောင်းတွေတော့ သာဒင်ပြောပြလို့ အားလုံးသိပြီးပါပြီ၊ ဒီတစ္ဆေကြီးက ဘယ်ကဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ ပြောပြပါဦး၊ ကျွန်တော်တို့လည်း သိရတာပေါ့''

''ကျုပ်တို့လည်း ရဟန်းသံဃာတွေပင့်ပြီး ကောင်းမှုကုသိုလ်တွေပြု အမျှအတန်းဝေ ပရိတ်တွေရွတ်လုပ်တာ သုံးခါတောင်ရှိပြီ၊ တစ္ဆေဖြစ်ပြီး ဒီဇရပ်ကို စွဲလမ်းလို့ မကျွတ်ဘူးဗျာ၊ ဒီလူရဲ့ ဇာတ်လမ်းအစက ဒီလိုဗျ။''

''သူ့နာမည်က ချမ်းသာတဲ့၊ ကျွန်တော်တို့ရွာကစပြီး အနားတစ်ဝိုက်မှာရှိတဲ့ ရွာတွေကို မီးသွေးလေးဝယ်လိုက်၊ ရာသီချိန်တွေဆို မျှစ်၊ မိုးမျှော်ငရုတ်သီး၊ ထင်းကအစ ပျားရည်တို့ ဝယ်ရင်းပြုရင်းနဲ့ ဒီနားတစ်ဝိုက်က ရွာတွေက ဦးချမ်းသာဆိုပြီး လူသိများလာတာဗျ။ တစ်နှစ်လောက်ကြာတော့ ဒီနားတစ်ဝိုက်က ရွာတွေမှာ အလုပ်သမားတွေငှားပြီး ထုံးဖိုတယ်။ ပြီးတော့ သစ်တွေလည်း အရောင်းအဝယ် လုပ်တယ်ဗျ။ ထုံးဖိုက အလုပ်သမားတွေက သစ်ခုတ်ကဲ့ အလုပ်သမားတွေအားလုံး စားဝတ်





နေရေး၊ ကျန်းမာရေး ဘာမှလိုလေသေးမရှိဘူး၊ စေတနာကလည်းကောင်း၊ ငွေလည်း ငွေညှာတယ်။ အလုပ်ကလည်း အတော်လုပ်တဲ့လူဗျ အဟမ်း''

ဦးဘမိုက စကားတော်တော်ရှည်သွားပြီမို့ ချောင်းတစ်ချက်ဟန့်လိုက်ကာ နားထောင်နေသူအပေါင်းကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ ငှဲ့ထားသော အကြမ်းပန်းကန်ကို တစ်ကျိုက်မျှ သောက်လိုက်ကာ စကားကို ဆက်လေသည်။

''သည်တော့ဗျာ ကျွန်တော့်နားတစ်ဝိုက်ရွာတွေမှာ သူ့ကျေးဇူးနဲ့ကင်းတဲ့သူ ခပ်ရှားရှားပေါ့၊ ကိုချမ်းသာကို အားကိုးကြတယ်ပေါ့။ သူ့ကို မန္တလေးကလို့သာ သိတာ၊ ဘယ်နေရာ နေတယ်ဆိုတာ မသိကြဘူး၊ အမှုမဲ့ အမှတ်မဲ့ပေါ့။ အဲဒီလိုနဲ့ တစ်နှစ်မှာ ထုံးဖိုကလည်း မီးသိမ်းပြီ၊ သစ်တွေကလည်း စုံနေပြီ၊ အရေးကြီးတဲ့အချိန်ဆိုတော့ သူက မြို့ကို မပြန်ဘဲ အလုပ်သမားတွေနဲ့ တောထဲမှာ အတူအိပ် အတူစားနဲ့ သူကိုယ်တိုင် ကြပ်ကြပ်မတ်မတ် လုပ်နေရာက အမှတ်မထင် ငှက်ဖျားဝင်ပါလေရော။ သူကျန်းမာရေးမကောင်းမှ မိုးကလည်း လနဲ့ချီပြီးတော့ကို မလင်းဘဲ ရွာတာဗျို့။ အလုပ်တွေက တစ်ပိုင်းတစ်စ တို့လို့တန်းလန်း၊ သွားရေးလာရေးကခက်၊ တိုတိုပြောကြပါစို့၊ သူက ဒီငှက်ဖျားနဲ့ပဲ ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ရှာတယ်။ မိုးတွေကလည်း မလင်း၊ သွားရေးလာရေးက မလွယ်ဆိုတော့ ရွာနီးချုပ်စပ်က နီးစပ်ရာသံဃာတော်များပင့်ပြီး ဒီအောက်ဇရပ်မှာပဲ မိုးရွာကြီးထဲမှာပဲ သင်္ဂြိုဟ်လိုက်ရတယ်။ မိုးတွေလင်းတော့ သူ့အသိုင်းအဝိုင်းကို ရှာကြံပြီး အကြောင်းကြားကြတယ်၊ သူ့မိသားစုနဲ့ သူ့အသိုင်းအဝိုင်းတွေ ကျွန်တော့်အိမ်ကို ရောက်လာပြီး သံဃာတော်တွေပင့် ဆွမ်းတွေ ဘာတွေကပ်၊ ကောင်းမှုကုသိုလ်ပြု၊ အမျှအတန်းဝေပြီး ပြန်သွားကြတယ်။ ဒါပေမဲ့ မကြာခင်မှာ သတင်းကကြားလာတယ်၊ ဦးချမ်းသာ တစ္ဆေဖြစ်ပြီး အောက်ဇရပ်မှာ မကျွတ်ဘူးဆိုတာပါပဲ။ တချို့ကလည်း ကိုယ်တွေ့တွေ့ခဲ့တယ်ပေါ့။ အဲဒါနဲ့ ဒီဇရပ်ကြီးကို ဝေးဝေးရှောင်ပြီး စခန်းချဖို့နေနေသာသာ သီတောင်မသီရဲကြတော့ဘူးပေါ့ဗျာ။ ဟင်း…”

ဦးဘမိုက မောသွားပြီထင့်။ သက်ပြင်းတစ်ချက်ချလိုက်ကာ လက်တွင်ညှပ်ထားသော ဆေးလိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး စကားကို အဆုံးသတ်လိုက်သည်။ ဦးဘပုက ခေါင်းတဆတ်ဆတ်ညိတ်ပြီး…

“အင်း…ကိုယ်ချင်းစာပါတယ်ဗျာ၊ အစွဲလမ်းကြီးရှာတာကိုး၊ ကဲ သာဒင် မင်းအရီးလေးနဲ့ ထမင်းပွဲ ဝိုင်းပြင်ကွာ၊ စကား





ကောင်းနေလိုက်တာ ဧည့်သည်တွေလည်း ထမင်းဆာရောပေါ့”

ဒီလိုနှင့် ဖိုးငှက်ကိစ္စလည်းပြီးလို့ ဧည့်သည်တွေလည်း သူတို့ရွာကို ပြန်သွားကြလေသည်။ သာဒင်တို့၊ စံအေးတို့၊ အောင်ပုဝို့လည်း တောတက်မည်ဆိုသည့် စကားကို မပြောကြတော့ပေ။

တစ်နှစ်အကြာ ဒီအချိန်ကို ရောက်လာလေသည်။ အားလုံးသာဒင်တို့အိမ်ကွပ်ပျစ်တွင် ဆုံကြပြန်လေသည်။ အားလုံးက ငှက်ရိုးအကြောင်းသတိတရပြောနေသည်။ ရုတ်တရက် သာဒင်က

“တို့ တောတက်ကြဦးစို့လား”

အောင်ပုကလည်း…

“ဟုတ်တယ်ဗျာ၊ အလုပ်မရှိတာ ပျင်းတယ်”

စံအေးကတော့…

“ဒီတစ်ခါတော့ တို့သုံးဖွဲ့လုံး စုတက်မယ်ကွာ၊ အောက်ဇရပ်စခန်း ဘယ်လိုပြောင်းလဲသွားပြီဆိုတာလည်း သိချင်နေတာ”

ဟုတ်ပါသည်။ လူဆိုသည့်သဘောကလည်း ကြောက်စရာကိုမှ ကြည့်ချင်တာ၊ မမြင်စေချင်တာကိုမှ ကြည့်ချင်တာသဘာဝကိုဗျ။ ဒီလိုနှင့် သူတို့ တောတက်ကြပြန်လေပြီ။ သုံးဖွဲ့စုတက်ကြတာဆိုတော့ လှည်းအားလူအား တောင့်သည်။ စံအေး



www.burmeseclassic.com

www.burmeseclassic.com



စလိုက်သည်။

"ဘယ်လိုလဲဟော့၊ တို့အောက်ဇရပ်စခန်းက မောင်းရအောင်"

အချိန်က နံနက်(၁၀)နာရီပဲ ရှိသေးသည်။ သာဒင်က ဒီတစ်ခါတော့ သဘောရှေ့ထားလိုက်သည်။

"ဖြတ်မောင်းတာတော့ ကိစ္စမရှိပါဘူး နေ့ခင်းပဲ၊ နား တော့ မနားကြနဲ့၊ ငါ ရှုပ်ရှုပ်ယှက်ယှက်တွေ မဖြစ်ချင်ဘူး"

စံဇအေးက...

"အေးပါ၊ တို့ကလည်း အဲဒီမှာနားဖို့တော့ စိတ်တောင် မကူးပါဘူး"

မောင်းလာလိုက်ကြတာ အောက်ဇရပ်သို့ ရောက်လေပြီ။ လှည်းအဖွဲ့သားအားလုံး ငြိမ်သွားကြပြီး အောက်ဇရပ်ကို အကဲခတ်ကြည့်ရှုကာ မောင်းနေကြသည်။ အောက်ဇရပ်ရဲ့ မြင်ကွင်းက လုံးဝပြောင်းလဲနေပေပြီ။ မီးလောင်ထားသော ဇရပ်တိုင် မဲမဲငုတ်တိုကလေးတွေနှင့် ပြာပုံတွေဖုံးနေသော မီးလောင်ပြင် ဖြစ်နေလေသည်။

□□□

**ဘိုးသာဒင်**







# ထူးဆန်းသော ပန်းချီကား

ဗိုလ်ချုပ်ဈေးထဲရှိ ပန်းချီပြခန်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် မေသူ၏ စိတ်ကို ပြခန်းထဲရှိ ပန်းချီလက်ရာများက ဖမ်းစားထားကြသည်။ ပန်းချီလက်ရာများကလည်း မေသူ၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်တို့ တိမ်းညွတ်ရသည်ကို အပြစ်ဆိုဖွယ်ရာ မရှိလောက်အောင် အနုပညာလက်ရာမြောက်ပြီး ဆွဲဆောင်မှုကောင်းနေကြသည်။

ဤအရောင်းပြခန်းက ပန်းချီလက်ရာများက အတော်စုံလင်လှသည်။ ဆီဆေးပန်းချီ၊ ရေဆေးပန်းချီ စသည့် ဆေးမျိုးစုံဖြင့် ရောင်စုံခြယ်မှုန်းထားကြသည်ကို ဝင်လိုက်သည့်နှင့် တွေ့ရမည်ဖြစ်သည်။ ပန်းချီများက အလင်း၊ အမှောင် colour ရောင်နှင့် perspective အနီးအဝေး ချိန်ထားသည်များကလည်း လိုက်လျောညီထွေမှုရှိပြီး အားလုံးလိုလို ကောင်းမွန်နေကြသည်။

မေသူ၏ ခြေလှမ်းတို့ ပြခန်း၏ တစ်နေရာအရောက်တွင် ရပ်တန့်သွားကြရ၏။

သမင်ပျိုမလေးလို မျက်တောင်ကော့ကြီးများနှင့် ရွှန်းလဲ့လှပနေသော မျက်ဝန်းအစုံတို့ဖြင့် မင်သက်ငေးမောနေမိသည်။ အကြောင်းမှာ အခန်းထောင့်တစ်နေရာ၌ ပန်းချီဆရာကြီးတစ်ဦး ရေးဆွဲထားသော ပန်းချီကားထဲမှ မိန်းမလှလေးတစ်ဦး၏ ကိုယ်တစ်ပိုင်းပုံသည် မိမိရုပကာနှင့် လွန်စွာဆင်တူနေသောကြောင့် ဖြစ်ပါသည်။ ပန်းချီကားထဲမှ မိန်းမပျိုသည်လည်း မိမိလိုပင်။

ခါးလည်ခန့်အထိ ရှည်လျားနက်မှောင်နေသော ပိတုန်း





ရောင်ဆံကေသာ ရှည်ကျော့ကျော့နှင့် ကော့ညွတ်၍ ရွှန်းလဲ့တောက်ပနေကြသော မျက်ဝန်းအစုံနှင့်ပင်။ ပြီးတော့ မိမိလိုပင် မျက်ခုံး၏ကောင်းခြင်း၊ နှာတံပေါ်ခြင်းနှင့် နှင်းဆီဖူးပုံသဏ္ဌာန် နှုတ်ခမ်းနှစ်လွှာကလည်း တစ်ထေရာတည်း ဆင်တူနေသည်။

ထို့ကြောင့် မေသူမှ အနီးရှိ အစောင့်ဦးလေးကြီးအား . . .

"ဦးလေးကြီး . . . ဒီပန်းချီကားက ရောင်းဖို့ပြထားတဲ့ ပန်းချီကားနော်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကလေးမ"

"ဈေးနှုန်းကရော"

"သူက ဂန္တဝင်လက်ရာဆိုတော့ ဈေးတော့ နည်းနည်း မြင့်လိမ့်မယ်၊ (. . . . .)သိန်းပါ"

သည်နေရာတွင် (သို့မဟုတ်) မေသူနေရာတွင် တခြားသူတစ်ဦးဆိုပါက တခြားပန်းချီကားများထက် ဈေးမြင့်သော ဤပန်းချီကားကို ဝယ်မည်၊ မဝယ်မည် ဆိုသည်မှာ မသေချာသော်လည်း မိမိလို Beauty Sloon ဆိုင်ခွဲများစွာ ပိုင်ဆိုင်ထားသော (Boss) ဘောစိမမတစ်ယောက်အနေနဲ့မူ တွေဝေဒွိဟ ဖြစ်နေမည်မဟုတ်။ ထိုပန်းချီကားကို စမြင်ကတည်းက ဝယ်ယူရန် ရာခိုင်နှုန်း



www.burmeseclassic.com

www.burmeseclassic.com



အပြည့် အသင့်ဖြစ်ပြီးသား ဖြစ်ပါသည်။ ထို့ကြောင့်လည်း မေသူမှ စျေးပင် မဆစ်တော့ဘဲ…

"ကဲ…ကဲပါ၊ အဲဒီပန်းချီကား ထည့်လိုက်ပါ"

❑

ထို့နောက် ပန်းချီကားထည့်ထားသောအိတ်ကို မြတ်နိုးစွာဖြင့် ရင်ဝယ်ပိုက်ထားရင်း ကျန်လက်တစ်ဖက်မှာ Beauty Sloon ဆိုင်အတွက် လိုအပ်သော အလှပြင်ပစ္စည်းများ ထည့်ထားသော အိတ်နှင့် Fashion အဝတ်အစားတို့ကို ထည့်ထားသော အိတ်တို့ကို ပူး၍ကိုင်ထားရင်း လမ်းတစ်ဖက်၌ ခေတ္တရပ်နားထားသော အနီရောင် ဆလွန်းကားလေး ရှိရာသို့ အနီရောင် ဒေါက်မြင့်ဖိနပ်လေး စီးထားသော သူမက ကြွကြွရွရွလေးနှင့် လမ်းကို မီးပွိုင့်မှ ဖြတ်ကူးလိုက်၏။ ထိုစဉ် သွင်ရုပ်ရှင်ရုံနှင့် Ruby Mart ရှိရာဘက်သို့ မျက်နှာမူ၍ထားကြသော ကားမီးပွိုင့်မှ မီးစိမ်းပြနေပြီဖြစ်၍ ကားများစတင်မောင်းနှင်လာကြပြီဖြစ်၏။ ထိုအခါ ပစ္စည်းပစ္စယများစွာနှင့် မေသူမှ လမ်းတစ်ဖက်သို့ အလျင်စလို ကူးလိုက်ရာ





ခြောက်လက်မ အမြင့်ရှိသော ဒေါက်မြင့်ဖိနပ်ကြောင့် ခြေခေါက်သွားပြီး ညာဘက်လက်ဖြင့် ပွေ့ပိုက်ထားသော ပန်းချီကားမှာ ဟန်ချက်ပျက်ကာ လျှောကျ၍ လမ်းမထက်သို့ အရှိန်ပြင်းစွာ ကျရောက်သွားပါသည်။

"ဒေါက်…"

"ဟယ်…"

"အို…ငါတန်ဖိုးထားတဲ့ပစ္စည်းမှ ပြုတ်ကျရတယ်လို့ ပန်းချီကားလေးတော့ ပျက်စီးသွားပြီလား မသိပါဘူး"

ဟူသော အတွေးနှင့်အတူ လမ်းအလယ်တည့်တည့်မှ ကားအား စိုးရိမ်စိတ်ဖြင့် ကုန်းကောက်လိုက်မိသည့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အချိန်တစ်ခဏ…။ 'သတိမမူ ဂူမမြင်' ဆိုသောစကားလို မီးပွိုင့်လွတ်လိုက်၍ လာနေပြီဖြစ်သော တစ်ဖက်မှ ကားကိုလည်း အာရုံထဲမှာ မမြင်တော့။

"ပွမ် … ပွမ် …"

သူမနားထဲမှာ နောက်ဆုံးကြားလိုက်ရသည့် အသံများမှာ တစ်ဖက်မှ အရှိန်ပြင်းစွာဖြင့် မောင်းနှင်းလာနေသော Taxi ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ထိတ်လန့်စွာဖြင့် အော်ဟစ်သံများ။ ငရဲပွက်သလို ဆူညံ ပွက်လောရိုက်သွားသည့် တဒင်္ဂ…။

"ဂူး…ကျွီ…"

"ဟာ…ဘရိတ်မမိတော့ဘူး"

"ဒုန်း…"

"ကျွီ…"

"အား…"

အရှိန်ပြင်းစွာဖြင့် လူကို တိုက်မိသွားသည့်အရှိန်ကြောင့် လက်တဲမှ ပန်းချီကားမှာ လေထဲသို့ မြောက်တက်သွားပြီး လမ်းဘေးပလက်ဖောင်းထက်သို့ လွင့်စင်၍ ကျသွား၏။ ထို့နောက် အနီးပတ်ဝန်းကျင်ရှိ လူတချို့ထံမှ အော်ဟစ်သံများ…

"ဟာ…လုပ်ကြပါဦး"

"မိန်းကလေးတစ်ယောက်ကို ကားတိုက်မိသွားပြီ"

"အမယ်လေး…သွေးတွေကို ရဲနေတာပဲ"

"အဲဒီကားနံပါတ်ကို မှတ်ထား၊ မောင်းမပြေးစေနဲ့"

ထိုအချိန်တွင် ပလက်ဖောင်းထက်တွင် လဲလျောင်းအိပ် စက်နေသော ပန်းချီကားလေးမှာတော့ သခင်မဲ့လျက် နီရဲထွေးနေ





သော သွေးစက်များ စွန်းထင်ပေကျံနေလျက်…။

❑

"ဒီပန်းချီကားလေးက သမီးသက်ရှိထင်ရှားရှိတုန်းက သူ့ အရမ်းကို နှစ်သက်မြတ်နိုးခဲ့တဲ့ ပန်းချီကားလေးပါ"

"သူ နောက်ဆုံး Accident ဖြစ်ပြီး သေဆုံးသွားရတာ လည်း ဒီပန်းချီကားလေးကြောင့်ပဲလို့ ပြောရမှာပါပဲခင်ဗျာ"

မေသူ၏ ဖခင်ဖြစ်သူ ဦးရဲဇော်မှ သမီး၏ ဈာပနပွဲဆီသို့ ရောက်လာကြကုန်သော ဧည့်ပရိသတ် မိတ်ဆွေအချို့ကို ဆွေးဆွေး မြည့်မြည့်ဖြင့် ပြန်လည်ပြောပြနေခြင်းဖြစ်သည်။

"အေးဗျာ၊ သတင်းကြားကြားချင်း ကိုယ့်နားကိုယ်တောင် မယုံပါဘူးဗျာ၊ အရွယ်ကောင်းတုန်းလေးဆိုတော့လေ၊ နောက်ပြီး မိဘချင်းစာနာပြီး အရမ်းလည်း စိတ်မကောင်းဖြစ်မိပါတယ်ဗျာ"

ဧည့်သည်များအားလုံး ပြန်သွားတော့ ရွှေပေါ်မြတင်၍ ပိုးဥသလို မွေးထားသော တစ်ဦးတည်းသော သမီးဖြစ်သူ မေသူ ၏ အသက်နှင့်ရင်း၍ ဝယ်ယူသလို ဖြစ်ခဲ့ရသော နံရံထက်မှ ပန်းချီကားကြီးအား သမီးကို လွမ်းဆွတ်သတိရခြင်းများစွာဖြင့် ငေးမောကြည့်ရှုနေမိသည်။ ထိုသို့ ကြည့်နေရင်းမှ…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

"ဘုရား...ဘုရား"

နံရံထက်မှာ ဣန္ဒြေရစွာဖြင့် နေရာယူထားသော ပန်းချီကားထဲမှ မိန်းမလှလေး၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်တွေ စီးကျနေပါလား။ တစ်ခုခုတော့ မှားနေပြီဟု တွေးမိသည်။ အမြင်အာရုံတွေများ မှားနေတာလား။ မျက်လုံးများကို ပွတ်သပ်၍ သေသေချာချာ ကြည့်မိ၏။ မကြာသေးခင်ကမှ မှဲ့နေသော မျက်နှာသည် ပြန်လည်ပြုံးပြနေပြန်၏။

"ဟင်...မျက်ရည်တွေ မရှိတော့ပါလား"

"ကိုရဲဇော် ရှင် ဘာတွေ ကြည့်နေတာတုန်း"

နောက်ကျောဘက်ဆီမှ အသံကြားလိုက်ရ၍ လှည့်ကြည့်လိုက်မိတော့ ဇနီးဖြစ်သူ ဒေါ်သူဇာ...

"သမီးဝယ်ထားတဲ့ ပန်းချီကားပုံထဲက မိန်းကလေးပုံမှာ မျက်ရည်တွေ ကျနေတာ တွေ့လိုက်မိလို့"

"အို...မဖြစ်နိုင်တာတွေ မပြောပါနဲ့ရှင်၊ အခုအချိန်မှာ ရှင် အရမ်းပင်ပန်းနေပြီ၊ သွားအနားယူလိုက်ပါဦး"





ဇနီးဖြစ်သူကပင် မယုံမကြည် ဖြစ်နေပြီမို့ ဦးရဲဇော်အနေဖြင့် ဘာမှ ဆက်မငြင်းချင်တော့။ မိမိ၏ စာကြည့်ခန်းထဲသို့သာ ခေါင်းကိုကုတ်ရင်း ဝင်လာခဲ့တော့၏။ ထူးခြားမှုကို မိမိတစ်ဦးတည်းကိုသာ ပြသော ပန်းချီကားကိုလည်း နားမလည်နိုင်တော့။

"ရှပ်...ရှပ်...ရှပ်..."

လူခြေတိတ်၍ အိမ်သူအိမ်သားအားလုံး အိပ်မောကျနေကြချိန် ညဥ့်အခါ၌ ကြားလိုက်ရသော ခြေသံသဲ့သဲ့များကြောင့် အအိပ်ဆတ်သော ဒေါ်သူဇာတစ်ယောက် အိပ်နေရင်းမှ အသာနားစွင့်နေလိုက်မိသည်။

ဟုတ်သည်။ ခြေသံမှ ခြေသံစစ်စစ်။ အတိအကျ ပြောရလျှင် မိန်းကလေးတစ်ဦးမှ လျှောက်လှမ်းနေသည့် ခြေသံမျိုး။ ခြေသံက နူးညံ့သိမ်မွေ့လွန်းနေသည်။ ထို့နောက် သူမမှ ဘေးဝယာသို့ အသာငဲ့စောင်းကြည့်ရင်း အခြေအနေကို အကဲခတ် စောင့်ကြည့်နေလိုက်၏။ အခုတော့လည်း တိတ်ဆိတ်မှုသာ စိုးမိုးနေပြီး ဘာသံမှ မကြားရပြန်။

ထိုစဉ် ဘေးချင်းယှဉ်လျက် တစ်ဖက်အခန်းဆီမှ...

"အား...အမယ်လေး...ကယ်ကြပါဦးတော်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ…ဘာဖြစ်လို့လဲ၊ ကြီးမေ''

တိုက်အတွင်း အော်ဟစ်သံ၊ ပြေးလွှားသံ၊ အမှောင်ထဲ ထိုင်ခုံများကို ဝင်တိုက်မိ၍ လဲပြိုသံ၊ မီးခလုတ်ဖွင့်သံ၊ မေးမြန်းစကားဆိုသံများဖြင့် ဆူညံပွက်လောရိုက်သွားသည်။ အသံလာရာမှာ တူမဖြစ်သူ၏ သတင်းဆိုးကို ကြားကြားချင်း စိုးရိမ်ပူပန်စွာဖြင့် တောင်ကြီးမှ ရောက်ရှိလာသော မေသူအဒေါ်တစ်ဝမ်းကွဲတော်စပ်သူ အန်တီကြီးမေ၏ တုန်လှုပ်ချောက်ချားစွာဖြင့် အော်ဟစ်လိုက်သည့်အသံ ဖြစ်၏။ ဒေါ်သူဇာမှ ညီမဖြစ်သူ၏ အခန်းဆီသို့ ကူးသွားသည့်အချိန်တွင်တော့ အိမ်သားများအားလုံးလိုလို (အိပ်မောကျနေသော မေသူ၏ တူမလေး သဇင်မှလွဲ၍) အန်တီကြီးမေအား ဝိုင်းဝန်းမေးမြန်းနေကြ၏။ အိမ်ရှင် ဦးရဲဇော်မှ…

''ကြီးမေ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲဟင်''

''ဟို…ဟို…''

အန်တီကြီးမေမှာ မေးသမျှကို တော်တော်နဲ့ မဖြေနိုင်ရှာသေးဘဲ မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့မှ ချွေးသီးချွေးပေါက်ကြီးများ ထွက်နေလျက် အသားများမှာ တဆတ်ဆတ်တုန်နေသည်။ အတန်ကြာမှ…





''သ…သရဲမကြီး…ဆံ…ဆံပင် ဖားလျားကြီးနဲ့၊ အ…အခန်းထဲကို…ဝင်…ဝင်လာတယ်''

ထိုအခါ သရဲကြောက်တတ်သော အိမ်အကူ ဒေါ်တုတ်မှ

''ဟာ…ဟုတ်လား၊ ကြီးမေကို ဘာ…ဘာလုပ်သွားသေးလဲ''

''ငါ့…ငါ့ခြေထောက် နှစ်ဖက်ကို စုကိုင်ပြီး ဧည့်…ဧည့်ခန်းထဲက ပန်းချီ…ပန်းချီကားကြီးနားအထိကို…ဒ…ဒရွတ်တိုက်ကြီး…ဆွဲ…ဆွဲချသွားတယ်''

''အမယ်လေး…''

ဒေါ်သူဇာနှင့် ဒေါ်တုတ်တို့မှာ မိန်းမသားများပီ ပြိုင်တူ လန့်အော်လိုက်ကြသည်။

''ပြီးတော့…သ…သရဲမက…ပန်း…ပန်းချီကားချပ်ကြီးထဲကို…ဝင်…ဝင်ပြီး…ပျောက်ကွယ်သွားတယ်…''

''ဒါဆို…ဒေါ်ကြီးမေက…အခန်းထဲကို ဘယ်လိုပြန်ရောက်နေရတာလဲ''

ဦးရဲဇော်မှ တွေးတွေးဆဆဖြင့် ဝင်မေးလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်...ဒါက ကျွန်မရဲ့ ခန္ဓာကိုယ်ကို ဆွဲချသွားတာမှ မဟုတ်တာ"

"ဗျာ...နားရှုပ်သွားပြီဗျာ၊ ဒါဖြင့်..."

"ဒါက ဒီလိုပါ၊ ကျွန်မရဲ့ ဝိညာဉ်ကို သူ့ရဲ့ဝိညာဉ်က ဆွဲချသွားတာပါ၊ ခန္ဓာကိုယ်ကြီးကတော့ ကုတင်ပေါ်မှာပဲ ကျန်ခဲ့တာပေါ့၊ ပီကေတွေ အမျှင်တန်းသလိုမျိုး ပါသွားတာပါ၊ ဥပမာ ပြောရရင် ထမင်းလုံးတစ္ဆေခြောက်လိုက်သလိုပဲ၊ ငြိမ့်ခနဲဖြစ်ပြီး ပါသွားတာ၊ နောက်မှ ကျွန်မက သတိဝင်လာပြီး ဘုရားစာရွတ်လိုက်လို့ ထွက်ပြေးသွားတာပါ"

*(မှတ်ချက် - ဤသို့ ကုတင်ပေါ်မှ ဆွဲအချခံရခြင်းမျိုး ....ခုနစ်က အိန္ဒိယကို ဗုဒ္ဓဂယာဘုရားဖူးသွားရင်း နယူးဒေလီ ဟိုတယ်၌ တည်းခိုစဉ် ကျွန်ုပ်ကိုယ်တိုင် သည်းထိတ်ရင်ဖို ကြုံတွေ့ခဲ့ရပါသည်။ စာရေးသူ)*

ဒေါ်ကြီးမေစကားကြောင့် အိမ်သားအားလုံး ဘုရားတမိ သွားကြသည်။ တစ်ဦးနှင့်တစ်ဦးလည်း ပိုမို၍ ပူးကပ်မိသွားကြ သည်။ ထိုစဉ်...

"အမေကြီး...အမေကြီး...သမီးကြောက်တယ်၊ အီး...





ဟီး...ဟီး..."

အခန်းထဲသို့ ငိုယိုပြီး ပြေးဝင်လာသူက ဒေါ်ကြီးမေ၏ သမီးဖြစ်သူ သဇင် ဖြစ်သည်။ မိခင်ဖြစ်သူအား တစ်စုံတစ်ရာကို ကြောက်ရွံ့နေဟန်ဖြင့် ဖက်တွယ်ထားရင်းမှ ငိုနေ၏။ ဒေါ်သူဇာမှ

"သမီးလေး...သမီးလေး...ဘာဖြစ်လို့လဲဟင်"

ထိုအခါ သဇင်မှ နောက်ကျောမလုံဟန်ဖြင့် မျက်ကလဲ ဆန်ပြာဖြင့် အခန်းပတ်ချာလည်သို့ ဝေ့ဝဲကြည့်ရှုရင်း...

"အန့်တီလေးကို..အန့်တီလေးကို..တွေ့..တွေ့လိုက်ရလို့"

"အို...ဘယ်နေရာမှာ တွေ့လိုက်တာလဲ သမီး"

"သမီးလည်း အမေကြီးတို့ အသံတွေကြားလို့ လန့်နိုး လာတာ၊ ပြီးတော့ သမီးရဲ့အခန်းကနေ အမေကြီးတို့ အခန်းဘက် ဆီကို ကူးအလာ၊ ကြောင်လိမ်လှေကား အတက်အဆင်းအကွေ့ နားမှာ အန့်တီလေးကို တွေ့လိုက်ရတာ"

"ဒါဆို လာ..သမီး၊ အမေတို့ သွားကြည့်ကြရအောင်"

အိမ်သားများအားလုံး တစ်ဦးလက်ကို တစ်ဦးတွဲ၍ သရဲမ ကို တွေ့လိုက်ရသည်ဆိုသော ကြောင်လိမ်လှေကားရှိရာသို့ သွား ရောက်ကြည့်ရှုကြတော့ သရဲနှင့်တူသော အရိပ်အယောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့၊ မမြင်ကြရတော့။ ထို့ကြောင့် သရဲမနှင့် ရင်ဆိုင်တွေ့လိုက်ကြရသည်ဆိုသော ဒေါ်ကြီးမေနှင့် သမီးဖြစ်သူ သဇင်တို့၏ စကားကို ကျန်လူများက ဒွိဟစိတ်ဖြင့် သံသယဝင်နေကြ၏။ သို့သော် ထိုသံသယတို့ ကြာရှည်မခံပါ။ အိမ်နောက်ဖေးရှိ ထမင်းစားခန်းဆီမှ…

"ဒုန်း…ဝုန်း…ဒုန်း"

ဟူသော ကုလားထိုင်များကို ဆွဲယူသံ၊ ခုံအချို့ လဲပြိုကျသံတို့ သိသိသာသာ ဆူညံစွာ ထွက်ပေါ်လာသည့်အခါ အိမ်သားအားလုံး မျက်စိမျက်နှာပျက်သွားကြရတော့၏။

ထို့နောက် တစ်ဦးလက်ကို တစ်ဦးက ယခင်ကထက် ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိကြရင်း ထမင်းစားခန်းဆီသို့ အားလုံး ချီတက်ပြီး ကြည့်ရှုကြသော်…

"ဟာ…ဟိုမှာ…ဟိုမှာဟေ့၊ ဆံပင်ဖားလျားချထားတဲ့ မိန်းကလေးတစ်ယောက် မီးဖိုချောင်အပေါက်ကနေ အိမ်အပြင်ကို ထွက်ပြေးသွားတယ်"

"ဟာ…ဟုတ်တယ်ဟေ့"

"အမယ်လေး…လေး…သရဲ…သရဲတော့"





နာဒု ၂ဘာဘာ၀၊ ပရလောကတို့ကို မယုံကြည်သူများအားလုံး သရဲမနှင့် နဖူးတွေ့၊ ဒူးတွေ့ ပက်ပင်းတွေ့မိကြသောအခါ အာမေဋိတ်သံများ ဆူညံသွားကြရတော့သည်။ အဆိုးဆုံးက တောင်ကြီးမှ ဒေါ်ကြီးမေပင်တည်း။ မနက်မိုးလင်းသည်နှင့် ခရီးဆောင်အိတ်ကတစ်ဖက်၊ သဇင်ကိုတစ်ဖက် လက်ကဆွဲ၍ နေရပ်ဇာတိ တောင်ကြီးမြို့သို့ ချက်ခြင်းပြန်သွားလေ၏။

(မှတ်ချက် - ဤဖြစ်ရပ်များ ဖြစ်ပေါ်နေချိန် ကွယ်လွန်အနိစ္စရောက်နေရှာသူ မေသူမှာ ၇ ရက်ရှိပြီ ဖြစ်သည်။)

၃

"မေမေ…မေမေ…"

မိန်းကလေးတစ်ဦး၏ ခေါ်သံကြောင့် ဒေါ်သူဇာ လှည့်ကြည့်လိုက်မိသည်။ အို…သမီး မေသူပါလား။ သမီးကို ဒေါ်သူဇာ သေသေချာချာ ကြည့်လိုက်မိတော့ သမီးလေး၏ မျက်နှာသည် တစ်ခုခုကို ပြောပြချင်နေသယောင် ဖျော့တော့ညှိုးငယ်နေသည်။ မော်ဒယ်စိမ်းရောင်နှင့် Mini Korea ဆွဲသားအကျႌ(စီးကွင်းပါ)



www.burmeseclassic.com

www.burmeseclassic.com



Skirt တို လိမ္မော်ရောင်ကို ဝတ်ဆင်ထားသည်။ သို့သော် အဝတ်အစားများတွင် စွန်းထင်းနေသော သွေးကွက်အချို့ကို တွေ့ရှိရသည်။ ဩော်...သမီးသည် ၆ လက်မ အမြင့်ရှိ အနီရောင် ဒေါက်မြင့်ဖိနပ်ကိုလည်း စီးထားသေး၏။ ထို့နောက် ရွှင်လန်းပုံမရသော သမီးမှ ဒေါ်သူဇာ ရှိရာသို့ တစ်လှမ်းချင်း လှမ်းလာရင်း

"မေမေ...သမီး...မေမေ့ဆီကို ပြန်လာချင်တယ်"

"လာချင်တာများ သမီးရယ်၊ လာပေါ့"

"အရင်တုန်းက လာချင်ရင် လာလို့ရပေမယ့် အခုတော့ မရတော့ဘူး အမေရဲ့"

"ဟင်...ဘာဖြစ်လို့တုန်း သမီးရဲ့"

"သမီးနဲ့ အမေက...သမီးနဲ့ အမေက...အီးဟီးဟီး...ဟင့် ဟင့်"

"ပြော...ပြောလေ သမီးရဲ့၊ ဘာဖြစ်လို့လဲ"

"သမီးနဲ့ အမေက ဘဝခြားနေပြီ အမေရဲ့၊ အဟင့် ဟင့်"

"အို..."

"ဟုတ်တယ် အမေ၊ သမီးက သေခါနီးအချိန်မှာ ပန်းချီ





ကားကို စွဲလမ်းစိတ်နဲ့ ပရလောကဘုံကို ရောက်နေတာ၊ ဒါကြောင့် ၇ ရက်ပြည့်လို့ ဆွမ်းသွတ်တာတောင် သမီး မကျွတ်တာပေါ့"

"ဖြစ်မှ ဖြစ်ရလေ သမီးရယ်..."

"နောက်ပြီး သမီးတို့ ဝိညာဉ်ဘုံသားတွေရဲ့ ဘဝက အရမ်းကို အနေဆင်းရဲ အစားဆင်းရဲတယ် အမေ၊ အစာထွက်ရှာတာတောင် အချိန်နဲ့ ထွက်ရတာ၊ ည ၁ နာရီကနေ မနက် ၃ နာရီအထိ ထွက်ခွင့်ရတာလေ၊ အခုဆို မနက် ၃ နာရီကျော်တော့မှာမို့ သမီး နေလို့မရတော့ဘူး၊ သွားရတော့မယ်"

"ဘယ်...ဘယ်ကို သွားရမှာလဲ သမီးရဲ့"

"ဒီလိုပါ၊ သမီးတို့ ဝိညာဉ်ဘုံမှာလည်း လူတွေလိုပဲ အဆင့်ဆင့်အုပ်ချုပ်တဲ့သူတွေ ရှိပါတယ်၊ ဆောင်ရန် ရှောင်ရန် စည်းကမ်းချက်တွေလည်း ရှိပါတယ်၊ ဥပမာ - မလိုအပ်ဘဲ ကိုယ်ထင်မပြရဘူး၊ သတ်မှတ်ထားတဲ့ ပိုင်နက်နယ်မြေထက် ကျော်ပြီး မသွားရဘူး၊ ဒီနေရာမှာ ကိုယ်ထင်ပြတာကို တချို့က ခြောက်လှန့်တယ်လို့လည်း အထင်လွဲတတ်ကြတယ်၊ အမှန်က ဒီအချက်တွေနဲ့ညီမှ ကိုယ်ထင်ပြရတာပါ"

(၁) အမျှအတန်း လိုချင်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



(၂) ခင်သူတွေကို သတိပေးနှုတ်ဆက်ချင်တဲ့အခါ

(၃) လိပ်ပြာလှသူတွေ(သို့မဟုတ်)ကူညီချင်စိတ် မေတ္တာ၊ စေတနာ၊ ကရုဏာ ရှိသူတွေကို အကူအညီ တောင်းလိုတဲ့အခါ

(၄) မိမိတို့၏ ဘဝဆိုးကို လူ့ဘုံမှ ခင်သူများ သိစေချင်တဲ့အခါမျိုးတွေမှာ ကိုယ်ထင်ပြပါတယ်။

ဒါပေမဲ့ နံပါတ်(၅)အချက်မှာတော့ လူတွေ အများဆုံး ထင်နေကြတဲ့ ခြောက်လှန့်တာမျိုးကို မလွှဲမရှောင်သာလို့ လုပ်ရပါတယ်။ လောဘ၊ ဒေါသ၊ မောဟစိတ်တွေ ဖုံးလွှမ်းနေတဲ့သူတွေကို ဆုံးမတဲ့အနေနဲ့ ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်နဲ့ ကိုယ်ထင်ပြ(ခြောက်လှန့်)ရပါတယ်။

"ကဲ...မေမေ၊ မနက်မိုးလင်းခါနီးနေပြီဆိုတော့ သမီး ဒီမှာ အကြာကြီးနေလို့မရတော့ဘူး၊ သမီးကို အုပ်ချုပ်တဲ့ နှစ် (၁၀၀) သက်တမ်းရှိတဲ့ စိနီယာတစ္ဆေကြီးက ခေါ်နေပြီ၊ သူတို့က တစ်ခါတလေ မထင်ရင် မထင်သလို သမီးကို ရိုက်နှက်တတ်ကြသေးတယ်"

"အို...သမီး၊ သမီးလေးက သွားတော့မလို့လား"





"အမေ...သမီးကိုချစ်ရင် ဒီဘဝဆိုးကြီးထဲက သမီးကို လွတ်မြောက်စေချင်ရင် သမီးလူ့ဘဝတုန်းက အမြတ်တနိုးနဲ့ ဝယ်ပြီး သိမ်းဆည်းထားတဲ့ ပန်းချီကားကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါ အမေ၊ ကဲ...သမီး သွားတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ်"

"သမီး...

သမီး...

သမီး..."

□

ဒေါ်သူဇာ အိပ်မက်ဆိုးမှ လန့်နိုးလာခဲ့သည်။ ဆောင်းတွင်းကာလ ညချမ်းမျိုးမှာပင် ခန္ဓာကိုယ်အနှံ့ ချွေးများဖြင့် ရွှဲနစ်နေသည်။ အိပ်မက်ထဲမှ သမီးလေး၏ ရုပ်ပုံကို ယခုထက်တိုင် မြင်ယောင်နေဆဲ။ သမီးလေး၏ အသံကို ကြားယောင်နေဆဲ။ မိမိ ဘာလုပ်ရမည်နည်း။

နောက်ဆုံး ချစ်ရသော တစ်ဦးတည်းသော သမီးလေး အတွက် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤကား နံနက်မိုးလင်းသည်နှင့် သမီးဖြစ်သူ မေသူနှင့် ရုပ်ချင်းခွဲမရအောင် တူလှသော မိန်းကလေးပုံ ပန်းချီကား (သို့မဟုတ်) မေသူ၏ ဝိညာဉ် ဝင်ရောက်ပူးကပ်နေသော ပန်းချီကားကြီးအား မီးရှို့၍ ဖျက်ဆီးပစ်လိုက်ပါတော့သည်။

ထိုအချိန်မှစ၍ ဒေါ်သူဇာတို့ အိမ်ကြီးအတွင်း၌ အသံပေး ခြောက်လှန့်နေမှုများ၊ ပန်းချီကားထဲမှ အမျိုးသမီးရုပ်ပုံသည် မကြာခဏဆိုသလို အမူအရာအမျိုးမျိုး ပြောင်းလဲနေခြင်း၊ ရုပ်ပုံ၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ စီးကျနေခြင်း၊ မေသူ၏ လူမနေသော အိပ်ခန်းတွင်းမှ တံခါးဖွင့်ပိတ်သံများ၊ လမ်းလျှောက်သံများ၊ ထိုင်ခုံကို တွန်းရွှေ့သံများ၊ ငိုရှိုက်သံများ၊ တောက်ခေါက်သံများ၊ အခန်းမီးခလုတ် ဖွင့်ပိတ်သံများ၊ ရေချိုးခန်း၊ အိမ်သာတို့မှ ရေကျသံများ၊ ဖန်ခွက်ကျကွဲသံများ စသည်တို့ ရုပ်တန့်သွားတော့သည်။

နောက်တစ်နေ့ညတွင်တော့ ဒေါ်သူဇာအား မေသူမှ အိပ်မက်ပေးလာပြန်သည်မှာတော့ ယခင်ညမှ အိပ်မက်ထဲကလို ညိုးငယ်၍ နွမ်းလျနေသော အမူအရာ မဟုတ်တော့၊ ပျော်ရွှင်မြူးတူးနေသည့်ဟန်ဖြင့်…

"မေမေ…မေမေ…အခုဆိုရင် သမီး စွဲလမ်းစိတ်နှင့်





မှီတွယ်ရာ ပန်းချီကားလည်း မရှိတော့ဘူးဆိုတော့ အရမ်းကို လွတ်လပ်ပေါ့ပါးသွားပါပြီ။ သမီးကို ဖိနှိပ်ချုပ်ချယ်ထားကြတဲ့ သမီးအထက်က တစ္ဆေသဘက်ကြီးတွေကလည်း အခုဆိုရင် သမီးကို အမိန့်ပေးမခိုင်းစေနိုင်တော့ဘူး၊ နိုင်ထက်စီးနင်း ကြီးနိုင် ငယ်ညှဉ်းတွေ မလုပ်နိုင်ကြတော့ဘူး။ အဲဒါက အမေတို့ သမီး အတွက် ဘုန်းကြီးဆွမ်းကျွေး အလှူပြုလုပ်ပေးကြတဲ့ ကုသိုလ် ကောင်းမှုတွေကို သမီးက အချိန်မှီ သာဓု(၃)ကြိမ် ခေါ်လိုက်မိတဲ့ အစွမ်းတွေကြောင့်ပေါ့"

"ဪ…ဟုတ်လား၊ ကြားရတာ ဝမ်းသာလိုက်တာ သမီးရယ်၊ ဒါနဲ့ သမီး အမေတို့ဆီမှာ ပြန်ဝင်စားလို့ မရဘူးလား သမီး၊ သမီးပဲ ပြောဖူးတယ်လေ၊ အမေတို့ဆီ ပြန်လာချင်တယ်ဆို"

"ပြန်တော့ လာချင်တာပေါ့ အမေရယ်၊ ဒါပေမဲ့ မေမေက အခု အသက် ၅၀ ကျော်နေပြီဆိုတော့ လူအဖြစ် ပြန်ဝင်စားလို့ မရတော့ဘူး မေမေ၊ နောက်ပြီး တခြား ကိုယ်နဲ့မသိတဲ့သူတွေရဲ့ ဝမ်းထဲမှာလည်း သမီး ပြန်မဝင်စားချင်ဘူး အမေ"

"ဒါ…ဒါဆို သမီးနဲ့ အမေ ပြန်မတွေ့ရတော့ဘူးပေါ့ နော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မေသူမှ ဝမ်းနည်းသံစွက်နေသော အသံဖြင့်…

“မေမေရယ်…လူ့ဘဝဆိုတာက ဒီလိုပါပဲ၊ မရေမတွက်နိုင်တဲ့ ဘဝသံသရာတစ်လျှောက်မှာ လူကိုင်းဟာ အမေဖြစ်လိုက်၊ သမီးဖြစ်လိုက်၊ အဖေဖြစ်လိုက်၊ သားဖြစ်လိုက်နဲ့ လူအဖြစ် ပြန်ဝင်စားခဲ့ဖူးကြသူတွေချည်းပါပဲ၊ သမီးကတော့ အခုချိန်မှာ ငိုလိုက်ရယ်လိုက်၊ နိမ့်လိုက် မြင့်လိုက်နဲ့ လူ့လောကဇာတ်ခုံကြီးကို ငြီးငွေ့သွားပါပြီ။ တရားနဲ့ပဲ ဖြေလိုက်ပါတော့ အမေရယ်၊ အခုဆိုရင် သမီးက လူ့ဘဝတုန်းက ဝါတွင်းကာလ လမ်းထဲမှာ စီတန်းပြီး ကြွလာကြတဲ့ သံဃာတော်တွေကို ထွက်ပြီးဆွမ်းလောင်းဖူးတဲ့ အကျိုးကြောင့် သမီးကို နတ်ဘုံက နတ်ပန်းရထားက လာခေါ်နေပြီ၊ မေမေရယ်…မေမေ ဖေဖေနဲ့ ကျန်လူတွေကို အားလုံးကို သမီး ဒီနေရာကနေပဲ နှုတ်ဆက်ခဲ့ပါတယ်နော်”

ဟု ပြောပြီး မေသူ၏ ပုံရိပ်သည် မြူနှင်းများသဖွယ် တဖြည်းဖြည်း ဝေဝါး၍ ပျောက်ကွယ်သွားသည့် အိပ်မက်သည်သာ ဒေါ်သူဇာအတွက် မေသူနှင့် နောက်ဆုံးတွေ့ဆုံခြင်း ဖြစ်ပါတော့သတည်း။

စိုးမိုးနိုင်

အရှေ့ဘက်ကောင်းကင်စာပေ









www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

တာတေ စီစဉ်သည့်

# ပဉ္စလက်မှော်

တာတေ၊ မင်းဘုန်းသိခ်သူ၊ မောင်မောင်မိုးအောင်၊ ဘိုးသာဒင်၊ စိုးမိုးနိုင်



www.burmeseclassic.com